# “ဒုက္ခပင်လယ်ဝေခြင်း”

## မြန်မာနိုင်ငံ ကချင်ပြည်နယ်တွင် စစ်တွင်း ညှဉ်းပန်းမှုများနှင့် အဓမ္မ ပြောင်းရွှေ့စေခိုင်းခံရသဖြင့် အိုးအိမ်ယာမဲ့ဖြစ်ရခြင်းများ

© ၂၀၀၂ ခုနှစ် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့
မူပိုင်ခွင့်အားလုံး ရယူထားသည်။
အမေရိကန်ပြည်ထောင်စုတွင် ပုံနှိပ်သည်။
ISBN: 1-56432-926-7
မျက်နှာဖုံး ဒီဇိုင်း ရေးဆွဲသူ - ရာဖာရဲလ် ဟီမဲနဲဇ် (Rafael Jimenez)

လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့မှ ကမ္ဘာတဝှမ်းရှိ လူသားများ၏ လူ့အခွင့်အရေးကို ကာကွယ်ရန် သံန္နိဌာန် ချထားသည်။ ခွဲခြားဆက်ဆံမှုများကို တားဆီးရန်၊ နိုင်ငံရေးလွတ်လပ်မှုကို ကာကွယ်ရန်၊ စစ်တွင်းကာလ လူသားများအပေါ် လူမဆန်သည့် ပြုကျင့်မှုများမှ ကာကွယ်ရန်နှင့် ပြစ်မှုကျူးလွန်သူများအား တရားမျှတမှုဘောင်သို့ ခေါ်ဆောင်နိုင်ရန်အတွက် နှစ်နာသူများနှင့် နိုင်ငံရေး၊ လူမှုရေး ပြောင်းလဲမှုများအတွက် လှုပ်ရှားသူများဘက်မှ ရပ်တည် လုပ်ဆောင်သည်။ လူ့အခွင့်အရေးချိုးဖောက်မှုများကို ကျွန်တော်တို့ စုံစမ်းစစ်ဆေးပြီး ဖော်ထုတ်ကာ ကျူးလွန်သူများအား တာဝန်ယူစေမည်။ မတရားညှဉ်းပန်းမှုများ အဆုံးသတ်ပြီး၊ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများကို လေးစားရန် အစိုးရများနှင့် အာဏာကိုင်စွဲထားသူများကို ကျွန်တော်တို့ တိုက်တွန်းသည်။ လူသားအားလုံး၏ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို အားပေးထောက်ခံရန် ပြည်သူနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းကို ကျွန်တော်တို့ စည်းရုံး လှုံ့ဆော်သည်။

လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့သည် နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်ပြီး နိုင်ငံပေါင်း ၄၀ ကျော်တွင် ဝန်ထမ်းများရှိပြီး အမ်စတာဒမ်၊ ဘာလင်၊ ဘရပ်စဲလ်စ်၊ ချီကာဂို၊ ဂျနီဗာ၊ ဂိုမာ၊ ဂျွန်ဟားနက်စ်ဘက်၊ လန်ဒန်၊ လော့စ်အိန်းဂျလစ်၊ မော်စကို၊ နိုင်ရိုဘီ၊ နယူးယောက်၊ ပဲရစ်၊ ဆန်ဖရန်စစ္စကို၊ တိုကျို၊ တိုရွန်တို၊ တူးနစ်၊ ဝါရှင်တန် ဒီစီနှင့် ဇူးရစ်မြို့များတွင် ရုံးခွဲများထားရှိသည်။

သတင်းများ ပိုမိုသိရှိလိုပါက ကျွန်တော်တို့၏ အင်တာနက်လိပ်စာ http://www.hrw.org သို့ သွားရောက်လေ့လာ နိုင်ပါသည်။

HUMAN RIGHTS WATCH

**MARCH 2012** 1-56432-926-7

# “ဒုက္ခပင်လယ်ဝေခြင်း”

## မြန်မာနိုင်ငံ ကချင်ပြည်နယ်တွင် စစ်တွင်း ညှဉ်းပန်းမှုများနှင့် အဓမ္မ ရွှေ့ပြောင်းစေခိုင်းခံရကာ အိုးအိမ်ယာမဲ့ဖြစ်ရခြင်း

**မြန်မာနိုင်ငံမြေပုံ** ..... i

**ကချင်ပြည်နယ် အသေးစိတ်မြေပုံ** ..... ii

**အကျဉ်းချုပ်** ..... 1

အဓိက အကြံပြုချက်များ ..... 5

မြန်မာအစိုးရ လုပ်သင့်သည့်အရာများ ..... 5

ကမ္ဘာ့ကုလသမဂ္ဂ၊ အာဆီယံ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ဩစတြေးလျ၊ တရုတ်၊ ရုရှ၊ အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂ၊ ဂျပန်နိုင်ငံတို့ လုပ်သင့်သည့်အရာများ ..... 5

**စာတမ်းပြုစုသည့် နည်းစနစ်** ..... 7

၁။ ကချင်ပြည်နယ် လက်နက်ကိုင် ပဋိပက္ခ ..... 9

ကချင်ပြည်နယ် နိုင်ငံရေးသမိုင်း အကျဉ်းချုပ် ..... 9

ကချင်ပြည်နယ် လက်နက်ကိုင် ပဋိပက္ခနှင့် မတရား ညှဉ်းပန်းမှုများ။ ။ ၁၉၆၁ - ၁၉၉၄ ..... 10

၁၉၉၄ ခုနှစ်မတိုင်မီ လူ့အခွင့်အရေးချိုးဖောက်မှုများ ..... 12

၂၀၁၁ ခုနှစ် လက်နက်ကိုင်ပဋိပက္ခများ အသစ်တဖန် မပေါ်ပေါက်မီ အဖြစ်အပျက်များ ..... 13

ကချင်ပြည်နယ်တွင် အသစ်တဖန်ပေါ်ပေါက်လာသော လက်နက်ကိုင်ပဋိပက္ခများ (၂၀၁၁ ခုနှစ် ဇွန်လမှ လက်ရှိကာလအထိ) ..... 15

မြန်မာနိုင်ငံမြောက်ပိုင်း အဓိက အခြေခံအဆောက်အဦး စီမံကိန်းများ ..... 16

တာပိန်ရေအားလျှပ်စစ် ရေကာတာ အမှတ် ၁ ..... 17

မြစ်ဆုံ ရေအားလျှပ်စစ် ရေကာတာ ..... 18

မြန်မာ-တရုတ် ရေနံနှင့် ဓာတ်ငွေ့ပိုက်လိုင်းများ ..... 19

**၂။ ကချင်ပြည်နယ်တွင် မြန်မာ့တပ်မတော်၏ မတရားညှဉ်းပန်းမှုများ** ..... 22

ကလေးများအား ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အဓမ္မလုပ်အားပေးစေခြင်း ..... 22

အရပ်သားများနှင့် အရပ်သားပိုင်ပစ္စည်းများအား ဖျက်ဆီးတိုက်ခိုက်ခြင်း ..... 25

ညှဉ်းပန်းနှိပ်စက်ခြင်း၊ ရိုက်နှက်ခြင်းနှင့် အခြားမသင့်တော်သော ဆက်ဆံခြင်းများ ........ 27
မုဒိန်းမှုနှင့် လိင်အရ အကြမ်းဖက်မှုများ ........ 31
အဓမ္မစေခိုင်းမှု ........ 34
ဥပဒေပြင်ပမှ သတ်ဖြတ်ခြင်းများ ........ 38
ဥစ္စာပစ္စည်းများကို ဖျက်ဆီးခြင်း ........ 39
ကလေးစစ်သားများ ........ 42
လူသေစေသည့် မြေမြှုပ်မိုင်းများ ........ 45

**၃။ ကချင်လွတ်မြောက်ရေးတပ်၏ အခွင့်အရေးချိုးဖောက်မှုများ ........ 48**
ကလေးစစ်သားများ ........ 48
မြေမြှုပ်မိုင်းများ ........ 50

**၄။ မြန်မာနိုင်ငံ ပြည်တွင်း ရှာပုန်းရှာရှောင် ကချင်လူထုအား အကာအကွယ်ပေးခြင်း ........ 51**
အိုးအိမ်မဲ့များ၏ ဒုက္ခ ........ 52
အစားအစာ လုံခြုံရေး ........ 53
လူသားချင်းစာနာမှု ရယူနိုင်ခြင်း ........ 54

**၅။ နိုင်ငံတကာ လူသားချင်းစာနာမှုနှင့် လူ့အခွင့်အရေးဥပဒေ ........ 59**

**၆။ အကြံပြုချက်များ ........ 65**
မြန်မာအစိုးရထံသို့ ........ 65
မြန်မာလွှတ်တော်ထံသို့ ........ 66
မြန်မာစစ်ဦးစီးချုပ်ထံသို့ ........ 67
အမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံသို့ ........ 67
ကချင်လွတ်မြောက်ရေးအဖွဲ့အစည်းထံသို့ ........ 68
နိုင်ငံတကာ လူသားချင်းစာနာမှုအဖွဲ့အစည်းများနှင့် အလှူရှင်အသိုင်းအဝိုင်းထံသို့ ........ 68
နိုင်ငံဆိုင်ရာ ကုလသမဂ္ဂအဖွဲ့နှင့် မြန်မာနိုင်ငံအခြေစိုက် ကုလသမဂ္ဂအဖွဲ့အစည်းများထံသို့ ........ 69
နိုင်ငံတကာအလုပ်သမားအဖွဲ့အစည်းထံသို့ ........ 69
ဩစတြေးလျ၊ တရုတ်၊ ရုရှ၊ အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂနှင့် ဂျပန်နှင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ အစိုးရများထံသို့ ........ 70

**ကျေးဇူးတင်လွှာ ........ 71**

# မြန်မာနိုင်ငံမြေပုံ




©Human Rights Watch, 2012

# ကချင်ပြည်နယ် အသေးစိတ်ပြ မြေပုံ




©Human Rights Watch, 2012

# အကျဉ်းချုပ်

ကျနော့်ဖိုက်ကိုဓားနဲ့တွေ့ပြီးတော့ ကျနော့်ညီရဲ့ လည်ပင်းကို ဓားနဲ့တွေ့လိုက်တယ်.... ကျနော်တို့ကို KIA [ကချင်လွတ်မြောက်ရေးတပ်] ဘယ်မှာလဲလို့ ထပ်တလဲလဲမေးပြီး၊ ဘယ်အိမ်တွေမှာ လက်နက်တွေ ဝှက်ထားလဲလို့ မေးတယ်။ ပြီးတော့ အဲဒီစစ်သားက "မင်းငါတို့ကိုမပြရင်၊ ငါတို့မေးတာ မဖြေရင် မင်းကိုသတ်ပစ်လိုက်ပြီး လက်တွေ ဖြတ်လိုက်မယ်" လို့ပြောတယ်။ ပြီးတော့ ကျနော်တို့ကို ကြိုးနဲ့တုပ်ထားလိုက်တယ်။

—"မောင်အေ"၊ အသက် ၁၆ နှစ်၊ ၁၄ နှစ်အရွယ် ညီဖြစ်သူနဲ့အတူ ညှဉ်းပမ်းနှိပ်စက်ခံရပြီး ကချင်ပြည်နယ် ရွှေ့တန်းမှာ အတင်းအကြပ် ပေါ်တာထမ်းခိုင်းခံရသူ။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ။

စစ်သားတွေက အမျိုးသမီးတွေကို လာခေါ်ပြီး တစ်တဲပြီးတစ်တဲ ခေါ်သွားကြတယ်။ ကျနော်တို့က အရမ်းကြောက်တဲ့အတွက် တစ်ညလုံး မကြည့်နိုင်ကြဘူး။ နောက်နေ့မနက်မှာ အမျိုးသမီးတွေ လမ်းကောင်းကောင်း မလျှောက်နိုင်ကြဘူး။ နာနေကြပုံပေါ်တယ်။ ခါးကုန်းပြီး လမ်းလျှောက်ကြတယ်။ ငိုလည်းငိုနေကြတယ်။

—**"အမ်ဆိုင်း"** အသက် ၂၃ နှစ်၊ ၁၉ ရက်ကြာ ရွှေ့တန်းတွင် အတင်းအကြပ် ပေါ်တာထမ်းခိုင်းခံရသူ။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ။

၂၀၁၁ ခုနှစ် သမ္မတရာထူးအပ်နှင်းစဉ် ပြောကြားသည့်မိန့်ခွန်းတွင် မြန်မာနိုင်ငံသမ္မတ ဦးသိန်းစိန်က မြန်မာနိုင်ငံ၏ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်ရေးကို အလေးထားပြောဆိုခဲ့ပြီး မြန်မာနိုင်ငံရှိ နှစ်ပေါင်း ၆၀ ကျော်ကြာ တိုင်းရင်းသားစစ်ပွဲများမှာ "တစ်ယူသန်စွဲဝါဒ၊ ဘာသာရေးဆိုင်ရာ အစွန်းရောက်မှု၊ လူမျိုး**ကြီးဝါဒ"** တို့ကြောင့်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူနည်းစုတို့မှာ "ဖော်မပြနိုင်အောင် များပြားသော စိတ်ဆင်းရဲမှု ဒဏ်" နှင့် ကြုံခဲ့ရကြောင်း ၎င်းကဆိုပါသည်။

၎င်းက ဤသို့ပြောဆိုခဲ့သော်လည်း မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်ရှိ ကချင်တိုင်းရင်းသား လူနည်းစု အတွက် စိတ်ဆင်းရဲစရာများ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သည်။ ၁၇ နှစ်ကြာ အပစ်အခတ်ရပ်စဲပြီးနောက် ၂၀၁၁ ခုနှစ် ဇွန်လတွင် မြန်မာ့တပ်မတော်မှ သူပုန် ကချင်လွတ်မြောက်ရေးတပ် (KIA) အပေါ် စစ်ဆင်ရေး စတင်ခဲ့သဖြင့် အရပ်သား သောင်းပေါင်းများစွာအပေါ်သက်ရောက်သည့်လူသားချင်းစာနာမှုဆိုင်ရာ ပြဿနာနှင့် ကြုံနေရသည်။ ၎င်းတို့အပေါ်မြန်မာ့တပ်မတော်မှ ကြီးလေးသော မတရားညှဉ်းပန်းမှုများ ကျူးလွန် လျက်ရှိပါသည်။ တပ်မတော်မှ KIA အပေါ်တိုက်ပွဲများကို ရပ်စဲပြီး မိမိကိုယ်ကို ကာကွယ်ရန်သာ ပစ်ခတ်ရန် နိုင်ငံတော် သမ္မတမှ တောင်းဆိုခဲ့သော်လည်း နှစ်ဖက်စလုံးမှ စစ်ဆင်ရေးများ ဆက်လက်ရှိနေဆဲ ဖြစ်သည်။

၂၀၁၁ ခုနှစ် ပြီးခဲ့သည့် ခြောက်လအတွင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ ကချင်ပြည်နယ်ဒေသသို့ နှစ်ကြိမ်သွားရောက်ခဲ့ပြီး စခန်းကိုးခုရှိ ပြည်တွင်းအိုးအိမ်နေရာမဲ့သူများ (IDPs) ထံ သွားရောက်ခဲ့ပြီး ဒုက္ခသည်များ ထွက်ပြေးတိမ်းရှောင်သွားသည့် တရုတ်ပြည် ယူနန်ဒေသနေရာများသို့ သွားရောက်ခဲ့ပါသည်။

ဤအစီရင်ခံစာကို စစ်ကြောင့် အိုးအိမ်မဲ့နေရာမဲ့သူများ၊ ဒုက္ခသည်များ၊ မတရား ညှဉ်းပန်းခံရသူများထံ သွားရောက်စဉ် ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းမှုများအပြင်၊ ကေအိုင်အေ ကိုယ်စားလှယ်များ၊ မြန်မာ့တပ်မတော်မှ တပ်ပြေးများ၊ လူသားချင်းစာနာမှု အထောက်အပံ့ပေး ဝန်ထမ်းများနှင့် ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းမှုပေါင်း ၁၀၀ ကျော်အပေါ် အခြေခံကာ ရေးသားထားပါသည်။ အောက်ခြေ အဖြစ်အပျက်များကို ကျွန်တော်တို့ ဆက်လက် စောင့်ကြည့်နေပြီး ၂၀၁၂ ခုနှစ် မတ်လအထိ နောက်ဆက်တွဲ သုတေသနပြုလုပ်ခဲ့ပါသည်။

မြန်မာစစ်သားများက ကချင်ရွာများကို တိုက်ခိုက်ပုံ၊ အိမ်များဖြိုဖျက်ပုံ၊ ပစ္စည်းများ လုယူပုံ၊ လူသောင်းပေါင်း များစွာကို အတင်းအကြပ်ရွှေ့ပြောင်းခိုင်းပုံများကို အရပ်သားကချင်ပြည်သူများက လူ့အခွင့်အရေးစောင့်ကြည့်ရေး အဖွဲ့အား ပြောပြပါသည်။ အရပ်သားကချင်ပြည်သူအပေါ် စစ်သားများက ခွဲခြားသုံးသပ်ခြင်းမရှိဘဲ တမင်သက်သက် လက်နက်ငယ်များ၊ မော်တာများနှင့် ပစ်ခတ်ကြပါသည်။ အသက် ၄၀ အရွယ် ကချင် အမျိုးသမီးတစ်ဦး၏ ပြောဆိုချက်အရ၊ ဥပမာ၊ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့တွင် စစ်သားများက "ကျမတို့ ရွာထဲကို မော်တာနဲ့ သုံးကြိမ်ပစ်လို့.... ကျမတို့ ထွက်ပြေးကြပါတယ်။" မြန်မာစစ်တပ်မှ တပ်ပြေးတစ်ဦးက ၎င်း၏တပ်ရင်းမှ ဒဂ်ီး ရွာသားများ ထွက်ပြေးစေရန် ရွာအား ၈၁ မမ မော်တာများနှင့် တမင်ပစ်ခတ်ခြင်း အကြောင်း ပြောပြပါသည်။ "ဒီလိုရည်ရွယ်ပြီးလုပ်ခဲ့တာပဲ" ဟု သူကဆိုပါသည်။

ကေအိုင်အေ သူပုန်များ၏ သတင်းအချက်အလက်များရရန် အရပ်သားများအား စစ်ဆေးမေးမြန်းစဉ် စစ်သားများမှ ခြိမ်းခြောက်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းများပြုလုပ်ခဲ့ပြီး၊ အမျိုးသမီးများအား မုဒိမ်းကျင့်ခဲ့ပါသည်။ စစ်တပ်မှ လူသေစေရန် မိုင်းဗုံးများသုံးခဲ့ပြီး အတင်းအကြပ်ခိုင်းစေမှုများလည်း ပြုလုပ်ခဲ့ပါသည်။ အသက် ၁၄ နှစ် အရွယ်လောက်သာရှိသေးသည့် ကလေးများအား ညှဉ်းပန်းနှိပ်စက်ပြီး ရှေ့တန်းဒေသများသို့ အပါအဝင် ပေါ်တာအဖြစ် စေခိုင်းခဲ့ပါသည်။

ကလေးစစ်သားများ အသုံးပြုခြင်းနှင့် လူသေစေသည့်မြေမြှုပ်မိုင်းများ အသုံးပြုခြင်းတို့အပါအဝင် ကေအိုင်အေ မှလည်း ကြီးလေးသည့် အခွင့်အရေး ချိုးဖောက်မှုများ ကျူးလွန်ခဲ့ပါသည်။ ကေအိုင်အေ သို့မဟုတ် ကချင်လွတ်မြောက်ရေး အဖွဲ့ (ကေအိုင်အို) မှ အာဏာပိုင်များက ၎င်းလုပ်ဆောင်ချက်များကို လေးနက်စွာ ဖြေရှင်းနေကြောင်း လက္ခဏာများကို လူ့အခွင့်အရေးစောင့်ကြပ်ရေးအဖွဲ့မှ လက်ဆုပ်လက်ကိုင် မတွေ့သေးပါ။

မြန်မာနိုင်ငံတွင် ကြီးမားသည့်နိုင်ငံရေးတိုးတက်မှုပေါ်ပေါက်နေချိန်တွင် မြန်မာနိုင်ငံ ကချင်လူမျိုးများခံစားနေ ရသော စိတ်တုန်လှုပ်ဖွယ် ဆိုးရွားပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်ခံရမှု နှင့် လူသားချင်းစာနာမှု အခြေအနေ တို့အပေါ် ပြည်တွင်းနှင့် နိုင်ငံတကာမှ အလုံအလောက် ဂရုပြုမှု မရှိပါ။ ၂၀၁၁ ဇွန်လမှ စ၍ အမျိုးသား၊ အမျိုးသမီးနှင့် ကလေးများ ခန့်မှန်းခြေ ၇၅၀၀၀ ခန့် အိုးပစ်အိမ်ပစ် ထွက်ပြေးခဲ့ကြရပြီး၊ အများစုမှာ တရုတ်နယ်စပ်တလျှောက် ကေအိုင်အေ ထိန်းချုပ်သည့် ဒေသရှိ ပြည်တွင်းအိုးအိမ်မဲ့များအတွက် စခန်း ၃၀ ခန့်တွင် ခိုလှုံခွင့်ရှာနေကြပါသည်။ တိုက်ပွဲစတင်ပြီးနောက် အရပ်သား ထောင်ပေါင်းများစွာ မြန်မာ့စစ်တပ်မှ ရှောင်ရှားရန် တောတွင်း ပုန်းအောင်းခဲ့ကြသည်။ အချို့မှာ နှစ်လခန့် ထိုသို့ ပုန်းခဲ့ကြရပြီး၊ ကြမ်းတမ်းသော တောင်များ မှ တဆင့် ယာယီစခန်းများသို့ ဆက်သွားခဲ့ကြသည်။ ဤလူဦးရေမှာလည်း ဇွန်လမှစ၍ တဖြည်းဖြည်း တိုးပွားလာခဲ့သည်။

လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ပျက်လပ်မှုသည် ပြည်တွင်းအိုးအိမ်မဲ့များအပေါ် ရန်လိုသည့် မြန်မာစစ်တပ်၊ ဘက်နှစ်ဘက်မှ ချထားသော လူသေစေသည့်မိုင်းဗုံးများနှင့် ကြုံနိုင်သည့် အန္တရာယ်များကို ရင်ဆိုင်ကာ၊ မိမိတို့ပိုင်ဆိုင်မှုများရယူရန် သို့မဟုတ် တိရစ္ဆာန်များနှင့် လယ်ယာများကို သွားကြည့်ရန်အတွက် အသက်စွန့်၍ လုံခြုံမှု မရှိသော မိမိတို့၏ နေရပ်သို့ ပြန်သွားရန် ဖိအားပေးနေသည်။ မြန်မာစစ်သားများက ကလေးများ အပါအဝင် အရပ်သားများအပေါ် သေနတ်နှင့်ပစ်ခဲ့ပြီး ခြိမ်းခြောက်ကာ အတင်းအကြပ်ခိုင်းစေရန် ဖမ်းဆီးခေါ်ဆောင်ခြင်း ပြုလုပ်သည်။ ရွာသားအများအပြားမှာ အိမ်ပြန်ရောက်သည့်အခါ စစ်တပ်မှ သူတို့၏ အိုးအိမ်ပစ္စည်းများကို ဖျက်ဆီးပြီးသား သို့မဟုတ် သိမ်းယူပြီးသား အခြေအနေကိုသာ တွေ့ရသည်။

ဤအစီရင်ခံစာတွင် မှတ်တမ်းတင်ထားသည့် မတရားညှဉ်းပန်းမှု အများအပြားမှာ နိုင်ငံသားများအပေါ် ရည်ရွယ်ချက်ရှိရှိဖြင့် တိုက်ခိုက်ခြင်း၊ ဥပဒေမဲ့ သတ်ဖြတ်ခြင်း၊ ညှဉ်းပန်း နှိပ်စက်ခြင်းနှင့် ဆိုးရွားစွာဆက်ဆံခြင်း၊ ကလေးစစ်သားများ သုံးခြင်းနှင့် ပဋိပက္ခဒေသများတွင် မတော်မတရား အတင်းအကြပ်စေခိုင်းမှုတို့အပါအဝင်၊ နိုင်ငံတကာနှင့် လူ့အခွင့်အရေးဥပဒေတို့ကို ကြီးလေးစွာ ချိုးဖောက်ရာ ရောက်ပါသည်။ ထို့အပြင် ပဋိပက္ခတွင် ပါဝင်နေသည့် နှစ်ဖက်စလုံးသည် အရပ်သားများနှင့် တိုက်ပွဲဝင်နေသူများအကြား မခွဲခြားဘဲ လူသေစေနိုင်သည့် လက်နက်ဖြစ်သည့် မိုင်းဗုံးများအား အသုံးပြုကြသည်။ ကချင်ပြည်နယ် တခွင် မြေမြှုပ်မိုင်းများ ချထားခြင်းကြောင့် နောင်တွင် ပြည်တွင်းစစ်ပြီးဆုံးချိန်၌ အိုးမဲ့အိမ်မဲ့များနှင့် ဒုက္ခသည်များအား ပြန်လည် နေရာချထားရေး ပြုလုပ်ရာတွင် ရှုပ်ထွေးခက်ခဲစေပြီး၊ ဤမိုင်းများ မရှင်းရသေးသည့် နေရာများသို့ ပြန်သည့် အရပ်သားများအတွက် အန္တရာယ် ရှိစေသည်။

ဤအစီရင်ခံစာတွင် မှတ်တမ်းတင်ထားသည့် မတရားညှဉ်းပန်းမှုကျူးလွန်ရန် အမိန့်ပေးသူများ သို့မဟုတ် ပါဝင်သူများကို ဘက်မလိုက် စုံစမ်းစစ်ဆေးမှုပြုပြီး၊ သင့်တော်သည့်အတိုင်း အရေးယူအပြစ်ပေးရမည် ဖြစ်ပါသည်။ ပဋိပက္ခတွင်ပါဝင်သူများအားလုံးသည် ၎င်းတို့၏အင်အားစုများက ပြုကျင့်နေသည့် မတော်မတရားမှုများကို အဆုံးသတ်ရန် ထိရောက်သည့် ဆောင်ရွက်ချက်များ လုပ်ရန်လိုပြီး၊ လူသားချင်းစာနာမှု ရရှိကြောင်း သေချာဆောင်ရွက်ရမည်ဖြစ်ပြီး၊ ဘက်ပေါင်းစုံမှ ကျူးလွန်ခဲ့သည့် မတော်မတရားမှုများကို စုံစမ်းစစ်ဆေးရန် သီးခြား နိုင်ငံတကာ ယန္တရားတစ်ခုအား ခွင့်ပြုရမည် ဖြစ်သည်။

အစိုးရချုပ်ကိုင်ထားသည့်နယ်မြေမှ KIO ချုပ်ကိုင်ထားသည်ဒေသများသို့ လူသားချင်းစာနာမှုအကူအညီ ရောက်ရှိရေး ခိုင်မာသည့် ကြိုးပမ်းချက်ကို မြန်မာ အာဏာပိုင်များမှ ထိရောက်စွာ ပိတ်ပင်ခဲ့ပါသည်။ စစ်ဆင်ရေးစတင်ပြီး ခြောက်လအကြာ ဒီဇင်ဘာလတွင်မှ အကူအညီ အရေးတကြီး လိုအပ်နေသော ဒေသများသို့ အစိုးရမှ သက်ဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်းများကို သွားရောက်ခွင့်ပေးခဲ့ပါသည်။ သို့သော်လည်း သွားရောက်နိုင်သည့် နေရာများမှာ အလွန်နည်းပါသည်။ ဒီဇင်ဘာလ ၁၂ ရက်တွင် လူသားချင်း စာနာမှုဆိုင်ရာ ပူးပေါင်းဆောက်ရွက်ရေး ကုလသမဂ္ဂရုံး (OCHA)၊ ကမ္ဘာ့ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) နှင့် ကမ္ဘာ့ကုလသမဂ္ဂ ကလေးသူငယ်များ ရန်ပုံငွေ (UNICEF) တို့မှ ပြည်တွင်းအိုးအိမ်မဲ့ စခန်းများရှိရာ မြန်မာ-တရုပ်နယ်စပ်ရှိ KIA က မြို့တော်ဟု ကြေငြာထားသည့် လိုင်ဇာသို့ သွားရောက်ခဲ့ပါသည်။ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ အိုးအိမ်မဲ့သူများအား အထောက်အပံ့များကို ပထမဦးဆုံးအကြိမ်အဖြစ် တစ်သုတ်ပို့ပေးခဲ့ပါသည်။ သို့သော် ပို့လိုက်သည့် အထောက်အပံ့များမှာ နည်းပါးပြီး၊ နယ်စပ်မြို့ မိုင်ဂျာယန် အနီးဒေသများ အပါအဝင် သောင်းပေါင်းများစွာသော စစ်ကြောင့် ရွာပုန်းရွာရှောင် ဖြစ်ရသူများ၏ အိုးအိမ်များဖြစ်သည့်

နေရာအချို့ ကိုလည်း ၄င်းတို့သွားရောက်နိုင်ခြင်း မရှိခဲ့ပေ။ ယနေ့တိုင် အစိုးရမှ နောက်ထပ် ကုလသမဂ္ဂ အထောက်အပံ့များ ပို့ရန် တားမြစ်ထားသည်။

ဒေသခံ အရပ်သားလူမှုအဖွဲ့အစည်းများမှ အစိုးရချုပ်ကိုင်ထားသည့် ဒေသများသို့ အထောက်အပံ့များစွာ ပို့ခဲ့သော်လည်း သူတို့တွင် ရန်ပုံငွေနည်းပါးမှု၊ လုပ်ကိုင်နိုင်စွမ်းနည်းပါးမှု အကန့်အသတ်များရှိနေပြီး၊ အချို့ကိစ္စများတွင် အကူအညီလိုအပ်သူများမှာ သွားလာခွင့်မပြုသည့် နေရာများတွင်ရှိနေပြီး၊ အစိုးရမှ ပိတ်ပင် ထားခြင်းများ ရှိသည်။
ကေအိုင်အို ချုပ်ကိုင်ထားသည့် ဒေသများတွင် အေအိုင်အေ နှင့် ဒေသခံ ကချင်အဖွဲ့အစည်းကွန်ယက်များမှ ကြီးထွားလျက် ရှိနေသည့် လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များကို ကြိုးစားဖြည့်ဆည်း ပေးနေသော်လည်း ကေအိုင်အို ဒေသများတွင် လည်ပတ်နေသည့် အရပ်သားဦးဆောင်သည့် ကယ်ဆယ်ရေးအဖွဲ့များအား နိုင်ငံတကာမှ ထောက်ပံ့မှုမှာ ပုံမှန်မရှိဘဲ၊ အလုံအလောက်ထောက်ပံ့မှုလည်း မရှိပါ။ မေလတွင် မုတ်သုန်ရာသီ ချဉ်းကပ်လာသည်နှင့်အမျှ အခြေအနေအရပ်ရပ်တွင် ပိုမို ဆိုးရွား ဆုတ်ယုတ်လာမည်ဟု ခန့်မှန်းမိသည်။

ကချင်ပြည်နယ်၏ ဖြစ်ပေါ်မှုအခြေအနေသည် မကြာသေးမီလများအတွင်း မြန်မာနိုင်ငံမြေပြန့်ပိုင်းတွင် ဖြစ်ပေါ်နေသည့် မျှော်လင့်ချက်ရောင်ခြည်သန်းခါစ လူ့အခွင့်အရေး တိုးတက်မှု အခြေအနေနှင့် လုံးဝကွာခြားပါသည်။ နှစ်ပေါင်း ၅၀ ကျော်ကြာ ဖိနှိပ်သည့် စစ်အုပ်ချုပ်မှုအပြီးတွင် ၂၀၁၁ ခုနှစ် မတ်လတွင် အာဏာရလာသည့် အစိုးရသည် အခြားအရာများနှင့်အတူ ထင်ရှားသည့် လှုပ်ရှားသူများ၊ ကျောင်းသား ခေါင်းဆောင်များ၊ သံဃာများ နှင့် နိုင်ငံရေးအကျဉ်းသား ရာပေါင်းများစွာကို အကျဉ်းမှလွှတ်ပေးခြင်း အပါအဝင်၊ မီဒီယာ ကန့်သတ်ချက်များကို လျှော့ပေးခြင်း၊ လွတ်လပ်စွာ စုရုံးခွင့်နှင့် အလုပ်သမားသမဂ္ဂ ဖွဲ့စည်းပိုင်ခွင့် ဥပဒေများ ပြဋ္ဌာန်းခြင်းများ ပြုလုပ်ခဲ့သည်။ သို့ရာတွင် နိုင်ငံရေး အကျဉ်းသား ရာပေါင်းများစွာ သံတိုင်နောက်တွင် ရှိနေဆဲဖြစ်ပြီး၊ တရားစီရင်ရေးစနစ်မှာ သီးခြားရပ်တည်နိုင်မှု ကင်းမဲ့ကာ စစ်တပ်မှ အရေးကြီးသည့် နိုင်ငံရေး ထိန်းချုပ်မှု ကို ထိန်းသိမ်းထားဆဲ ဖြစ်သည်။

ထို ပြုပြင်ပြောင်းလဲမှုများကို အားပေးထောက်ခံမှုသည် မြန်မာနိုင်ငံတွင် ဖြစ်ပျက်နေဆဲ ဆိုးရွား သော လူ့အခွင့်အရေး ချိုးဖောက်မှုများအပေါ် နိုင်ငံတကာအနေဖြင့် ကျေနပ်ရောင့်ရဲမှု ဖြစ်မသွားရန် လိုအပ်ပါသည်။ တရားဝင် နိုင်ငံရေးအပြောင်းအလဲများမှာ အစပျိုးမှုသာ ရှိသေးပြီး မြန်မာနိုင်ငံသားအားလုံး ဤအကျိုး ကျေးဇူးများ ခံစားနိုင်ရန် လုပ်ဆောင်စရာများစွာ လိုပါသေးသည်။ ကချင်ပြည်နယ်တွင် ပိုမိုဆိုးရွားလာသည့် အခြေအနေနှင့်အတူ၊ ယခုချိန်ထိ တိုးတက်မှု အနည်းငယ်သာ ရှိသည်ဟု မြင်သူများတွင် လူနည်းစု တိုင်းရင်းသားလူထု ပါဝင်သည်။ လူနည်းစုတိုင်းရင်းသားများ မတရားညှဉ်းပန်းမှုများကို ဆက်လက် ခံစားနေရသမျှ မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တိုးတက်ရေးအလားအလာမှာ ခက်ခဲနေဦးမည် ဖြစ်သည်။

အသက် ၅၈ နှစ်အရွယ် ကချင်လယ်သမားတစ်ဦးမှ လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့အား ပြောသည်မှာ "ကျနော်တို့မှာ အကန့်အသတ်တွေရှိနေတယ်။ မတရားညှဉ်းပန်းခံကြရတယ်။ ပြီးတော့ မလွတ်လပ်ဘူး၊ ကချင်လူမျိုးတွေရဲ့ ဘဝက အခု အရမ်းစိတ်ဆင်းရဲစရာကောင်းတယ်။"

## အဓိက အကြံပြုချက်များ

## မြန်မာအစိုးရလုပ်သင့်သည့်အရာများ။ ။

- မြန်မာ့တပ်မတော်အင်အားစုများမှ နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေကိုလိုက်နာပြီး အထူးသဖြင့် အရပ်သားများနှင့် အရပ်သားပိုင်ဆိုင်မှုများကို ထိခိုက်မှုအနည်းပါးဆုံးဖြစ်စေရန် လိုအပ်သည့်အဆင့်အားလုံး ဆောင်ရွက်ရန်။
- အရပ်သားများအပေါ် တမင် သို့မဟုတ် ခွဲခြားသုံးသပ်ခြင်းမရှိဘဲ တိုက်ခိုက်မှု၊ ဥပဒေပြင်ပမှ သတ်ဖြတ်မှု၊ မုဒိန်းကျင့်မှုနှင့် အခြားသော လိင်အရအကြမ်းဖက်မှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ ပေါ်တာအဖြစ် ဥပဒေမဲ့ အသုံးပြုမှု၊ ကလေးစစ်သားများအသုံးပြုမှုနှင့် လုယက်ခြင်းများအပါအဝင် စစ်တွင်းဥပဒေများ ချိုးဖောက်ကြောင်း ခိုင်လုံသည့်စွပ်စွဲချက်များအပေါ် စုံစမ်းစစ်ဆေးပြီး တာဝန်ရှိသူများကို ရာထူးအဆင့်အတန်း မကြည့်ဘဲ သင့်တော်စွာအရေးယူရန်။
- ကချင်ပြည်နယ်နှင့် နိုင်ငံ၏အခြားသောဒေသများတွင် လက်နက်ကိုင် ပဋိပက္ခများတွင် ပါဝင်နေသူအားလုံးမှ နိုင်ငံတကာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေများ ချိုးဖောက်သည်ဟု စွပ်စွဲခံရမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးရန် သီးခြားနိုင်ငံတကာ ယန္တရားတစ်ခု ပေါ်ပေါက်ရေးအတွက် ထောက်ခံရန်။
- စံချိန်မီ ကာကွယ်မှု၊ မြှင့်တင်မှုနှင့် နည်းပညာထောက်ပံ့မှု ရပိုင်ခွင့်ရှိသည့် ရုံးတစ်ရုံး မြန်မာနိုင်ငံတွင် တည်ထောင်ရန် ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးရုံးအား တောင်းဆိုရန်။
- ကမ္ဘာ့ကုလသမဂ္ဂ၊ ပြည်တွင်းနှင့် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများအား ပြည်တွင်းရှိ အိုးအိမ်မဲ့နေရာမဲ့ ဖြစ်နေသူများ ရှိရာဒေသများ အားလုံးသို့ အန္တရာယ်ကင်းစွာ အတားအဆီးမဲ့ ရေရှည် သွားရောက်ခွင့်ပေးရန်နှင့် အကူအညီလိုအပ်နေသည့် လူထုကို ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် အဆုံးတွင် တိုးတက်ဖွံ့ဖြိုးရေးအထောက်အပံ့များ ပေးခွင့်ပြုရန် လူသားချင်းစာနာမှုအဖွဲ့အစည်းများနှင့် ရေရှည် ဂတိခံဝန်ချက်ပြုရန်။
- စစ်ကြောင့် အိုးအိမ်မဲ့နေရာမဲ့သူများနှင့် ဒုက္ခသည်များအား နေရပ်ပြန်ပို့ရာတွင် နိုင်ငံတကာအဆင့်အတန်းနှင့်အညီ သူတို့၏ ဆန္ဒအလျောက်သာ ဖြစ်စေကာ၊ ပြန်လာကြသူများ၏ လုံခြုံရေးနှင့် ဂုဏ်သိက္ခာကို ဂရုပြုပေးရန်။

## ကမ္ဘာ့ကုလသမဂ္ဂ၊ အာဆီယံ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ဩစတြေးလျ၊ တရုတ်၊ ရုရှ၊ အမေရိကန် ပြည်ထောင်စု၊ ဥရောပသမဂ္ဂနှင့် ဂျပန်တို့မှ လုပ်သင့်သည့်အရာများ။ ။

- စစ်ဆင်ရေးများ ပြုလုပ်စဉ် နိုင်ငံတကာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှု ဥပဒေ ချိုးဖောက်မှုများကို အဆုံးသတ်ရန် မြန်မာနိုင်ငံအစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအား လူသိရှင်ကြားနှင့် လျှို့ဝှက် တောင်းဆိုမှုများပြုရန်။
- မြန်မာနိုင်ငံတွင် လက်နက်ကိုင် ပဋိပက္ခများတွင် ပါဝင်နေသူအားလုံးမှ နိုင်ငံတကာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေများ ချိုးဖောက်သည်ဟု စွပ်စွဲခံရမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးရန် သီးခြားနိုင်ငံတကာ ယန္တရားတစ်ခု ပေါ်ပေါက်ရေးအတွက် ထောက်ခံရန်။
- စံချိန်မီ ကာကွယ်မှု၊ မြှင့်တင်မှုနှင့် နည်းပညာထောက်ပံ့မှု ရပိုင်ခွင့်ရှိသည့် ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးရုံး ရုံးတစ်ရုံး မြန်မာနိုင်ငံတွင် ဖွင့်လှစ်မှုကို ထောက်ခံရန်။
- မြန်မာအစိုးရ၏ လုံခြုံရေးတပ်များမှ မတရားညှဉ်းပန်းမှု ခံရသူများအား လုံလောက်သည့် လျော်ကြေး အလျင်အမြန်ပေးရန် ယန္တရားတစ်ခုတည်ထောင်ရန် မြန်မာနိုင်ငံအစိုးရအား ဖိအားပေးရန်။

- ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်း အစိုးရချုပ်ကိုင်ထားသည့်ဒေသများ၊ ကေအိုင်အေ ထိန်းချုပ်ထားသည့် ဒေသများအပြင် ပြည်သူများ အခွန့်ရာယ်ကျရောက်နေသည့် အခြားဒေသများသို့ ပြည်တွင်းနှင့် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများမှ သွားရောက်နိုင်ရန် ပဋိပက္ခတွင်ပါဝင်သူ အားလုံးထံ လူသိရှင်ကြား တောင်းဆိုရန်။
- ပဋိပက္ခဖြစ်နေသည့် တိုင်းရင်းသားဒေသများတွင် ဘက်မလိုက်ဘဲ အထောက်အကူပေးနေသည့် ဒေသခံနှင့် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ လူ့အဖွဲ့အစည်းများနှင့် နယ်စပ်ကျော် အထောက်အပံ့ပေးနေသူများအား လိုအပ်သည့် အထောက်အပံ့များပေးရန်။ လိုအပ်ချက်များ ရှိနေသူများထံ ၎င်းတို့အား သွားရောက်ခွင့်ပေးရန် မြန်မာအစိုးရနှင့် ကေအိုင်အို ကို ဖိအားပေးရန်။

# စာတမ်းပြုစုသည့် နည်းစနစ်များ

၂၀၁၁ ဇူလိုင်လမှ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလအထိ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ အဓိကအားဖြင့် ပဋိပက္ခဖြစ်ပွားရာ ကချင်ပြည်နယ်နှင့် တရုတ်နိုင်ငံ ယူနန်ဒေသများတွင် ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းမှုပေါင်း ၁၁၂ ခုအပေါ် အခြေခံ ရေးသားထားသည်။ ၂၀၁၁ ခုနှစ် ဇွန်၊ ဇူလိုင်နှင့် နိုဝင်ဘာလများတွင် လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့မှ ကချင်ပြည်နယ်ရှိ ပြည်တွင်းအိုးအိမ်မဲ့နေရာမဲ့သူများ၏ စခန်းကိုးခု၊ နယ်စပ်မြို့များနှင့် ယူနန်ဒေသ၏ ဝေးလံသော နယ်စွန်နယ်ဖျားဒေသများရှိ အသိအမှတ်ပြုမထားသော စခန်းခြောက်ခုသို့ သွားရောက် လေ့လာခဲ့သည်။

တရုတ် နှင့် မြန်မာ အစိုးရသည် အစိုးရမဟုတ်သည့် လူ့အခွင့်အရေးအဖွဲ့အစည်းများအား၊ ၎င်း တို့၏ နယ်မြေအတွင်း လူ့အခွင့်အရေးပြဿနာများကို သုတေသနလုပ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းများ လွတ်လပ်စွာ လုပ်ခွင့်မပြုပေ။ ထို့ကြောင့် ခိုင်လုံသည့် အချက်အလက်များကို ရယူရန်နှင့် အတည်ပြုရန် အခက်အခဲများစွာ ရှိခဲ့သည်။

မတရားညှဉ်းပန်းမှု ခံရသူများနှင့် မျက်မြင်သက်သေများ၊ စစ်ကြောင့် ပြည်တွင်း၌ အိုးအိမ်မဲ့နေရာမဲ့သူများနှင့် ဒုက္ခသည်များ၊ အကူအညီပေး ဝန်ထမ်းများ၊ မြန်မာစစ်တပ်မှ တပ်ပြေးများနှင့် ကချင်လွတ်မြောက်ရေးတပ် မှ ကလေးစစ်သား နှစ်ဦးအပါအဝင် ကိုယ်စားလှယ်များနှင့် ဤတွေ့ဆုံမေးမြန်းမှု ပြုလုပ်ထားပါသည်။ ကလေးများ အားလုံးနှင့် တွေ့ဆုံမေးမြန်းမှုကို သူတို့ အုပ်ထိန်းသူများရှေ့မှောက်တွင် ပြုလုပ်ခဲ့သည်။ တတ်နိုင်ပါက မေးမြန်းမှု အများစုကို တစ်ဦးချင်းစီ တွေ့ဆုံခြင်းဖြင့် ပြုလုပ်ခဲ့သည်။ တွေ့ဆုံမေးမြန်းခြင်း ၁၁၂ ခုအပြင် ရွာပုန်းရွာရှောင် များနှင့် ဒုက္ခသည်များကို အဖွဲ့လိုက် တွေ့ဆုံမေးမြန်းပြီး၊ နိုင်ငံခြားသား ကူညီထောက်ပံ့မှု ဝန်ထမ်းများနှင့် ပြည်တွင်း အဆက်အသွယ်များကို တယ်လီဖုန်းနှင့် တွေ့ဆုံမေးမြန်းခဲ့ သည်များလည်း ရှိသည်။ ရွာပုန်းရွာရှောင်များ ကြုံတွေ့ရသည့် ပဋိပက္ခ သို့မဟုတ် အခြေအနေများနှင့် ပတ်သက်၍ ကိုယ်တွေ့ သတင်းအချက်အလက်များ ပေးသည့် မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့တွင် ရှိသည့် အခြား သတင်းအရင်းအမြစ်များ နှင့် လည်း ကျွန်တော်တို့ ပြောဆို ဆွေးနွေးခဲ့သည်။ ဤအစီရင်ခံစာ ရေးသားရာတွင် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ မြန်မာအစိုးရ နှင့် ကချင်လွတ်လပ်ရေးအဖွဲ့ တို့ နှစ်ဖွဲ့စလုံးအား ၎င်းတို့အပေါ် စွပ်စွဲချက်များ နှင့် ပတ်သက်ပြီး တုန့်ပြန် ဖြေဆိုနိုင်ရန် အတွက် တိကျသည့်မေးခွန်းများ ရေးသားမေးမြန်းခဲ့ပါသည်။ ယခု အစီရင်ခံစာ ရေးသား နေချိန်အထိ မည်သည့် တုံ့ပြန်မှုမှ မရရှိသေးပေ။

တွေ့ဆုံမေးမြန်းသည့်အခါ အဓိကအားဖြင့် ဂျိန်းဖော ကချင်စကား သို့မဟုတ် အခြားသောကချင်စကားများဖြင့် မေးခဲ့ပြီး ကချင်မှ အင်္ဂလိပ် စကားပြန်ထားရှိခဲ့သည်။ တွေ့ဆုံမေးမြန်းမှုအနည်းငယ်ကိုသာ အင်္ဂလိပ်လို ပြုလုပ် ခဲ့သည်။ တွေ့ဆုံမေးမြန်းခံရသူများနှင့် ၎င်းတို့၏ မိသားစုများကို မည်သူမည်ဝါမှန်း အလွယ်တကူ မသိစေရန် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံရှိ တွေ့ဆုံမေးမြန်းသည့်နေရာများကို ဒေသနှင့် ပြည်နယ်အဆင့်များအဖြစ် အစီရင်ခံစာ စာကိုယ်နှင့် အောက်ခြေရှိမှတ်ချက်များတွင် ယေဘုယျအားဖြင့် ဖော်ပြထားပါသည်။ ဤ အစီရင်ခံစာ ပါ ကချင်အရပ်သား အားလုံးနှင့် ကလေးစစ်သားများအတွက် အမည်ခံမဟုတ်ကြောင်း ပြောထားသည့် နေရာများ မှ လွဲ၍ အမည်ခံများ သုံးထားပါသည်။ အချို့ကိစ္စများတွင် မည်သူမည်ဝါဖြစ်ကြောင်း အချက်အလက်များကို လုံခြုံရေးအတွက် ထိန်ချန်ထားပါသည်။

တွေ့ဆုံမေးမြန်းခံရသူအားလုံးအား တွေ့ဆုံမေးမြန်းမှု၏ရည်ရွယ်ချက်၊ မိမိဆန္ဒအလျောက်သာပါဝင်ခြင်းဖြစ်ကြောင်းနှင့် သတင်းအချက်အလက်များကို မည်သို့ အသုံးပြုမည်အကြောင်းကို ပြောပြခဲ့သည်။ မေးခွန်းများကိုဖြေရန် ငြင်းဆိုနိုင်ကြောင်း သို့မဟုတ် တွေ့ဆုံမေးမြန်းပွဲကို အချိန်မရွေး ရပ်စဲနိုင်ကြောင်း တွေ့ဆုံမေးမြန်းခံရသူအားလုံးအား ပြောပြသည်။ လူတိုင်း တွေ့ဆုံမေးမြန်းမှုတွင် ပါဝင်ရန် နှုတ်နှင့် သဘောတူခွင့်ပြုချက် ပေးခဲ့ပါသည်။ တစ်ဦးတစ်ယောက်မျှ ဤသို့ပါဝင်မှုအတွက် ဆုငွေတစ်စုံတစ်ရာ မရပါ။

လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ သွားရောက်ခဲ့သည့် အိုင်ဒီပီ စခန်း ကိုးခုမှာ ကေအိုင်အို အုပ်ချုပ်သည့်နယ်မြေများ၏ အလယ်ပိုင်းနှင့် အရှေ့ပိုင်းသိုင်းတို့တွင် ရှိပါသည်။ ဤဒေသများတွင် ကေအိုင်အေ မှ ကေအိုင်အို၏ ကိုယ်စား အကောင်အထည်ဖော် ဆောင်ရွက်သည့် တာဝန်ခံအဖွဲ့အဖြစ် လူသားချင်းစာနာသည့် ကူညီထောက်ပံ့မှုများ ပေးကြသည်။ ဤအကြောင်းရင်းနှင့် အခြားသောအကြောင်းရင်းများကြောင့် တွေ့ဆုံမေးမြန်းမှုတွင်ပါဝင်သူအချို့မှာ ကေအိုင်အေ ၏ အပြုအမူနှင့်ပတ်သက်ပြီး သတင်းအချက်အလက်များပြောပြရန် ဝန်လေးနေနိုင်သည်။

အထက်ဖော်ပြပါ သုတေသနပြုချက်အပြင်၊ ကမ္ဘာ့ကုလသမဂ္ဂ အစီရင်ခံစာများ၊ ပညာရပ်ဆိုင်ရာလေ့လာမှုများ၊ ထုတ်ဝေထားသည့် စာအုပ်များ၊ ယခင် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ အစီရင်ခံစာများနှင့် အစိုးရမဟုတ်သည့် အခြားအဖွဲ့အစည်းများမှ အစီရင်ခံစာများအပါအဝင် တဆင့်ခံ သတင်းအရင်းအမြစ်များအား ကျွန်ုပ်တို့ရည်ညွှန်း ဖော်ပြထားပါသည်။

# ၁။ ကချင်ပြည်နယ်၏ လက်နက်ကိုင် ပဋိပက္ခ

## ကချင်ပြည်နယ် နိုင်ငံရေးသမိုင်း အကျဉ်းချုပ်

ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ မြောက်ဘက်ဆုံးပြည်နယ်ဖြစ်ပြီး အရှေ့ဘက်တွင် တရုတ်နိုင်ငံ၊ အနောက်မြောက်ဘက်တွင် အိန္ဒိယနိုင်ငံတို့နှင့် နယ်စပ်ချင်း ထိစပ်နေပြီး၊ အနောက်ဘက်တွင် မြန်မာနိုင်ငံ စစ်ကိုင်းတိုင်းရှိပြီး တောင်ပိုင်းတွင် ရှမ်းပြည် ရှိသည်။ ဟိမဝန္တာတောင်ခြေရင်း၏ တောင်များတွင်တည်ရှိပြီး ဤဒေသတွင် သွားလာရန်ခက်ခဲသော တောင်များရှိပြီး အဖိုးတန်ကျောက်မျက်ရတနာများ၊ သစ်၊ သတ္တုများနှင့် ဒေသခံစားဝတ်နေရေးနှင့် သက်ရှိသတ္တဝါများ ဆက်ဆံရေးအတွက် အရေးကြီးသည့် မြစ်များ အပါအဝင် သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသည်။

ကချင်လူမျိုးများမှာ အင်ဒို-တိဘက်မှ ဆင်းသက်လာသူများဖြစ်ပြီး မြန်မာနိုင်ငံတွင် အများစုမှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတို့တွင် နေထိုင်ကြပါသည်။[1] မြန်မာနိုင်ငံ ကျေးလက်လူဦးရေအများစုကဲ့သို့ ကချင်များမှာ အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ကိုင်ကြသူများဖြစ်ပြီးသော်လည်း၊ မြေပြန့်ပိုင်းတွင် ပိုမိုကျင့်သုံးသည့် စွတ်စိုသည့် စပါးစိုက်ပျိုးနည်းမကျင့်သုံးဘဲ၊ ရွှေ့ပြောင်းတောင်ယာလုပ်ငန်း လုပ်ကိုင်ကြသည်။ ကချင်ဒေသသည် ရာစုနှစ်ပေါင်းများစွာ တရုတ်ပြည်နှင့် ကုန်သွယ်မှု ရှိသည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် တိုင်းရင်းသားလူမျိုးများကွဲပြားမှု အများဆုံး ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ လူဦးရေ ၅၆ သန်းတွင် အများစု မြန်မာစကားပြောသည့် ဗုဒ္ဓဘာသာဝင် လူများစုမြန်မာများ အပါအဝင် တရားဝင် အသိအမှတ်ပြုထားသည့် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးရှိသည်။ မြန်မာမဟုတ်သည့် တိုင်းရင်းသားအုပ်စုများမှာ အများအားဖြင့် တောင်ပေါ်ဒေသများတွင် နေထိုင်ပြီး၊ ယဉ်ကျေးမှုနှင့် ဘာသာစကား အုပ်စုတစ်စုနှင့်တစ်စု ကွဲပြားကာ မြန်မာပြည် အလယ်ပိုင်း မြေပြန့်တွင် ဓလေ့ထုံးစံအရနေခဲ့သည့် တိုင်းရင်းသားမြန်မာများနှင့် ကွာခြားသည်။ မြန်မာမဟုတ်သူ တိုင်းရင်းသားများမှာ လူဦးရေ၏ ၄၀ ရာခိုင်နှုန်းခန့်ရှိပြီး၊ ၎င်းတို့မှာ တစ်နိုင်ငံလုံး နယ်နိမိတ်၏ ၅၆ ရာခိုင်နှုန်းတွင် နေထိုင်ကြပါသည်။ သို့သော် ပြည်တွင်းနယ်နိမိတ်များမှာလည်း အချိန်ကြာလာသည်နှင့်အမျှ သွားရလာရ ပိုမိုလွယ်ကူလာလျက်ရှိသည်။ ကချင်လူမျိုးများမှာ အများစု နှစ်ခြင်းခရစ်ယာန် များနှင့် ရိုမန်ကက်သလစ်များ ဖြစ်ကြသည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးနှင့် တိုင်းရင်းသားဆိုင်ရာ ပြဿနာမှာ လွတ်လပ်ရေးမရမီကပင် ရှိခဲ့သည်။ ဒုတိယကမ္ဘာစစ် ဂျပန်ခေတ်ကာလမှလွဲ၍ ၁၈၂၄ ခုနှစ်မှစပြီး ကိုလိုနီအုပ်ချုပ်သူများဖြစ်သည့် ဗြိတိသျှများနှင့် မြန်မာနိုင်ငံရေး ခေါင်းဆောင်များသည် ၁၉၄၆ ခုနှစ်တွင် လွတ်လပ်ရေးအတွက် ညှိနှိုင်းမှုများ စတင်ခဲ့သည်။ ၎င်းတို့၏ခေါင်းဆောင် (ဒေါ်အောင်ဆန်းစုကြည်၏ဖခင်) ဗိုလ်ချုပ်အောင်ဆန်းမှ ဗြိတိသျှ စီမံ အုပ်ချုပ်မှု အောက်တွင်ရှိသည့် တိုင်းရင်းသားများအား နိုင်ငံရေးလုပ်ငန်းစဉ်တွင် ပါဝင်ရန် ကြိုးပမ်းခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း စည်းရုံးခဲ့သည့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက် ပင်လုံသဘောတူညီချက်တွင် ချင်း၊ ရှမ်းတိုင်းရင်းသား

[1] တရုတ်၊ တိဘက်၊ အိန္ဒိယအနောက်မြောက်ပိုင်းတို့တွင် တိုင်းရင်းသား ကချင်လူမျိုးများ အနည်းငယ်စီရှိပြီး အနောက်နိုင်ငံများတွင်လည်း ပြန်လည်နေရာချထားသည့် မြန်မာနိုင်ငံမှ ကချင်ဒုက္ခသည်အနည်းငယ်ရှိပါသည်။ ဂျင်းဖော၊ ရဝမ်၊ လီစူး၊ မရူ၊ လောင်ဝေါနှင့် လရှီးတို့ အပါအဝင် တိုင်းရင်းသားဘာသာအုပ်စုကွဲများ ကချင်များအတွင်းရှိပါသည်။ ဤအုပ်စုကွဲများနှင့် အခြားအုပ်စုကွဲများ အားလုံးစုပေါင်းပြီး စည်းလုံးညီညွတ်မှုနှင့် ၎င်းအုပ်စုကွဲများအကြား တူညီသည့်နေရာမှဆင်းသက်လာမှုကို အခြေခံပြီး ယနေ့ ကချင် သို့မဟုတ် ဝမ်ပေါင်ဟု အများက ခေါ်ကြပါသည်။

များနှင့်အတူ ကချင်တိုင်းရင်းသားများကလည်း ပါဝင်ခဲ့ပြီး လက်မှတ်ထိုးရန် သဘောတူခဲ့ပါသည်။ [2] ဤ သဘောတူညီချက်အရ ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ကာ တိုင်းရင်းသား ပြည်နယ်များအား သီးခြားအုပ်ချုပ်ပိုင်ခွင့်ပေးရန် အာမခံခဲ့ပြီး၊ ပင်လုံစာချုပ်နောက်ပိုင်းတွင် မူကြမ်းရေးဆွဲပြီး ၁၉၄၇ ခုနှစ် စက်တင်ဘာလတွင် ပြဋ္ဌာန်းသည့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည်ပင်၊ တိုင်းရင်းသားအုပ်စုများ၏ တောင်းဆိုမှုအချို့နှင့် ရင်ဆိုင်ခဲ့ရသည်။ သို့ရာတွင် ပင်လုံစိတ်ဓာတ်နှင့် ပင်လုံစာချုပ်ပါ အချက်များကိုမူ အကောင်အထည် မဖော်နိုင်ခဲ့ပေ။ ဤမအောင်မြင်သည့် ကြိုးပမ်းမှုနှင့် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ၎င်း၏ ဝန်ကြီးခြောက်ဦးအား လုပ်ကြံ သတ်ဖြတ်မှုတို့မှ နောင်တွင် ပေါ်ပေါက်လာမည့် ပြည်တွင်း ပဋိပက္ခများကို အစပျိုးမှုပင် ဖြစ်သည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံသည် ဗြိတိသျှတို့ထံမှ လွတ်လပ်ရေး ရခဲ့သည်။ ထို့နောက် မကြာမီပင် တိုင်းရင်းသား လက်နက်ကိုင်အုပ်စုများနှင့် လွတ်လပ်ခါစ မြန်မာနိုင်ငံ၏ ဗဟိုအစိုးရတို့အကြား လက်နက်ကိုင် ပဋိပက္ခများ ပေါ်ပေါက်ခဲ့သည်။ လက်နက်ကိုင်ဆန့်ကျင်လှုပ်ရှားမှု အချို့မှာ လွတ်လပ်ရေး မရခင်က စတင်ခဲ့ပြီး မကြာမီပင် နိုင်ငံ၏တိုင်းရင်းသားပြည်နယ် ခုနစ်ခုလုံးတွင် ပေါ်ပေါက်လာပါသည်။ တိုင်းရင်းသား လက်နက်ကိုင်တပ်များ၏ ရည်ရွယ်ချက်များမှာ ခွဲထွက်ရေးမှ သီးခြားအုပ်ချုပ်ပိုင်ခွင့်နှင့် ဖက်ဒရယ်ဒီမိုကရက်တစ် မြန်မာနိုင်ငံတွင် ရပိုင်ခွင့်များ ရရှိရေးအထိ အမျိုးမျိုးကွဲပြားလျက်ရှိပါသည်။ [3] နိုင်ငံ၏ တိုင်းရင်းသားဒေသအများစုတွင် လောလောဆယ် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ ရှိခဲ့သော်လည်း ၁၉၆၂ ခုနှစ် အာဏာသိမ်း ပြီးနောက်၊ နှစ်ပေါင်း ၅၀ နီးပါးမျှ မတရားညှဉ်းပန်းမှု ကျူးလွန်သည့် စစ်အုပ်ချုပ်မှုနောက်ပိုင်းတွင် ကချင်ပြည်နယ်အပါအဝင် ပြည်နယ်များတွင် ဤပဋိပက္ခများ ယခုတိုင် ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သည်။

## ကချင်ပြည်နယ် လက်နက်ကိုင်ပဋိပက္ခနှင့် မတရားညှဉ်းပန်းမှုများ (၁၉၆၁ - ၁၉၉၄)

တိုင်းရင်းသားကချင်လူမျိုးများသည် လွန်ခဲ့သည့် အနှစ် ၅၀ အတွင်း အနည်းဆုံး ၃၄ နှစ်ကြာ လက်နက်ကိုင် ပဋိပက္ခများနှင့် နေလာခဲ့ရသည်။ ကချင် အမျိုးသားစိတ်ဓာတ် ရှိသူများက အုပ်စိုးသူ ဗမာ နိုင်ငံရေးသမားများ၏ ဖိနှိပ်မှု ကြီးထွားလာသည်ကိုမြင်၍ ၁၉၆၁ ခုနှစ်တွင် လက်နက်ကိုင် တော်လှန်ခဲ့ကြသည်။ ယနေ့တွင် ကချင်လွတ်လပ်ရေးတပ် (KIA) သည် ဒုတိယအကြီးဆုံးသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ ဖြစ်သည်။ [4] ၎င်း၏ နိုင်ငံရေးဌာနခွဲ ဖြစ်သည့် ကချင်လွတ်လပ်ရေး အဖွဲ့အစည်း (KIO) တွင် နယ်မြေ အမြောက်အများ ကို အုပ်ချုပ်သည့် အရပ်သားစီမံခန့်ခွဲမှု ထားရှိပြီး ကျန်းမာရေး၊ ပညာရေး၊ တရားစီရင်ရေး၊ ကာယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဌာနများနှင့် အတူ အခြားသော အရပ်သား အစီအစဉ်များကို စင်ပြိုင်အစိုးရ တစ်ခုအဖြစ် လုပ်ကိုင်လျက် ရှိပါသည်။

၁၉၆၁ ခုနှစ် ကေအိုင်အို တည်ထောင်ပြီးချိန်မှစ၍ ကချင်ပြည်နယ်သည် လက်နက်ကိုင်အုပ်စုအများအကြား ပဋိပက္ခကြောင့် ပြင်းထန်သောတိုက်ပွဲများ ဖြစ်ပွားရာ စစ်မြေပြင် ဖြစ်ခဲ့သည်။ တစ်ချိန်က ကေအိုင်အေ သည် မြန်မာ အစိုးရနှင့် ယခုဖျက်သိမ်းလိုက်ပြီဖြစ်သော တရုတ်ကျောထောက်နောက်ခံ မြန်မာနိုင်ငံကွန်မြူနစ်ပါတီ (CPB) အား

---

[2] Matthew J. Walton ၏ "Ethnicity, Conflict, and History in Burma. The Myths of Panglong," *Asian Survey* အတွဲ ၄၈ (၆), ၂၀၀၈ ဒီဇင်ဘာ၊ စာမျက်နှာ ၈၈၉-၉၁၀ ကို ကြည့်ပါ။

[3] ကချင်၊ ဝ၊ ကရင်၊ ရှမ်း၊ ကရင်နီ၊ ပအို့၊ ရခိုင်၊ ချင်း၊ မွန်တိုင်းရင်းသားများနှင့်အတူ ဒေသခံနိုင်ငံရေးနှင့် စီးပွားရေးလုပ်ငန်းစဉ်များ ရှိသည့် တိုင်းရင်းသားပြည်သူ့စစ်အမျိုးမျိုးလည်းပါဝင်ပြီး အချို့မှာ ဥပမာ၊ ဘိန်းထုတ်လုပ်မှုနှင့် မူယစ်ဆေးဝါးကုန်သွယ်မှုကဲ့သို့ ရာဇဝတ်မှုများတွင် ပါဝင်ဖူးသူများ ဖြစ်ကြပါသည်။

[4] ခန့်မှန်းခြေ တပ်သား ၂၀၀၀၀ မှ ၂၅၀၀၀ ရှိသည့် စည်းလုံးညီညွတ်သည့် ဝပြည်နယ်တပ်မတော်သည် မြန်မာနိုင်ငံ၏ အစိုးရနှင့် မသက်ဆိုင်သည့် လက်နက်ကိုင်အုပ်စုဖြစ်ပါသည်။.

တစ်ပြိုင်နက်တိုက်ခိုက်ခဲ့သည်။ [5] ၁၉၇၆ ခုနှစ်တွင် ကေအိုင်အေ နှင့် ဗမာပြည်ကွန်မြူနစ်ပါတီ တို့အကြား အပစ်အခတ် ရပ်စဲပြီးနောက်၊ မြန်မာစစ်တပ်အားတိုက်ခိုက်ရန် ၄င်းတို့အဖွဲ့နှစ်ဖွဲ့ အင်အား ပူးပေါင်းလိုက်ပြီး၊ ဗမာပြည် ကွန်မြူနစ်ပါတီ သည် ကေအိုင်အေ အတွက် တရုတ်ပြည်မှ လက်နက်ခဲယမ်းမီးကျောက်များ အဆင်သင့်ရရှိရန် အရင်းအမြစ် ဖြစ်လာပါသည်။ ဤပဋိပက္ခများ၏ ဒဏ်ကို အရပ်သားများက ခံရပြီး သေဆုံးမှုများ၊ မတရားညှဉ်းပန်းမှုများနှင့် မိမိအရပ်မှ စွန့်ခွါကာ ရွာပုန်းရွာရှောင်ဒုက္ခများ ကြုံခဲ့ရသည်။

၁၉၈၉ ခုနှစ်တွင် ပါတီမှ ဖြုတ်ခံလိုက်ရသည့် ခေါင်းဆောင် ၃၀၀ ကျော်အား တရုတ်ပြည်သို့ ပြောင်းရွှေ့ သွားစေသည့် တော်လှန်ပုန်ကန်မှုကြောင့်၊ မြန်မာပြည် ကွန်မြူနစ်ပါတီ ပြိုကွဲသွားပြီး၊ မြန်မာနိုင်ငံ၏ အစိုးရနှင့်မသက်ဆိုင်သည့် အကြီးမားဆုံးသော စစ်တပ်ဖြစ်သည့် စည်းလုံးညီညွတ်သည့် ဝပြည်နယ်စစ်တပ် (UWSA) အပါအဝင်၊ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလက်နက်ကိုင် အုပ်စု အသစ်လေးစု ပေါ်ပေါက်လာသည်။ [6] ထိုနှစ်တွင်ပင် UWSA မှ မြန်မာအစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူခဲ့သည်။[7] ဤသဘောတူညီချက်အရ ယခင် CPB ခေါင်းဆောင် အချို့ နှင့် ၄င်းတို့၏ ဂိုဏ်းခွဲများအား မြန်မာနိုင်ငံမြောက်ပိုင်းနယ်မြေများတွင် ဘိန်းနှင့် ဘိန်းဖြူ ကူးသန်း ရောင်းဝယ်ရေး ခွင့်ပြုခဲ့ကြောင်း သိရသည်။[8] မြန်မာနိုင်ငံတွင် ဘိန်းနှင့် ဘိန်းဖြူ ထုတ်လုပ်မှု အလွန်အမင်း မြင့်တက်လာပြီး ၁၉၈၆ ခုနှစ်နှင့် ၁၉၉၆ ခုနှစ်အကြား နှစ်ဆတိုးမြင့်သွားကာ၊ ယခင် မြန်မာပြည်ကွန်မြူနစ်ပါတီသည် "အရှေ့တောင် အာရှတွင် လက်နက်အတောင့်တင့်ဆုံး မူးယစ်ဆေးဝါးကုန်သွယ်သည့် အဖွဲ့အစည်း" ဖြစ်သွားခဲ့သည်။ [9]

ထိုစဉ်က KIA အား အဓိကလက်နက်ပေးသူ CPB ပြိုကွဲခြင်းသည် ၁၉၉၃ နှင့် ၁၉၉၄ အတွင်း KIO နှင့် မြန်မာအစိုးရ အကြား ညှိနှိုင်းနေသည့် တရားဝင် အပစ်အခတ်ရပ်စဲရေးပြုလုပ်ရန် ရုတ်တရက် တွန်းပို့လိုက်ရာ ရောက်သွားသည်။ KIO နှင့် အစိုးရမှ ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ကချင်ပြည်နယ်၏ မြို့တော် မြစ်ကြီးနားတွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ပြီး၊ ကချင်ပြည်နယ် အထူးဒေသတွင် KIO အား နိုင်ငံရေးအရ သီးခြား ရပ်တည်ပိုင်ခွင့်ပြုခဲ့ပါသည်။ ဤသဘောတူညီချက်အရ မြန်မာနှင့် ကချင်အာဏာပိုင်များအကြား နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ဆက်နွယ်မှုများ ရှိလာခဲ့သည်။ ဥပမာ သဘာဝအရင်းအမြစ်များ ထုတ်ယူမှုနှုန်း အလွန်မြင့်တက်လာခြင်းနှင့် ကချင်ဒေသတွင် လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့များနှင့် ဖွံ့ဖြိုးရေးများ တိုးမြင့် လုပ်ဆောင်ရန် လွတ်လပ်မှု အချို့ရရှိလာခြင်းများ ဖြစ်သည်။ ဖွံ့ဖြိုးရေးကိစ္စမှာမူ လာမည့် နှစ်ပေါင်းများစွာ ကြာအောင် ဆက်လက်ပြီး ဥပက္ခာ ပြုခံရဦးမည် ဖြစ်သည်။ နယ်မြေအချို့ကို မြန်မာအစိုးရ သို့မဟုတ် KIO အုပ်ချုပ်မှု အောက်တွင် ထားရှိပြီး၊ အချို့ဒေသများကို နှစ်ဖက်ပူးတွဲ အုပ်ချုပ်သည့်နယ်မြေ အဖြစ် သတ်မှတ်ရန် KIO နှင့် ဗဟိုအစိုးရတို့ သဘောတူခဲ့သည်။

---

[5] CPB နှင့် ၄င်း၏လက်နက်ကိုင်ဂိုဏ်းကွဲကို ဗိုလ်ချုပ်အောင်ဆန်းနှင့် အခြားလူများက ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံမှ ဗြိတိသျှတို့အား တိုက်ထုတ်ရန် ဂျပန်များနှင့်ပူးပေါင်းဆောင်ရွက်ရာတွင်၄င်း၊ ဂျပန်များအား တိုက်ထုတ်ရန် ဗြိတိသျှများနှင့်ပူးပေါင်းရာတွင်၄င်း၊ ထို့နောက် ၁၉၄၇ခုနှစ်တွင် လုပ်ကြံခံရသည့်အတွက် ဗိုလ်ချုပ်အောင်ဆန်း အသက်ထင်ရှားမမြင်လိုက်ရသည့် မြန်မာနိုင်ငံလွတ်လပ်ရေး ရယူရာတွင်၄င်း အသုံးဝင်ခဲ့ပါသည်။

[6] Bertil Lintner, *Burma in Revolt: Opium and Insurgency Since 1948* (ချင်းမိုင်။ ။ Silkworm Books, ၁၉၉၉), စာမျက်နှာ ၃၆၃-၃၆၈။ Bertil Lintner, "Myanmar's Endless Ethnic Quagmire," *Asia Times Online*, ၂၀၁၂ ခုနှစ် မတ်လ ၈ ရက် http://www.atimes.com/atimes/Southeast_Asia/NC08Ae02.html (၂၀၁၂ ခုနှစ် မတ်လ ၈ ရက် ကြည့်ခဲ့သည်) ကိုလည်း ကြည့်ပါ။

[7] အထက်ပါအတိုင်း။

[8] R.I. Rotberg, အယ်ဒီတာ, *Burma: Prospects for a Democratic Future* (Washington D.C.: Brookings Institute Press, ၁၉၉၈ ခုနှစ်၊ စာမျက်နှာ ၁၆၆ ရှိ Bertil Lintner, "Drugs and Economic Growth: Ethnicity and Exports" ကို ကြည့်ပါ။

[9] Bertil Lintner, *Burma in Revolt: Opium and Insurgency Since 1948* (ချင်းမိုင်။ ။ Silkworm Books, ၁၉၉၉), စာမျက်နှာ ၃၆၈။

၁၉၉၄ ခုနှစ်အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကြောင့် တိုက်ပွဲရပ်စဲသွားသော်လည်း ၎င်းမှာ ငြိမ်းချမ်းရေး သဘောတူညီချက်မဟုတ်ဘဲ နှစ်ဘက် လူ့အခွင့်အရေးချိုးဖောက်မှုများကိုလည်း အဆုံးသတ်လိုက်ခြင်း မရှိခဲ့ပေ။ KIA မှ ၎င်း၏ စစ်တပ်များကို ဆက်လက်ထားရှိပြီး၊ ကလေးစစ်သားစုဆောင်းခြင်း၊ အသုံးပြုခြင်းများ ပြုလုပ်ခဲ့သည်။ မြန်မာ စစ်တပ်မှလည်း အတင်းအကြပ် ခိုင်းစေမှုခြင်း၊ လယ်ယာမြေ သိမ်းယူခြင်းနှင့် အခြားသော မတရား ညှဉ်းပန်းမှုများ ဆက်လက်ကျင့်သုံးသည်။[10]

## ၁၉၉၄ ခုနှစ်မတိုင်မီ လူ့အခွင့်အရေးချိုးဖောက်မှုများ

၁၉၉၄ ခုနှစ်အရောက်တွင် ကချင်ပြည်နယ်ရှိ လက်နက်ကိုင် ပဋိပက္ခကြောင့် လူထု ဒုက္ခအကြီးအကျယ် ရောက်ခဲ့ သည်။ သောင်းပေါင်းများစွာသော ရွှာပုန်းရွှာရှောင် ကချင်လူမျိုးများမှာ မြန်မာ-တရုတ်နယ်စပ် တလျှောက် စခန်းများ တွင် နေခဲ့ကြပြီး၊ သောင်းပေါင်းများစွာသော လူထုသည် တရုပ်ပြည်တွင် အသိအမှတ် ပြုမခံရသည့် ဒုက္ခသည်များ အဖြစ် နေခဲ့ ကြရသည်။ ထို့အပြင် ထိုစဉ်က KIO စာရွက်စာတမ်းများအရ အနည်းဆုံး ကချင်လူများ ၆၀၀၀၀ မှာ ကချင်နှင့် ရှမ်းပြည်နယ်တို့တွင် ပြည်တွင်းအိုးအိမ်နေရာမဲ့သူများ ဖြစ်ခဲ့ကြသည်။[11] အပစ်အခတ် ရပ်စဲရေး သဘော တူညီမှု နောက်ပိုင်းတွင် ကေအိုင်အို မှ ပြန်လည် နေရာချထားရေး ကြိုးပမ်းမှုများ အကြီးအကျယ် လုပ်ခဲ့ သည်။

လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ တွေ့ဆုံမေးမြန်းသည့် ကချင်ရွှာသားများက ၁၉၉၄ ခုနှစ် အပစ်အခတ် ရပ်စဲပြီးနောက် မြန်မာစစ်သားများမှ ကျူးလွန်သည့် နာကြည်းဖွယ်ရာ မတရား အတင်းအကြပ်ခိုင်းစေမှုများ၊ ညှဉ်းပန်း နှိပ်စက်မှုများ၊ သတ်ဖြတ်မှုများ၊ မုဒိန်းမှု၊ အိုးအိမ် ပိုင်ဆိုင်မှုများကို ဖျက်ဆီးခြင်း၊ လယ်ယာများ သိမ်းယူခြင်းနှင့် အခြား သော အခွင့်အရေးချိုးဖောက်မှုများအကြောင်း ပြောပြကြပါသည်။ ကချင်ပြည်သူများက အတိတ်မှ ဘာသာရေး အရ ဖိနှိပ်မှု အကြောင်းများလည်း ပြောကြသည်။ ၎င်းတို့ကြောင့် အိုးအိမ်မဲ့ကချင်လူထုကြားတွင် ညှဉ်းပန်း နှိပ်စက်ခံရရန် စိုးရိမ်မှုများ၊ လူမျိုးရေးနှင့် ဘာသာရေးအရ ခွဲခြားဆက်ဆံခံရရန်စိုးရိမ်မှု အများအပြား ဖြစ်ပေါ်လျက် ရှိသည်။ ၁၉၇၀နှင့် ၁၉၈၀ ခုနှစ်များနှင့် ၁၉၉၀ ခုနှစ်အစောပိုင်းကာလများတွင် မြန်မာစစ်တပ်မှ ၎င်းတို့၏ရွှာများအား မီးရှို့ ပြာချ ခဲ့ပုံကို လူ့အခွင့်အရေးစောင့်ကြည့်သည့်အဖွဲ့အား အရပ်သားအချို့ မှပြောပြကြသည်။

၁၉၉၁ ခုနှစ်အရောက်တွင် မြန်မာစစ်အစိုးရမှ KIA ဆန့်ကျင်သည့်စည်းရုံး လှုပ်ရှားမှုများ တိုးမြှင့်လုပ်ဆောင်ခဲ့သည်။ ထိုအချိန်က မြန်မာအစိုးရစစ်တပ်မှ KIA နှင့်ဆက်စပ်နေသည်ဟု သံသယရှိသည့် အရပ်သားများအား ပစ်မှတ် ထားပြီး၊ ကချင်အရပ်သားအများအပြားအား မြန်မာစစ်တပ်မှ ချုပ်ကိုင်ထားသည့်နယ်မြေများသို့ အတင်းအကြပ် ရွှေ့ပြောင်းပြီး အကြောင်းမဲ့သတ်ဖြတ်ခြင်း၊ မုဒိန်းကျင့်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ အတင်းအကြပ် ပေါ်တာထမ်းစေ ခြင်းနှင့် ပိုင်ဆိုင်မှုများအား ဖျက်ဆီးခြင်းတို့အပါအဝင် မတော်မတရား ပြုကျင့်မှုများ ကျူးလွန်ခဲ့ကြောင်း လူ့အခွင့် အရေး စောင့်ကြည့်သည့်အဖွဲ့မှ အစီရင်ခံခဲ့ပါသည်။[12] ၁၉၉၄ ခုနှစ်အရောင်တွင် ခန့်မှန်းခြေကချင်လူမျိုး ၆၀၀၀၀ မှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွှာပုန်းရွှာရှောင် ဖြစ်ခဲ့ပြီး ခန့်မှန်းခြေ ၂၀၀၀၀ မှာ တရုတ်ပြည်တွင်း သို့

[10] ယနေ့တွင် ငယ်စဉ်ကတည်းက ဆယ်စုနှစ်ပေါင်းများစွာကြာအောင် တာဝန်ထမ်းခဲ့ပြီး တိုက်ပွဲဝင်ခဲ့သည့် အသက်အရွယ်ကြီးမြင့်သူ KIA စစ်သားများ အများအပြားတွေ့ရနိုင်သည်။

[11] ကချင်လွတ်လပ်ရေးအဖွဲ့၊ *Kachin Resettlement Report* (၁၉၉၅)။

[12] Human Rights Watch, *World Report 1992* (New York: Human Rights Watch, ၁၉၉၂), မြန်မာနိုင်ငံအကြောင်းအခန်း၊ စာမျက်နှာ ၃၄၇-၄၈။

ထွက်ပြေး တိမ်းရှောင်ခဲ့ရကာ၊ ခန့်မှန်းခြေ ၄၀၀၀ မှာ အိန္ဒိယနိုင်ငံအတွင်းသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။[13] ထိုအချိန်က ကမ္ဘာ့ကုလသမဂ္ဂ ဒုက္ခသည်များ မဟာမင်းကြီးရုံး (UNHCR) နှင့် နိုင်ငံတကာ ကြက်ခြေနီအသင်းကဲ့သို့ နိုင်ငံတကာ အဖွဲ့အစည်းများမှာ ကချင်ပြည်နယ်၏ နယ်စပ်ဒေသများတွင် လုပ်ကိုင်ခွင့်မရှိပါ။[14]

ဤမတရားညှဉ်းပန်းမှုများမှာ ယနေ့ဆက်လက်ဖြစ်ပေါ်နေပြီး အနာဂတ် တိုင်းရင်းသား ပြန်လည်သင့်မြတ်ရေး နှင့် လူ့အခွင့်အရေး တိုးတက်မှု တို့အပေါ်တွင် မျိုးဆက်လိုက် ကြုံရမည့်အခက်အခဲများကို မီးမောင်း ထိုးပြ ထားခြင်း ဖြစ်သည်။ မြန်မာစစ်တပ်၏ ကာလကြာရှည် မတရားညှဉ်းပန်းမှု များကြောင့်လည်း၊ မိမိတို့ရွာနား တိုက်ပွဲသံများ ချဉ်းကပ်လာသည်နှင့် လက်ရှိ ပဋိပက္ခဖြစ်နေသော ရွာများမှ ရွာသားများ အလျင်အမြန် ထွက်ပြေးကြရခြင်း ဖြစ်သည်။ မြန်မာစစ်သားများ၏လက်ထဲတွင် နောက်ထပ် မတရားညှဉ်းပန်းမှု ခံရမည်ကို ၎င်းတို့ စိုးရိမ်နေကြခြင်း မှာလည်း နားလည်နိုင်ဖွယ်ရာ ဖြစ်ပါသည်။

## ၂၀၁၁ ခုနှစ် လက်နက်ကိုင်ပဋိပက္ခများ အသစ်တဖန် မပေါ်ပေါက်မီ အဖြစ်အပျက်များ

၂၀၀၈ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များအရ လက်နက်ကိုင်အုပ်စုများအားလုံးကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း မြန်မာစစ်တပ်၏ တိုက်ရိုက်ချုပ်ကိုင်မှု အောက်တွင်ရှိသည့် နယ်ခြားစောင့်တပ် (BGF) များအဖြစ် ပြောင်းလဲရမည်ဟု မြန်မာစစ်အစိုးရက ကြေငြာခဲ့သည်။ တိုင်းရင်းသား ပဋိပက္ခနှင့် တင်းမာမှုများ၏ အခြေခံအကြောင်းရင်းများအား နိုင်ငံရေးအရ ဖြေရှင်းမှုမရှိဘဲ BGF အဖြစ်သို့ မပြောင်းလဲနိုင်ဟုပြောပြီး ဤအဆိုပြုချက်ကို KIO မှ ငြင်းပယ်ခဲ့သည်။

၂၀၀၉ ခုနှစ်တွင် KIO နှင့် မြန်မာအစိုးရအကြား ရန်ဖန်ရန်ခါ ညှိနှိုင်းမှုများ၊ လျှို့ဝှက်ဆက်ဆံရေးများ ဆက်၍ ရှိနေသော်လည်း ၎င်း၏ လက်ရှိစစ်တပ်အင်အားတိုးမြှင့်ရန် KIA မှ မိမိဆန္ဒအလျောက် စစ်သားစုဆောင်းရေး အစီအစဉ် စတင်ခဲ့သည်။

လပေါင်းများစွာ တိုးမြှင့်လာသည့် တင်းမာမှုများနောက်ပိုင်း ၂၀၁၀ ခုနှစ် အောက်တိုဘာလတွင် မြန်မာ အာဏာပိုင်များက ကချင်ပြည် မိုးညှင်းမြို့ရှိ KIA ဆက်ဆံရေးရုံးကို ရှာဖွေခဲ့ပြီး KIA အရာရှိများအား ထိန်းသိမ်း သွားခဲ့ပါသည်။ ဤသည်ကို ကချင်ဘက်မှ ရန်စသည်ဟုယူဆခဲ့သည်။ ရက်အနည်းငယ်ကြာသည့်အခါ ၁၉၉၄ ခုနှစ်နောက်ပိုင်း ပထမဆုံးအနေနှင့် မြန်မာအစိုးရ မီဒီယာမှ KIA အား "အပစ်အခတ်ရပ်စဲရေးအုပ်စု" အစား "သူပုန်များ" ဟုခေါ် ဆိုခဲ့ပြီး၊ ကချင်ပြည်နယ် ပင်ရိုင်းရွာတွင် လူနှစ်ဦးသေဆုံးခဲ့သည့် မြေမြှုပ်မိုင်းပေါက်ကွဲမှုအတွက် ကေအိုင်အေကို အပြစ်တင်ခဲ့သည်။[15]

ယခင်က ၂၀၁၀ ခုနှစ် စီစဉ်ထားသည့် နိုင်ငံရွေးကောက်ပွဲများတွင် ကချင်များအား ပါဝင်ခွင့် အာမခံ ဂတိပေးမှုများ ရှိခဲ့သော်လည်း၊ နောက်ပိုင်းတွင် မြန်မာအစိုးရမှ ကချင်များအား နိုင်ငံရေးပါတီများ မှတ်ပုံတင်ရာတွင်၎င်း၊ သီးခြား

---

[13] အထက်ပါအတိုင်း။ စာမျက်နှာ ၃၄၈။ Ashley South, *Mon Nationalism and Civil War: The Golden Sheldrake* (New York: Routeledge, ၂၀၀၅), စာမျက်နှာ ၁၆၇။

[14] Human Rights Watch, *World Report 1992*, စာမျက်နှာ ၃၄၈။

[15] "KIA Mine Kills Two, Injures One," *The New Light of Myanmar*, ၂၀၁၀ ခုနှစ် အောက်တိုဘာလ၊ စာမျက်နှာ ၈။

ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်သူများ အဖြစ်၄င်း ပါဝင်မှုမှ တားမြစ်ခဲ့ပြီး၊ KIO ဘက်လိုက်သည့် ရွေးကောက်ပွဲဝင်သူများကို မဲပြားမှ ဖယ်ရှားလိုက်ပြီး၊ KIO ထိန်းချုပ်ထားသည့်ဒေသများမှ သောင်းပေါင်းများစွာသော ကချင်လူထုအား မဲထည့်ခွင့် မရရှိနိုင်ရန် ထိရောက်စွာ တားမြစ်ခဲ့သည်။

ထိုရွေးကောက်ပွဲသည် အနှစ် ၂၀ အတွင်း မြန်မာနိုင်ငံတွင် ပထမဆုံး ကျင်းပသော ရွေးကောက်ပွဲ ဖြစ်သည်။ ၂၀၀၈ ခုနှစ်က အများလေးစားမှုမရှိသော်လည်း အစိုးရမှ "စည်းကမ်းရှိပြီး စစ်မှန်သည့် ပါတီစုံ ဒီမိုကရေစီ" ထွန်းကားရေးအတွက် အဓိကအဆင့်တစ်ဆင့်ဟု ယူဆသည့်၊ ပြုပြင်ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ လူထုဆန္ဒခံယူပွဲ ကို ကျင်းပ ခဲ့သည်။ [16] ဤ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါလီမန်နေရာ ၂၅ ရာခိုင်နှုန်းအား အလိုအလျောက် စစ်တပ်ကိုပေးပြီး အရပ်သားဘန်းပြကာ နောက်ကွယ်မှ အာဏာကို စစ်တပ်မှဆက်လက် ထိန်းချုပ်ထားစေနိုင်သည်။ ၂၀၁၀ ခုနှစ် နိုဝင်ဘာလတွင် စနစ်တကျ စီမံပြီး၊ ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲများမှာ လွတ်လပ်ခြင်းလည်းမရှိ၊ တရားမျှတခြင်းလည်းမရှိဘဲ၊ ယခင်က တပ်မတော်အရာရှိများနှင့် လက်ရှိအရာရှိများ လွှမ်းမိုးသည့် အစိုးရအား နေရာပေးလိုက်ပါသည်။ ၂၀၁၁ ခုနှစ် မတ်လတွင် အစိုးရအသစ်ကို တရားဝင်ဖွဲ့စည်းခဲ့ပြီး၊ ဤအစိုးရသစ်တွင် အမျိုးသားလွှတ်တော် နှစ်ရပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဆိုင်ရာ လွှတ်တော် ၁၄ ခုတို့ ပါဝင်သည်။

သမ္မတရာထူးအပ်နှံစဉ် ပေးခဲ့သည့်မိန့်ခွန်းတွင် ဗိုလ်ချုပ်ဟောင်း သမတဦးသိန်းစိန်မှ ၄င်း၏အစိုးရမှာ "နိုင်ငံတော်စည်းလုံးညီညွတ်ရေး" အတွက် ခံယူချက်ရှိကြောင်း ပြောကြားခဲ့ပါသည်။ ထိုစကားမှာ ယခင်က မြန်မာခေါင်းဆောင်များမှ မတော်မတရား စစ်ဆင်ရေးများ၊ ဖိနှိပ်မှုများနှင့် တိုင်းရင်းသားလူနည်းစုများဒေသတွင် စစ်တပ်များချထားခြင်းများအတွက် အကြောင်းပြချက်အဖြစ် ယခင်ကသုံးခဲ့သည့် စကားဖြစ်ပါသည်။ "အပြောချည့်သက်သက်နဲ့ နိုင်ငံစည်းလုံးရေးကို ရဖို့ မလုံလောက်" ကြောင်း သူက ပြောကြားခဲ့ပါသည်။ သို့ရာတွင် ယခင်ခေါင်းဆောင်များနှင့် မတူဘဲ သူက လက်နက်ကိုင်တိုင်းရင်းသားအုပ်စုများအား "တည်ငြိမ်မှုကို ပျက်ပြားစေသည့် အရာများ" သို့မဟုတ် "ချေမှုန်း" လိုက်ရမည့် ခြိမ်းခြောက်မှုများဟု ရည်ညွှန်းခြင်း မရှိပါ။ တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခမှာ "တစ်ယူသန်စွဲမှု၊ ဂိုဏ်းဂဏကွဲပြားမှု၊ လူမျိုးရေးခွဲခြားမှု" များကြောင့်ပေါ်ပေါက် လာရခြင်းဖြစ်ကြောင်း အသိအမှတ်ပြုပြီး တိုင်းရင်းသားလူမျိုးများမှာ "ဖော်မပြနိုင်သော စိတ်ဆင်းရဲမှုငရဲကို ခံစားနေရကြောင်း" ပြောပါသည်။[17] ဤသည်မှာ ယခင်က မရှိခဲ့ဖူးသော အစိုးရဘက်မှ ပြောဆိုချက်ဖြစ်ပြီး၊ မျှော်လင့်ချက်များပေးခြင်း သို့မဟုတ် မြန်မာအရေး လေ့လာသူအများအပြားက "သတိနှင့် အပြုသဘော" ရှုမြင် ရန် အတွက်အခြေခံ ရည်ညွှန်းချက်အဖြစ် ဆိုကြသည်။ [18]

ရွေးကောက်ပွဲနောက်ပိုင်းကာလတွင်လည်း မှတ်သားစရာ အပြောင်းအလဲများ တွေ့ရပါသည်။ အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းပိုင်ခွင့်နှင့် ဆန္ဒပြခွင့်တို့နှင့်ပတ်သက်ပြီး ပါလီမန်မှ ဥပဒေများ ပြဋ္ဌာန်းခဲ့ပါသည်။ သို့ရာတွင်

---

[16] လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့၊ "Q&A on Elections in Burma," ၂၀၁၀ နိုဝင်ဘာ၊ စာမျက်နှာ ၅ http://www.hrw.org/news/2010/11/02/qa-elections-burma (၂၀၁၂ မတ်လ ၄ ရက်နေ့တွင် ကြည့်ခဲ့သည်)။

[17] နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုသမတမြန်မာနိုင်ငံတော်အစိုးရ၊ "President U Thein Sein Delivers Inaugural address to Pyidaungsu Hluttaw," ၂၀၁၁ ခုနှစ် မတ်လ ၃၀၊ http://www.mofa.gov.mm/news/March2011/30-3-2011.html (၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်တွင် ကြည့်ခဲ့သည်)။

[18] ဥပမာ၊ "Cautious Optimism for Burma's Future: Aung San Suu Kyi," Agence France-Presse, ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၁၈ ရက်ကို ကြည့်ပါ။ "Burma: Promises of Change, But Abuses Continue," လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ သတင်းထုတ်ပြန်ချက်၊ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်ကိုလည်း ကြည့်ပါ။ http://www.hrw.org/news/2012/01/23/burma-promises-change-abuses-continue(၂၀၁၂ မတ်လ ၄ ရက်တွင် ကြည့်ခဲ့ပါသည်)၊

နိုင်ငံတကာ အဆင့်အတန်းနှင့် အညီ အကောင်အထည် ဖော်မလားဆိုတာ ရှင်းရှင်းလင်းလင်း မသိရပါ။ ယခင်က အစိုးရအရာရှိများနှင့် ပါလီမန် အမတ်များ ရှောင်ရှားခဲ့သည့် အကြောင်းအရာများဖြစ်သည့် နိုင်ငံရေးအကျဉ်းသားများ၊ လယ်ယာသိမ်းယူခြင်းကိစ္စများ၊ တိုင်းရင်းသား ပဋိပက္ခများအကြောင်း ဆွေးနွေးခဲ့ကြပြီး မီဒီယာကန့်သတ်ချက်များကိုလည်း လျှော့ပေါ့ပေးခဲ့ပါသည်။ [19] မှတ်သားစရာ အကောင်းဆုံးမှာ နှစ်ပေါင်းများစွာ ပြည်တွင်းနှင့် နိုင်ငံတကာမှ ဖိအားပေးပြီးနောက် ၂၀၁၁ ခုနှစ် အောက်တိုဘာလနှင့် ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် ထင်ရှားသည့်နိုင်ငံရေး အကျဉ်းသားများအား လွှတ်ပေးခြင်းပင် ဖြစ်ပါသည်။ [20]

## ကချင်ပြည်နယ်တွင် တစ်ကျော့ပြန် ဖြစ်ပေါ်လာသော လက်နက်ကိုင် ပဋိပက္ခ။ ။ ၂၀၁၁ ခုနှစ် ဇွန်လမှ လက်ရှိကာလအထိ

၂၀၁၁ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် မြန်မာအစိုးရမှ ကချင်ပြည်တွင် အကြီးအကျယ်ထိုးစစ်ဆင်ပြီး KIA နှင့် ၁၇ နှစ်ကြာ အပစ်အခတ်ရပ်စဲရေးကို အဆုံးသတ်ခဲ့ပါသည်။[21]

ဤလက်နက်ကိုင်ပဋိပက္ခ မစတင်မီ အဖြစ်အပျက်များရှိခဲ့ပါသည်။ ၂၀၁၁ ခုနှစ် ဇွန်လ ၈ ရက်နေ့တွင် မြန်မာစစ်သား သုံးဦး KIO နယ်မြေအတွင်း အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ဆန့်ကျင်ပြီး လက်နက် အပြည့်အစုံဖြင့် အသိမပေးဘဲ ဝင်ရောက်ခဲ့သဖြင့် KIA မှ ၄င်းတို့အား ဖမ်းဆီးခဲ့ပါသည်။ နောက်နေ့ မနက် ၃ နာရီခန့်တွင် မြန်မာ့စစ်တပ်မှ တပ်ရင်း ၃၇ နှင့် ၄၃၈ တို့က KIA အုပ်စုငယ်တစ်စုအား ၄င်းစခန်းချထားသည့် စန်ဂန်းအနီးတွင် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ဒေသခံ KIA ဆက်ဆံရေးရုံးမှ  KIA စစ်သား ချန်းယိမ်း အသက် ၃၁နှစ် အား ဖမ်းဆီးခဲ့ပါသည်။

ဇွန်လ ၁၀ ရက်နေ့တွင် ဖမ်းဆီးခံနေရသည့် မြန်မာစစ်သားများကို ချန်းယိမ်းနှင့် လဲပေးရန် KIA နှင့် မြန်မာနိုင်ငံ မြောက်ပိုင်းတိုင်းမှူးအကြား အကျဉ်းသားဖလှယ်ရေး သဘောတူညီမှုတရပ် ရယူခဲ့ပါသည်။ KIA မှ မြန်မာတပ်ရင်းထံ စစ်သားနှစ်ဦး လွှတ်ပေးခဲ့ပြီး မြန်မာစစ်တပ်မှ ချန်းယိမ်း၏ လက်နက်အပါအဝင် ပစ္စည်းများကို ပေးသော်လည်း လူကိုမူ မပေးကြောင်း သိရသည်။ ဇွန်လ ၁၁ ရက်နေ့တွင် မြန်မာစစ်တပ်မှ KIA သို့ မမျှော်လင့်ဘဲ ချန်းယိမ်း၏အလောင်းကို ပေးပြီး တိုက်ပွဲတွင်ရခဲ့သောဒဏ်ရာများဖြင့် ၄င်းသေဆုံးသွားသည်ဟု ဆိုခဲ့သည်။ ချန်းယိမ်းမှာ ဆက်ဆံရေးရုံးတွင်ရှိစဉ် အဖမ်းခံရခြင်းဖြစ်ပြီး၊ တိုက်ပွဲတွင်အဖမ်းခံရခြင်း မဟုတ်ကြောင်း နှင့် ၄င်း၏အလောင်းတွင် နှိပ်စက်ညှဉ်းပမ်းခံခဲ့ရသည့် လက္ခဏာများရှိနေကြောင်းကို KIA မှ လူသိရှင်ကြား

---

[19] "Burma: A Year After Elections, Rights Concerns Persist," လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ သတင်းထုတ်ပြန်ချက်၊ ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၃ ရက်၊ http://www.hrw.org/news/2011/11/04/burma-year-after-elections-rights-concerns-persist.

[20] "Burma: Political Prisoners Released," လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ သတင်းထုတ်ပြန်ချက်၊ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်၊ http://www.hrw.org/news/2012/01/13/burma-political-prisoners-released (၂၀၁၂ မတ်လ ၄ ရက်တွင် ကြည့်ခဲ့ပါသည်)။ ဤစာရေးချိန်တွင် နိုင်ငံရေးအကျဉ်းသား အများအပြားမှာ ထိန်းသိမ်းခံနေရဆဲဖြစ်ပါသည်။

[21] ဤပဋိပက္ခနှင့် နှစ်ဦးနှစ်ဘက်သေဆုံးမှုများဆိုင်ရာ ယေဘုယျအချက်အလက်များသိရန် Samuel Blythe and Hkawn Nu, "A thorn in Myanmar's side," *Jane's Terrorism and Security Monitor*, ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှာ ကြည့်ပါ။

ပြောဆိုလိုက်သည်။ [22] အင်တာနက်နှင့် ကချင်ပြည်နယ်တဝှမ်းတွင် ညှဉ်းပမ်းနှိပ်စက်ထားသည် ဟုဆိုသည့် အသေးစိတ်ဓာတ်ပုံများ ပျံ့နှံ့သွားခဲ့သည်။

ဤ ရှေးဦးတိုက်ခိုက်မှု ဖြစ်ပြီးနောက် ပဋိပက္ခအရှိန်အဟုန် လျင်မြန်စွာ တိုးမြင့် သွားသည်။ ပစ္စည်း သယ်ဆောင်ရေးလမ်းကြောင်းများ ပိတ်ဆို့ရန် တံတားအချို့ကို KIA မှ ဖျက်ဆီးခဲ့ပြီး၊ ၎င်း၏နယ်မြေပတ်လည်တွင် လူသေစေသည့် မြေမြှုပ်မိုင်းများ ချထားကာ ခုခံသည့်အနေအထား ထားရှိခဲ့ပါသည်။ သို့ရာတွင် မြန်မာစစ်တပ် ယာဉ်တန်းများအား စတင် ခြုံခို တိုက်ခိုက်ခဲ့သည်။ ဤအတောအတွင်း မြန်မာစစ်တပ်မှ စတင်ထိုးစစ်ဆင်ခြင်း၊ KIA တပ်များ ကင်းလှည့်သည့် နေရာများတွင် မြေမြှုပ်မိုင်းများ ထားခြင်းတို့ ပြုလုပ်ပြီး ထိုဒေသတွင် နောက်ထပ် တိုက်ပွဲများ ဆင်နွှဲခဲ့ကြပါသည်။ စစ်သားဦးရေအတိအကျ မရရှိနိုင်ပါ။ ကချင်စစ်တပ်မှ ကာလကြာရှည်စွာ ထိန်းချုပ်ထားသည့် လိုင်ဇာ၊ မိုင်ဂျာရန်နှင့် မြောက်ပိုင်းရှမ်းပြည်တို့ရှိ KIA အခိုင်အမာ တပ်စွဲထားသည့် နေရာများကို ဝိုင်းရန်ကြိုးပမ်းချက် အနေဖြင့်၊ မြန်မာစစ်တပ်မှ အဓိက ကချင်တပ်စခန်းများကို လျင်မြန်စွာ သိမ်းပိုက်လိုက်ပါသည်။ အခင်းဖြစ်ပွားပြီး နောက်ပိုင်းလများတွင် KIA မှ ယခင်က ထိန်းချုပ်စီမံခန့်ခွဲခဲ့သည့် နယ်မြေ အတော်များများ ကို ဆုံးရှုံးလိုက် ရသည်။

ဇွန်လအခင်း ဖြစ်ပွားပြီး နောက်ပိုင်းမှ မြန်မာစစ်တပ်များအား ထိုးစစ်ဆင် တိုက်ခိုက်ရန်အမိန့်ပေးသလား သို့မဟုတ် တိုက်ခိုက်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားခြင်း ရှိ မရှိကိုမူ သဲသဲကွဲကွဲ မသိရပါ။ ပဋိပက္ခမဖြစ်မီ ရက်သတ္တပတ်များစွာတွင် KIA ပိုင်နက်ဒေသများ၌ မြန်မာစစ်သားများမှ အမှတ်အသားမရှိသည့် မော်တော်ယာဉ်များနှင့် စစ်ဝတ်စုံများ အပေါ်တွင် အရပ်ဝတ်အရပ်စား ထပ်ဝတ်ထားသည့် စစ်သားများအား သယ်ယူပို့ ဆောင်ပြီး လျှို့ဝှက်စွာ သွားလာ နေသည်ကို တွေ့မြင်ကြောင်း ကချင်အရပ်သားများက လူ့အခွင့်အရေး စောင့်ကြည့်ရေး အဖွဲ့အား ပြောပါသည်။ [23] လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ ဤပြောပြချက်များကို အတည်ပြု နိုင်ခြင်း မရှိပါ။

## မြန်မာနိုင်ငံမြောက်ပိုင်း အဓိက အခြေခံအဆောက်အဦး စီမံကိန်းများ

ကချင်ပြည်နယ်တွင် ငွေကြေးအမြောက်အများရနိုင်သည့် သဘာဝအရင်းအမြစ်များ ကြွယ်ဝသည်။ ကျောက်စိမ်း၊ ကြေးနီ၊ ရွှေ၊ သတ္တု၊ ကျောက်မီးသွေးနှင့် သစ်ကဲ့သို့ အရင်းအမြစ်များတွင် ပုဂ္ဂလိကနှင့် နိုင်ငံပိုင် မြန်မာနှင့် တရုတ်လုပ်ငန်းများက အရင်းအနှီးများစွာ မြှုပ်နှံထားသည်။ တရုတ်အစိုးရ၏ ဘိန်းအစားထိုးစိုက်ပျိုးမှု အစီအစဉ်၏ တစိတ်တစ်ပိုင်းအနေဖြင့် ကချင်ပြည်နယ်တွင် တရုတ်ဦးဆောင်သည့် စိုက်ပျိုးရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု များ

[22] ကချင်လွတ်လပ်ရေးအဖွဲ့, “Press Release on Chronology of Events of Armed Conflicts in Kachin Conflict,” ၂၀၁၂ ခုနှစ် ဇွန်လ ၂၀ ရက်နေ့ကို ကြည့်ပါ။

[23] ဥပမာ၊ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ တွေ့ဆုံမေးမြန်းမှု E.C., Yunnan Province, China, ၂၀၁၁ ဩဂုတ်လကိုကြည့်ပါ။ “သူတို့က ရွာကအိမ်ကိုလာပြီး အဲဒီမှာ ဆိုင်လေးတစ်ဆိုင်ရှိတယ်။ သူတို့သူငယ်ချင်းတချို့ကို စောင့်နေသလိုလုပ်နေတယ်။ မှောင်လာတော့လည်း သူတို့မပြန်ဘူး။ အဲဒီမှာပဲအိပ်မယ်လို့ပြောတယ်။ ကျနော်တို့လည်း ကြမ်းပေါ်မှာ ပြင်ပေးလိုက်ပြီး သူတို့ အင်္ကျီချွတ်တော့မှ ဗမာစစ်သားတွေမှန်းသိတော့တယ်။ ဒါက တိုက်ပွဲမစခင် နှစ်ပတ်လောက်က။ နောက်နေ့ကျတော့ သူတို့ ထွက်သွားပြီး ဗန်းမော်ဘက်သွားကြတယ်။ သူတို့အဝတ်အစားတွေအောက်မှာ ဗမာစစ်ဝတ်စုံတွေ ဝတ်ထားကြတယ်။ သူတို့ အင်္ကျီချွတ်ပြီး သူတို့ရဲ့ ယူနီဖောင်းတွေလည်းတွေ့ရော ကျနော်တို့ တကယ်လန့်သွားတယ်။ ဆိုင်ရှင်လည်း အိမ်မှာမအိပ်ရဲတော့ဘဲ ကျနော့်အိမ်မှာ လာအိပ်တယ်။” အခြားရွာသားအချို့ကလည်း ပဋိပက္ခမစမီ နှစ်ပတ်သုံးပတ်ခန့်က မြန်မာစစ်သားများ အရပ်ဝတ်အရပ်စားနှင့် ကောင်းကောင်း အသွင်မပြောင်းထားဘဲ လွိုင်ဂျယ်နဲ့ ဗန်းမော်ကြား KIA နယ်မြေထဲမှဖြတ်ပြီး အထုပ်များ သည်နေသည်ကို တွေ့ကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့အား ပြောပြပါသည်။

လည်း အတော်များများ ရှိနေသည်။[24] ပဋိပက္ခများနှင့် ပြည့်နေသည့် ကချင်ပြည်နယ်နှင့် မြောက်ပိုင်းရှမ်းပြည်နယ် ဒေသမှ ရေအားလျှပ်စစ်စီမံကိန်းများနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုက်လိုင်းတို့မှာ မြန်မာနိုင်ငံမြောက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှု ပမာဏနှင့် ဝင်ငွေအများဆုံးဖြစ်ပြီးသည့် အကြီးဆုံးသော စီမံကိန်းများ ဖြစ်ပါသည်။ ကချင်ပြည်နယ် ရှိ ကြီးမားသော ရင်းနှီးမြှုပ်နှံမှုများကို အောက်တွင် အတိုချုပ်ဖော်ပြထားပါသည်။ ၄င်းတို့သည် လက်ရှိပဋိပက္ခ၏ နောက်ခံ တစိတ်တဒေသ ဖြစ်ကြောင်းကို မြန်မာအာဏာပိုင်များနှင့် KIA တို့ နှစ်ဘက်လုံးမှ အသိအမှတ် ပြုခဲ့ သည်။ [25]

## တာပိန်ရေအားလျှပ်စစ် ရေကာတာ အမှတ် ၁

အပြည့်အဝ လည်ပတ်နေပြီဖြစ်သည့် တာပိန် အမှတ် ၁ ရေအားလျှပ်စစ် ရေကာတာနှင့် ၄င်းအနီးတွင် တည် ဆောက်ထားသော တာပိန် အမှတ် ၂ ရေအားလျှပ်စစ် ရေကာတာတို့သည် ကချင်ပြည်နယ် တာပိန်မြစ်တွင် တည်ရှိသည်။ ၂၀၀၇ ခုနှစ်မှ ရေကာတာများကို စတင် တည်ဆောက်ခဲ့သည်။ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလတွင် တာပိန် အမှတ် ၁ မှ စတင်ထုတ်လုပ်ခဲ့ပြီး ရေကာတာများအနီး KIA ထိန်းချုပ်နယ်မြေအတွင်းရှိ ဆန်ဂန်နှင့် ဘွန်ဆင်းရွာများအား မြန်မာစစ်တပ်မှ တိုက်ခိုက်ပြီးနောက်၊ ၂၀၁၁ ခုနှစ် ဇွန်လတွင် လည်ပတ်နိုင်ခြင်းမရှိတော့ဘဲ တရုတ်အလုပ်သမား များသည်လည်း လုပ်ငန်းခွင်နေရာမှ ထွက်ပြေး သွားခဲ့ကြသည်။[26]

အစိုးရရော KIA ကပါ တိုက်ပွဲကို တစ်ချိန်မဟုတ်တစ်ချိန်တွင် ရေကာတာရှိ ၄င်းတို့အကျိုးနှင့် ဆက်စပ်မှု ရှိခဲ့ သည်။ ဥပမာ၊ ၂၀၁၁ ခုနှစ် မြန်မာစစ်တပ်၏ ထိုးစစ်ဆင်တိုက်ခိုက်မှုမှာ ၄င်းဒေသရှိ အင်အားများကို စုပေါင်းပြီး ရေအားလျှပ်စစ် ရေကာတာအပေါ် လုံခြုံရေးပေးနိုင်ရန်အတွက်ဟု နိုင်ငံတော်မီဒီယာက ပြောခဲ့ပါသည်။ [27] ဤ သည်ကို တုံ့ပြန်သည့် အနေနှင့် ရေကာတာတွင် အန္တရာယ်ရှိကြောင်း ဆိုသည့်အချက်ကို KIO ကငြင်းဆို

---

[24] ဘိန်းအစားထိုးစိုက်ပျိုးသည့်အစီအစဉ်မှာ တရုတ်အစိုးရ၏အစီအစဉ်တစ်ရပ်ဖြစ်ပြီး ထောက်ပံ့ကြေးများ၊ အကောက်ခွန် ကင်းလွတ်မှုများနှင့် မြန်မာနိုင်ငံမြောက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံထားသည့် တရုပ်ကုမ္ပဏီများအတွက် သွင်းကုန်လျှာထားချက်များ ပေးပါ သည်။ Transnational Institute, *Financing Dispossession: China's Opium Substitution Program in Northern Burma*, ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ၊ http://www.tni.org/briefing/financing-dispossession (၂၀၁၂ ခုနှစ် မတ်လ ၆ ရက်နေ့တွင် ကြည့်ခဲ့သည်)။

[25] အဓိကဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများအပြင် ကချင်ပြည်နယ်ရှိပဋိပက္ခသည် ဒေသခံကျောက်စိမ်းကုန်သည်များနှင့် အငယ်စားမှ အလလယ်အလတ်စား တရုတ်ပိုင် ကျောက်စိမ်းလုပ်ငန်းများကိုလည်း ထိခိုက်သည်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် အသက် ၂၈ နှစ်အရွယ် ကချင်ကျောက်စိမ်းကုန်သည်တစ်ဦးမှ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့အားပြောပြသည်မှာ။ ။ " အခုလမ်းတွေအားလုံးပိတ်ထားပြီ။ မြစ်ကြီးနားနဲ လိုင်ဇာကြားလမ်းလည်း ပိတ်ထားတယ်။ မိုင်ဂျာရန်နဲ့ဗန်မော်ကြားလမ်းလည်း ပိတ်ထားတယ်။ ပြီးတော် မြစ်ကြီးနားက ကန်ပိုက်တီလမ်းလည်း ပိတ်ထားတယ်။ ဒါကြောင့် တရုတ်ဘက်ရောက်ဖို့မလွယ်ဘူး။ အခု စီးပွားရေးလုပ်ဖို့က ရက်ပေါင်းများစွာ ခရီးသွားရတယ်။ ခရီးစရိတ်ကလည်း အခုပိုများတယ်။" လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့တွေ့ဆုံမေးမြန်းမှု၊ တိတု၊ ကချင်ပြည်နယ်။ မြန်မာ၊ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်။

[26] Burma Rivers Network, "Dapein Dam Construction," http://www.burmariversnetwork.org/dam-projects/tarpeindapein.html#5 ကိုကြည့်ပါ (၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်တွင် ကြည့်ခဲ့သည်)။ "Burma: Army Committing Abuses in Kachin State: Government Forces Pillage Villages, Use Forced Labor in Renewed Fighting," လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့သတင်းထုတ်ပြန်ချက်၊ ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၁၈ ရက်၊ http://www.hrw.org/news/2011/10/18/burma-army-committing-abuses-kachin-state (၂၀၁၂ ခုနှစ် မတ်လ ၄ ရက်တွင် ကြည့်ခဲ့သည်)။

[27] "KIA စစ်သားများ၏ခြိမ်းခြောက်မှုနှင့် လက်နက်ကိုင်တိုက်ခိုက်မှုများကြောင့် တပ်မတော်စစ်ကြောင်းများမှ မလွဲမရှောင်သာဘဲ တန်ပြန်တိုက်ခိုက်ခဲ့ရသည်" *The New Light of Myanmar*, ၂၀၁၁ ခုနှစ် ဇွန်လ ၁၈ ရက်။ "KIA အား တပ်မတော်မှ တိုက်ခိုက်ရခြင်း၏ တစ်ခုတည်းသော ရည်ရွယ်ချက်မှာ ၄င်း၏အဖွဲ့ဝင်များနှင့် နိုင်ငံ၏ အရေးပါသည့် ရေအားလျှပ်စစ် စီမံကိန်းအား ကာကွယ်ရန်သာဖြစ်ပြီး ရန်လိုမှု သို့မဟုတ် ဖိနှိပ်မှုအတွက် မရည်ရွယ်ပါ" ဟု ဤဆောင်းပါးမှ နိဂုံးချုပ်ထားပါသည်။

ခဲ့သော်လည်း[28] ဤစီမံကိန်း တိုးတက် ပြောင်းလဲလာပုံအပေါ် စိတ်ကသိကအောက်ဖြစ်ကြောင်း ပြောခဲ့ ပါသည်။ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာအာဏာပိုင်များမှ ရေကာတာဒေသရှိ ဒေသခံ KIA စခန်းအား ဖျက်ဆီးခဲ့ပြီး၊ KIA မှ ချက်ချင်း ပြန်ဆောက်ခဲ့ကြောင်း ကြားသိရပါသည်။[29] ထို့အပြင် KIO မှ ရေကာတာလည်ပတ်သည့် ကုမ္ပဏီအား သိမ်းပိုက်လိုက်ပြီး၊ မြန်မာအစိုးရကလည်း၊ KIO သို့မဟုတ် ဒေသခံလူထုနှင့် တိုင်ပင်ခြင်း၊ ခွင့်ပြုချက်ရယူခြင်းတို့ အရင်မလုပ်ဘဲ၊ KIO နယ်မြေအတွင်းတွင် ရေကာတာဆောက်ရန် သဘောတူလိုက်သည်။[30]

## မြစ်ဆုံ ရေအားလျှပ်စစ် ရေကာတာ

မြစ်ဆုံရေကာတာသည် ကချင်ပြည်နယ်ရှိ မလိ၊ အင်မိုင်နှင့် ဧရာဝတီမြစ်များတွင် တည်ဆောက်ရန် စီစဉ်ထားသည့် ဒေါ်လာ သန်းထောင်ပေါင်းများစွာ ကုန်ကျမည့် ရေကာတာများအနက် အကြီးဆုံးဖြစ်ပြီး ၂၀၁၀ ခုနှစ်မှ အများပြည်သူဆန့်ကျင်သည့် စီမန်ကိန်း တခု ဖြစ်သည်။[31] ၂၀၁၁ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် "ပြည်သူ့ဆန္ဒ" ဆန့်ကျင်သည် ဆိုသည့်အကြောင်းကြောင့် သမတဦးသိန်းစိန်မှ ဤစီမံကိန်းကို ရပ်ဆိုင်း ထားခဲ့သည်။[32] စီမံကိန်းရပ်ဆိုင်းရန် ၎င်း၏ဆုံးဖြတ်ချက်နှင့် မြန်မာနိုင်ငံ မြေပြန့် ဒေသမှ ရေကာတာအား တစ်ခါမျှ မကြုံဖူးအောင် အများပြည်သူ၏ ဆန့်ကျင်မှုတွင် ကချင်ဒေသပဋိပက္ခအကြောင်း ထည့်သွင်း ပြောဆိုခြင်း မရှိပါ။ သို့သော် KIO အရာရှိများမှ ဤစီမံကိန်းအပေါ် သီးခြားကန့်ကွက်မှုများ ပြုခဲ့ပြီး၊ ထိုစီမံကိန်းသည် ပဋိပက္ခ စတင်စေမည့် အလားအလာရှိကြောင်း ပြောခဲ့သည်။

ဤစီမံကိန်းနှင့်ပတ်သက်၍ တင်းမာမှုများ အချိန်အတော်ကြာ ကြီးထွားလာခဲ့သည်။ ဤစီမံကိန်းကြောင့် အိုးအိမ်မဲ့ခဲ့ရပြီး အစိုးရမှပြန်လည်နေရာချပေးခဲ့သည့် ဒေသခံလူထုအပါအဝင်၊ လူထုက နှစ်အတော်ကြာ မြစ်ဆုံ

---

[28] "Burma: Army Committing Abuses in Kachin State: Government Forces Pillage Villages, Use Forced Labor in Renewed Fighting," လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့သတင်းထုတ်ပြန်ချက်၊ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၁၈ ရက်။

[29] "KIO-junta lock horns over Taping hydropower projects," ကချင်သတင်းအဖွဲ့၊ ၂၀၀၉ ခုနှစ် မတ်လ ၂၅ ရက်၊ http://www.kachinnews.com/news/763-kio-junta-lock-horns-over-taping-hydropower-projects.html (၂၀၁၂ ခုနှစ် မတ်လ ၄ ရက်တွင် ကြည့်ခဲ့သည်)။

[30] ဥပမာ၊ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ တွေ့ဆုံမေးမြန်းပွဲ F.Z., ကချင်ပြည်နယ်၊ မြန်မာနိုင်ငံ၊ ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၁၂ ရက်နှင့် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ တွေ့ဆုံမေးမြန်းပွဲ D.B., ကချင်ပြည်နယ်၊ မြန်မာနိုင်ငံ၊ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၇ ရက် ကိုကြည့်ပါ။

[31] ဤစီမံကိန်းအပေါ်ပြည်တွင်းအတိုက်အခံပြုမှုမှာ ရှေ့တန်းရောက်လာပြီး ဦးသိန်းစိန်မှ ရေကာတာကို ရပ်ဆိုင်းခဲ့ရသည်။ မြန်မာနိုင်ငံနှင့် ပြည်ပရောက် ပတ်ဝန်းကျင်ဆိုင်ရာအုပ်စုများ၊ မြန်မာနိုင်ငံနှင့် ပြည်ပရောက် သတင်းမီဒီယာအဖွဲ့များ၊ ပညာရှင်များ၊ သုံးသပ်သူများ၊ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ ပါလီမန်အမတ်များနှင့် အခြားသူများမှ ဤရေကာတာကို ပွင့်ပွင့်လင်းလင်း ကန့်ကွက်ခဲ့ကြပါသည်။ အဓိကအားဖြင့် မြန်မာနိုင်ငံမြေပြန့်ဒေသမှ လူများက ဤရေကာတာမှာ "နိုင်ငံတော်အကျိုး" နှင့် ဆန့်ကျင်နေသည်ဟူသောအတွေးခေါ်အား အားပေးထောက်ခံကြပြီး ဤအကြောင်းအရာမှာ ယခင်က ကန့်သတ်ထားသော မြန်မာသတင်းမီဒီယာများတွင် ယခင်ကမကြုံဖူးအောင် ဂရုပြုမှုရခဲ့ပါသည်။ ဥပမာ၊" Myitsone Dam Project will not be Discarded anyhow Despite Objections from Any Sources," *Eleven Media Group*, ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၁၄ ရက်ထုတ်ဆောင်းပါးတွင် ရေးသားထားသည့် အယ်ဒီတာ့အာဘော်များကို ကြည့်ပါ။ http://www.burmanet.org/news/2011/09/14/eleven-media-group-myitsone-dam-project-will-not-be-discarded-anyhow-despite-objections-from-any-sources-electric-power-minister-%E2%80%93-aung-khinmya/ (၂၀၁၂ ခုနှစ် မတ်လ ၄ ရက်တွင် ကြည့်ခဲ့သည်)။ "Time to Seize the Moment," *The Myanmar Times*, အတွဲ ၃၁၊ နံပါတ် ၆၀၈၊ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၂-၈ ရက်၊ http://www.mmtimes.com/2012/news/608/news60803.html ကိုလည်းကြည့်ပါ။

[32] "Burma: Army Committing Abuses in Kachin State: Government Forces Pillage Villages, Use Forced Labor in Renewed Fighting" လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့သတင်းထုတ်ပြန်ချက်၊ ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၁၈ ရက်၊ http://www.hrw.org/news/2011/10/18/burma-army-committing-abuses-kachin-state (၂၀၁၂ ခုနှစ် မတ်လ ၄ ရက်တွင် ကြည့်ခဲ့သည်) ကိုကြည့်ပါ။

ရေကာတာအား ကန့်ကွက်ခဲ့သည်။ [33] ပတ်ဝန်းကျင်နှင့် လူမှုအသိုင်း အဝိုင်းအပေါ် ဆိုးကျိုး ထိခိုက်မှုများ ရှိမည်ကို စိုးရိမ်၍ ဤအဆိုပြုထားသည့် အစီအစဉ်များတွင် ၎င်းတို့၏ အကျိုးအမြတ်ကို ထည့်သွင်းစဉ်းစားထားခြင်း၊ အကာအကွယ်ပေးထားခြင်း မရှိသည့်အတွက်ကြောင့် ဒေသခံလူထုမှ ရေကာတာ စီမံကိန်းကို ဖျက်သိမ်းရန် ကြိုးပမ်းခဲ့ခြင်း ဖြစ်သည်။ [34]

၂၀၀၉ ခုနှစ်တွင် ဤစီမံကိန်းနှင့် စပ်လျဉ်း၍ သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုအပေါ် လွတ်လပ်သောဆန်းစစ်မှု ပြုလုပ်ခဲ့သည်။ ဤဆန်းစစ်မှုတွင် ရေကာတာ တည်ဆောက်မှုကြောင့် ထွက်ပေါ်လာမည့် လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးဆက်များကို အသေးစိတ်ရေးသားခဲ့ပြီး၊ စီမံကိန်းကို ရှေ့ဆက်မလုပ်ရန် အကြံပေးခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် ထိုဆန်းစစ်မှု အပြည့်အစုံ ပေါက်ကြားသွားပြီး၊ ရေကာတာစီမံကိန်း အပေါ်စိုးရိမ်မှုများမှာ တိုး၍ မြင့်တက်လာ ခဲ့သည်။ [35] ထိုလေ့လာစုံစမ်းမှု ပေါက်ကြားသွားပြီး၊ မကြာမီတွင် ၎င်းအား ပြုပြင်ရေးသားထားသည့် မူတစ်စောင်၂၀၁၀ ခုနှစ် မတ်လ ရက်စွဲဖြင့် ထွက်ပေါ်လာ သော်လည်း၊ ပေါက်ကြားသွားသောမူပါ အဓိကတွေ့ရှိချက်များနှင့် သဘောမတူနိုင်စရာ အကြံပြုချက်များကို ချန်လပ်ထား ခဲ့သည်။ [36]

ဤစာရေးသားချိန်တွင် ၂၀၁၁ ခုနှစ် စက်တင်ဘာလ မြန်မာအစိုးရမှ ရပ်ဆိုင်းထားသည့်စီမံကိန်းကို ရာသက်ပန် ရပ်စဲမှုအဖြစ် သတ်မှတ်ခြင်း ရှိမရှိကိုမူ ရှင်းရှင်းလင်းလင်း မသိရသေးပါ။

## မြန်မာ-တရုတ် ရေနံနှင့် ဓာတ်ငွေ့ပိုက်လိုင်း

၂၀၁၁ ခုနှစ် ဇွန်လမှစ၍ KIA နှင့် မြန်မာစစ်တပ်အကြား ဖြစ်သော တိုက်ပွဲများသည် နယ်မြေအရ နီးစပ်ရာ ရှမ်းပြည်မြောက်ပိုင်း သို့ ပျံ့နှံ့ သွားသည်။ ရှမ်းပြည်မြောက်ပိုင်းတွင် တရုတ်ပြည်သို့ နှစ်နိုင်ငံကို ဖြတ်သွားသည့် ရေနံနှင့် ဓာတ်ငွေ့ပိုက်လိုင်းများ အပါအဝင် မြန်မာအစိုးရ၏ စီးပွားရေးလုပ်ငန်းများစွာ ရှိပါသည်။ ဤစီမံကိန်းများ

---

33 ၂၀၀၅ ခုနှစ်မှစ၍ ဒေသခံကချင်လှုပ်ရှားသူများက ဤစီမံကိန်းကို စောင့်ကြပ်ကြည့်ရှုခဲ့ပါသည်။ ဒေသခံလူမှုအသိုင်းအဝိုင်း ခေါင်းဆောင်များက စီမံကိန်းအား ကြီးမားသည့်စွန့်စားမှုဖြင့် ဆန့်ကျင်သည့်အိတ်ဖွင့်ပေးစာများပို့ခဲ့ပြီး စီမံကိန်း သက်ရောက်မှုရှိသည့် အသိုင်းအဝိုင်းများမှ အမည်မဖော်ဘဲ ပညာပေးစာစောင်များ ဖြန့်ဝေခြင်း၊ မြစ်ကမ်းနားတွင် ခရစ်ယာန် ဝတ်ပြုပွဲများကျင်းပခြင်း၊ မြန်မာ၊ ကချင်၊ အင်္ဂလိပ်ဘာသာများဖြင့် ဝေဖန်ထားသည့်အစီရင်ခံစာများထုတ်ဝေခြင်းတို့ ပြုခဲ့ကြပါသည်။ ဥပမာ၊ ကချင်ဖွံ့ဖြိုးတိုးတက်ရေး ကွန်ယက်အဖွဲ့မှ ဧရာဝတီမြစ်ပေါ်တွင်ဆောက်လုပ်ရန်စီစဉ်ထားသည့် မြစ်ဆုံရေကာတာနှင့် အခြားသောရေကာတာများ၏ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်မှုများနှင့်ပတ်သက်ပြီး ထုတ်ဝေမှုများပြုလုပ်ခဲ့ပြီး ၎င်းတို့အား www.kdng.org/publication.html တွင် ဖတ်ရှုနိုင်ပါသည်။ (၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကြည့်ရှုခဲ့ပါသည်)။

34 ကချင်ဖွံ့ဖြိုးတိုးတက်ရေး ကွန်ယက်အဖွဲ့ *An Update on the Irrawaddy Mytisone Dams Project*, ၂၀၁၁ အောက်တိုဘာ ၁၄ ရက်၊ http://kdng.org/publication/164-an-update-on-the-irrawaddy-myitsone-dams-project-.html (၂၀၁၂ ခုနှစ် မတ်လ ၄ ရက်တွင် ကြည့်ခဲ့သည်) ကိုကြည့်ပါ။

35 ဇီဝကွဲပြားမှုနှင့် သဘာဝထိန်းသိမ်းရေးအသင်း၊ *Environmental Impact Assessment (Special Investigation) on Hydropower Development of Ayeyawady River Basin Above Myitkyina, Kachin State, Myanmar*, ၂၀၀၉ ခုနှစ် အောက်တိုဘာ။ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့တွင် မိတ္တူသိမ်းထားပါသည်။

36 "Burma Rivers Network Response to...Comments on Myitsone Dam," Burma Rivers Network, ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၄ ရက်၊ http://www.burmariversnetwork.org/resources/publications/13-publications/701-burma-rivers-network-response-to-china-power-investment-corporation-comments-on-myitsone-dam.html (၂၀၁၂ ခုနှစ် မတ်လ ၄ ရက် တွင် ကြည့်ခဲ့သည်) ကိုကြည့်ပါ။ "China Power Ignored Internal Report Calling for Dam Cancellation," *The Irrawaddy*, ၂၀၁၁ ခုနှစ် ဇူလိုင်လ ၁၅ ရက်၊ http://www.irrawaddy.org/article.php?art_id=21703 (၂၀၁၂ ခုနှစ် မတ်လ ၄ ရက် တွင် ကြည့်ခဲ့သည်) ကိုလည်းကြည့်ပါ။

သည် ကာလကြာရှည်စွာ KIA နှင့် တိုင်းရင်းသား ရှမ်းပြည်သူ့စစ်များ သိမ်းပိုက်ထားသည့် နယ်မြေများမှ ဖြတ်သွားရသည်။ [37]

မိုင် ၅၀၀ ရှည် ဓာတ်ငွေ့နှင့် ရေနံသယ်ယူပို့ဆောင်ရေးပိုက်လိုင်းများအား လောလောဆယ် မြန်မာနိုင်ငံ အနောက်ပိုင်းမှ တရုတ်နိုင်ငံနယ်စပ်အထိ တည်ဆောက်လျက် ရှိပါသည်။ ကာလကြာမြင့်စွာ ကြံရွယ်ထားသည့် စီမံကိန်းများကြောင့် ကမ်းခြေနှင့်ဝေးသော တရုတ်ပြည် ယူနန်နယ်အတွက် စီးပွားရေးတိုးချဲ့ရာတွင်၊ အထောက်အကူ ဖြစ်ပြီး မြန်မာအစိုးရ အတွက်လည်း ဝင်ငွေသန်းထောင်ပေါင်းများစွာ ရစေပါသည်။ အထူးသဖြင့် ရေနံ သယ်ယူ ပို့ဆောင်သည့် ပိုက်လိုင်းကြောင့် မာလက္ကာရေလက်ကြားအား ရှောင်လွှဲပြီး၊ တရုတ်အစိုးရမှာ အာဖရိကနှင့် အရှေ့အလယ်ပိုင်းတို့မှ ရေနံ တင်ယူနိုင်မည် ဖြစ်သည်။ မလက္ကာရေလက်ကြားမှာ ရေနံ ပို့ဆောင်ရာတွင် မရှိမဖြစ် လိုအပ်ပြီး၊ လုံခြုံ ရေးဆိုင်ရာ အန္တရာယ်များနှင့် ပြည့်နေကာ ပိတ်ဆို့လိုပါက ပိတ်ဆို့၍ ရနိုင်သည်။ [38] ဤစီမံကိန်းနှစ်ခုလုံးမှ မြန်မာနိုင်ငံအား နိုင်ငံရေးပထဝီဝင်အရ အရေးပါသောနေရာတစ်ခု ဖြစ်စေပါသည်။

ယခင်စီမံကိန်း များအပေါ်အခြေခံပြီး လေ့လာသူအများအပြားက မြန်မာလုံခြုံရေးတပ်များမှ မြေများ တရားမဝင် သိမ်းယူခြင်း၊ ပြည်သူအား အိမ်များမှ အတင်းအကြပ်ပြောင်းရွှေ့စေခြင်း၊ မလိုအပ်ဘဲ ရွာသားများအပေါ် အင်အားသုံးခြင်းနှင့် ပိုက်လိုင်းတည်ဆောက်ရေးနှင့် ထိန်းသိမ်းရေးတို့အတွက် ရွာသားများအား အဓမ္မစေခိုင်းခြင်းများ လုပ်မည်ကို စိုးရိမ် နေကြပါသည်။ [39] ရှမ်းပြည်မြောက်ပိုင်း သီပေါနှင့် တရုတ်နယ်စပ်ရှိ ပိုက်လိုင်းဒေသတွင် လက်နက်ကိုင် တိုင်းရင်းသား အုပ်စုများက ၎င်းတို့၏ နယ်မြေဟု ဆိုနေသည့် ဒေသမှ ဖြတ်သွားရသည့်အတွက် အထူးပြဿနာ ရှိသည်ဟု ယူဆကြပါသည်။ ကချင်၊ ရှမ်း၊ မြန်မာနှင့် တိုင်းရင်းသား တရုတ်လူမျိုးများ ဤဝေးလံလှသည့် ဒေသတွင် နေကြပြီး၊ တချို့အစိတ်အပိုင်းတွင် KIA တပ်မ ၄ နှင့် အခြားလက်နက်ကိုင် အဖွဲ့များလည်း ရှိပါသည်။ [40]

---

37 မြန်မာစစ်တပ်မှ ရှမ်းပြည်နယ်စစ်တပ်များအား လက်နက်ချလိုပါက ချနိုင်သည်။ သို့မဟုတ်ပါက မြန်မာစစ်တပ်မှ ထိန်းချုပ်သည့် နယ်စပ်စောင့်တပ်နှင့်ပေါင်းရမည်ဟု တောင်းဆိုပြီးနောက် မြောက်ပိုင်းရှမ်းပြည်နယ်စစ်တပ်က တောင်ပိုင်း ရှမ်းပြည်နယ်စစ်တပ်နှင့် ပူးပေါင်းလိုက်ပြီးနောက် မြောက်ပိုင်းရှမ်းပြည်နယ်စစ်တပ်နှင့် မြန်မာစစ်တပ်အကြား တိုက်ပွဲအသစ်များ ၂၀၁၁ ခုနှစ်တွင် စတင်ပေါ်ပေါက်ခဲ့ပါသည်။ ပိုက်လိုင်းများဖြတ်သွားမည့် ရှမ်းပြည်မြောက်ပိုင်းတွင် ရှိသည့် KIA တပ်မ ၄ ကိုလည်း မြန်မာစစ်တပ်မှ စတင်တိုက်ခိုက်ခဲ့ပါသည်။

38 ဤလမ်းကြောင်းမှာ သင်္ဘောများပိတ်ဆို့ရာနေရာဖြစ်ပြီး တရုတ်နိုင်ငံမှ ရေနံတင်သွင်းမှုများကို ခြိမ်းခြောက်နိုင်မည်ဟု စိုးရိမ်ပြီး "မလေးရှား၊ စင်္ကာပူနှင့် အင်ဒိုနီးရှားနယ်စပ်ရှိ ကီလိုမီတာ ၉၀၀ ရေလမ်းကြောင်းပိတ်ဆို့မှုကို ကြီးကြပ်နိုင်သည့် ရေတပ်အင်အားမှာ ယူအက်စ်တစ်ခုတည်းတွင်သာ ရှိသည်" ဟုဆိုကြောင်း အေပီသတင်းဌာနမှ အစီရင်ခံပါသည်။ Associated Press, "China Aims to Safeguard Its Oil Imports," *The Wall Street Journal*, ၂၀၀၅ ခုနှစ်၊ အောက်တိုဘာ ၇ ရက်။

39 "Burma: Natural Gas Project Threatens Human Rights" လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ သတင်းထုတ်ပြန်ချက်၊ ၂၀၀၇ ခုနှစ် မတ်လ ၂၄ ရက်၊ http://www.hrw.org/news/2007/03/23/burma-natural-gas-project-threatens-human-rights (၂၀၀၄ ခုနှစ် မတ်လ ၄ ရက်တွင် ကြည့်ခဲ့သည်)၊ Shwe Gas Movement၊ www.shwe.org (၂၀၀၄ ခုနှစ် မတ်လ ၄ ရက်တွင် ကြည့်ခဲ့သည်) နှင့် EarthRights International၊ www.earthrights.org (၂၀၀၄ ခုနှစ် မတ်လ ၄ ရက်တွင် ကြည့်ခဲ့သည်) တို့ကို ကြည့်ပါ။

40 ၁၉၉၀ ခုနှစ်နှောင်းပိုင်းကာလများတွင် ရတနာနှင့် ရဲတံခွန်ပိုက်လိုင်းများကို မြန်မာနိုင်ငံ မုတ္တမပင်လယ်မှ ကုန်းပိုင်း ထိုင်းနိုင်ငံသို့ တည်ဆောက်ချိန်တွင်လည်း အလားတူအဖြစ်အပျက်မျိုး မြန်မာနိုင်ငံ တနင်္သာရီတိုင်းတွင် ဖြစ်ခဲ့ပါသည်။ ပိုက်လိုင်းတည်ဆောက်ရန် အဆိုပြုထားသည့်နေရာသို့ မြန်မာစစ်တယ်မှ ရွှေ့ပြောင်းလာခဲ့သည့်အတွက်ကြောင့် တိုင်းရင်းသား ကရင်သူပုန်များနှင့် မြန်မာစစ်တပ်အကြား တိုက်ပွဲဖြစ်ခဲ့ပါသည်။ ကရင်အင်အားစုများ၏တိုက်ခိုက်ခြင်းကို စစ်တပ်မှ ညှဉ်းပမ်းနှိပ်စက်ခြင်း၊ ဥပဒေပြင်ပမှ သတ်ဖြတ်ခြင်းနှင့် ဒေသခံရွာသားများ၏ အခြားသောအခွင့်အရေးများချိုးဖောက်မှုများဖြင့် တုံ့ပြန်ခဲ့ပါသည်။ EarthRights International, *Broken Ethics: The Norwegian Government's Investments in Oil Companies Operating in Burma (Myanmar)* (ချင်းမိုင်။ ။ ERI, ၂၀၁၀ ခုနှစ် ဒီဇင်ဘာ), စာမျက်နှာ ၂၆-၂၇။ နောက်ပိုင်းတွင် ပိုက်လိုင်းများကြောင့် အတင်းအကြပ်ခိုင်းစေမှု၊ သတ်ဖြတ်မှုများ၊ မုဒိန်းမှု၊ လယ်ယာ သိမ်း ယူခြင်းနှင့် အခြားသော ချိုးဖောက်မှုများ ပေါ်ပေါက်ခဲ့သည်ဟုဆိုကြပါသည်။ ရတနာပိုက်လိုင်းကြောင့် ထိခိုက်သည့် ရွာသားများမှ ဥရောပနှင့် ယူအက်စ်တရားရုံးများတွင် ရတနာစီမံကိန်းအပေါ် လူသိများသည့် ဥပဒေအရအရေးယူမှုများ ပြုခဲ့ပါသည်။ တရားစွဲရာတွင် ပါဝင်သည့် နိုင်ငံတကာ ကမ္ဘာမြေ ရပိုင်ခွင့်များအဖွဲ့တွင် တရားရုံးဆိုင်ရာ တရားဝင်စာရွက်စာတမ်းများ ရှိပါသည်။ EarthRights International, *Doe v. Unocal*, http://www.earthrights.org/legal/doe-v-unocal (၂၀၀၄ ခုနှစ် မတ်လ ၄ ရက်တွင် ကြည့်ခဲ့သည်) ကို ကြည့်ပါ။

၂၀၁၁ ခုနှစ် ဩဂုတ်လတွင် ပိုက်လိုင်းဒေသသို့ မြန်မာအာဏာပိုင်များ တရုတ်စီးပွားရေးပိုင်ရှင်များနှင့် သွားရောက်ခဲ့ကြောင်း၊ အာဏာပိုင်များက ပိုက်လိုင်းဖြတ်သွားမည့် နေရာအား မြေတွင် အလံနီများစိုက်ကာ သတ်မှတ်ပြီး ထားပြီ ဖြစ်ကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့အား ဒေသခံများက ပြောပြသည်။ [41] ဩဂုတ်လ တွင် ဖြစ်ပွားသော တိုက်ပွဲကြောင့် ရွာသားများ ဤဒေသမှ ထွက်ပြေးခဲ့ရသည်။ [42]

၂၀၁၁ ခုနှစ် စက်တင်ဘာလတွင် မြန်မာစစ်တပ်မှ ရှမ်းပြည်မြောက်ပိုင်း ပိုက်လိုင်းဒေသတွင် တိုက်ပွဲကြီးများ ဆင်နွဲပြီး ပြင်းထန်စွာပစ်ခတ်ခြင်းနှင့် လွိုင်ကန်ရှိဌာနချုပ်အပါအဝင်၊ KIA တပ်မ ၄ မှ ယခင် ထိန်းချုပ်ထားသော ဒေသများကို သိမ်းယူခြင်းများ ပြုခဲ့သည်။ ရွာသား ထောင်ပေါင်းများစွာ ထွက်ပြေးကြရသည်။ လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့မှ တွေ့ဆုံမေးမြန်းခဲ့သည့်အကြောင်းအရာများကို အောက်ပါ အခန်း ၂ တွင် ထည့်သွင်း ဖော်ပြထားပါသည်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် ပိုက်လိုင်းရှိသည့်မြောက်ပိုင်းဒေသများတွင် မြန်မာစစ်တပ်မှ ၎င်းတပ်များအား အင်အား ဖြည့်နေသည်ဟု ဒေသခံများက လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့အား ပြောပြခဲ့သည်။ [43]

---

[41] ဥပမာ၊ လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့၏ တွေ့ဆုံမေးမြန်းခန်း E.H. တရုတ်ပြည် ယူနန်နယ်၊ ၂၀၁၁ ခုနှစ် ဩဂုတ်လကို ကြည့်ပါ။ ၎င်းက "သူတို့က ဒီနေရာကို တရားဝင်မသိမ်းပိုက်ရသေးဘူး။ ပိုက်လိုင်းသွားမယ့်နေရာတွေကိုပဲ အလံနီတွေနဲ့ မှတ်သားထားတယ်။ တရုပ်တွေက ဒီအတွက် လာပြီး နမ်းခမ်းက ရဲတွေက သူတို့ကို လျှောက်ခေါ်သွားပြီး လုံခြုံရေးအတွက် လိုက်ပေးတယ်။ ဒါက ဒီနှစ် အစောပိုင်းကဖြစ်တာ။ … မန်ဒေါင်နဲ့ နမ္မတူမြို့နယ်ကြားမှာ မိုင်းမိုရွာရှိပြီး အဲဒီမှာ မကြာသေးခင်က တိုက်ပွဲဖြစ်တယ်။ ကချင်၊ ရှမ်းနဲ့ ဗမာစစ်သားတွေအားလုံး အဲဒီမှာရှိပြီး ပိုက်လိုင်းက ရွာထဲက ဖြတ်သွားမှာ။ တစ်ယောက်နဲ့တစ်ယောက်တွေ့ရင် ပစ်ကြရော။ ဒါ ပြီးခဲ့တဲ့လက စတာ။ ရွာသားအားလုံး ထွက်ပြေးကြတယ်။ ၁၀၀ လောက်ထွက်ပြေးပြီး နမ္မတူမြို့နယ် သွားကြတယ်။"

[42] အထက်ကအတိုင်း။

[43] "Troops Deployed to Guard Pipeline," *Democratic Voice of Burma*, ၂၀၁၂ ဇန်နဝါရီလ ၂၇ ရက်၊ http://www.dvb.no/news/troops-deployed-to-guard-china-pipeline/19961 (၂၀၀၄ ခုနှစ် မတ်လ ၄ ရက်တွင် ကြည့်ခဲ့သည်) ကိုလည်း ကြည့်ပါ။

# ၂။ ကချင်ပြည်နယ်တွင် မြန်မာ့တပ်မတော်၏ မတရားညှဉ်းပန်းမှုများ

## ကလေးများအား ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အဓမ္မလုပ်အားခိုင်းစေခြင်း

၂၀၁၁ ခုနှစ် အောက်တိုဘာလလယ်တွင် မွန်အေ၊ အသက် ၁၆နှစ်နှင့် ၎င်း၏ညီ အသက် ၁၄ နှစ်အရွယ် ယောဘီတို့ မိုင်းပိုင်ရွာရှိ သူငယ်ချင်းအိမ်တွင် အိပ်နေစဉ် မြန်မာစစ်သားများက ည ၁၁ နာရီ လောက်တွင် အိမ်ထဲဝင်ခဲ့ကြသည်။ မောင်အေက လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့အား အောက်ပါအတိုင်းပြောသည်။ ။

> “မင်းတို့က ကချင်တွေဆိုတော့ KIA စစ်သားတွေ ဘယ်မှာလဲဆိုတာ သိမှာပဲ။” သူတို့ [စစ်သားတွေ] က အော်တယ်။ ကျနော်တို့က မသိဘူးလို့ထပ်တလဲပြောတဲ့အခါ ကျနော်တို့ကို ဓားနဲ့ ခြိမ်းခြောက်တယ်။ ကျနော့်ဗိုက်ကိုဓားနဲ့တေ့ပြီးတော့ ကျနော့်ညီရဲ့ လည်ပင်းကို ဓားနဲ့တေ့လိုက်တယ်.... ကျနော်တို့ကို KIA ဘယ်မှာလဲလို့ ထပ်တလဲ မေးပြီး ဘယ်အိမ်တွေမှာ လက်နက်တွေ ဝှက်ထားလဲလို့ မေးတယ်။ ပြီးတော့ အဲဒီစစ်သားက "မင်းငါတို့ကိုမပြရင်၊ ငါတို့မေးတာ မဖြေရင် မင်းကိုသတ်ပစ်လိုက်ပြီး လက်တွေဖြတ်လိုက်မယ်" လို့ပြောတယ်။ [44]

မကြာခင်ပင် စစ်သားများက ၎င်းအမျိုးသားငယ်များ၏ လက်များအား နောက်ပြန်ကြိုးတုပ်လိုက်ပြီး မျက်နှာကျက်မှ တွဲလောင်းချိတ်ကာ အနည်းဆုံး နှစ်နာရီကြာ စစ်ဆေးမေးမြန်းခဲ့ပါသည်။ ယောဘီမှ လူ့အခွင့်အရေး စောင့်ကြည့်မှုအဖွဲ့အား အောက်ပါအတိုင်းပြောခဲ့ပါသည်။ ။

> မသိဘူးလို့ပြောတော့ ကျနော်တို့ကို ရိုက်တယ်။ ကျနော်တို့ကို ပါးရိုက်တယ်။ ပြီးတော့ ကျနော်တို့ကို ကြိုးနဲ့တုပ်လိုက်တယ် .... ကျနော်တို့ကို ကြိုးဖြေပြီးတော့ ဂျာအင်ယိုင်းရွာကို ခေါ်သွားကြတယ်။ အဲဒီမှာ ကျနော်တို့ ၁၀ ယောက်ကျော်ရှိတယ်။ ကျနော်တို့က ကချင်တွေ။ ရှမ်းတချို့လည်းရှိတယ်။ [45]

၎င်းတို့အား စစ်တပ်အတွက် အတင်းအကြပ် ပေါ်တာထမ်းခိုင်းကြောင်း  ပြောပါသည်။ “ဗမာစစ်တပ်ထဲဝင်မလား။ အသတ်ခံချင်သလားလို့ စစ်သားတစ်ယောက် ကျနော်တို့ကိုမေးတယ်။ ကျနော် စစ်ထဲ ဝင်မယ်လို့ ညာလိုက်တယ်။ နောက်စစ်သားတွေက ပြန်တော့မယ်ဆိုတော့ ကျနော်တို့ကို ကြိုးဖြေပြီး ဂျာအင်ယိုင်ကို ခေါ်သွားကြတယ်။” ဟု မောင်အေမှ လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့အား ပြောပါသည်။ [46]

မြန်မာစစ်တပ်မှ ၎င်းတို့ကို ပဋိပက္ခဒေသတွင် ပစ္စည်းများ သယ်ခိုင်းပါသည်။ “ကျနော်တို့ ဆန်နဲ့ မုန့်တွေ၊ ဘီစကွတ်တွေနဲ့ ဆေးလိပ်ဗူးတွေလို တခြားဟာတွေ သယ်ခဲ့ရတယ်။” ဟု ယောဘီက ပြောပါသည်။ [47]
မောင်အေနှင့် ယောဘီတို့၏အပြောအရ အခြားတိုင်းရင်းသား ကချင်နှင့် ရှမ်းပေါ်တာ ၁၀ ဦးနှင့်အတူ စစ်သားများက ၎င်းတို့အား လေးရက်အတွင်း ရွာနှစ်ရွာခေါ်သွားပြီးနောက် တောတွင်းသို့ ခေါ်သွားပါသည်။ ရှေ့ဆက်မသွားမီ

---

44 လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ တွေ့ဆုံမေးမြန်းချက် မောင်အေ၊ တရုပ်ပြည် ယူနန်နယ်၊ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ။
45 လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့  တွေ့ဆုံမေးမြန်းချက် ယောဘီ၊ တရုပ်ပြည် ယူနန်နယ်၊ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ။
46 လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့  တွေ့ဆုံမေးမြန်းချက်  မောင်အေ၊ တရုပ်ပြည် ယူနန်နယ်၊ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ။
47 လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့  တွေ့ဆုံမေးမြန်းချက် ယောဘီ၊ တရုပ်ပြည် ယူနန်နယ်၊ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ။

တရုတ်နိုင်ငံနယ်စပ်ရှိ KIA မှ မြို့တော်ဟု ကြေငြာထားသည့် လိုင်ဇာ၏ အနောက်မြောက်ရှိ ရှာဒန်ပါရွာတွင် ရပ်နားခဲ့ပါသည်။ မောင်အေက အောက်ပါအတိုင်း ပြောပါသည်။ ။

> လူတွေပစ်ပြီးပြေးသွားတဲ့ဆိုင်တွေ၊ အိမ်တွေကို စစ်သားတွေ ခိုးပြီး ရွာသားတွေပိုင်တဲ့ ပစ္စည်းတချို့ကို ဖျက်ဆီးတာ ကျနော်တို့တွေ့တယ်။ ဘီဒိုတွေကို တွန်းပြီး အဆောက်အဦးတွေကို ဖျက်ဆီးကြတယ် ….[ရှာဒန်ပါ] ရွာက ဆိုင်တွေကို ဖျက်ဆီး လုယက် ကြတယ်။ ကျနော်တို့ အဲဒီမှာ ညအိပ်တယ်။ ရှာဒန်ပါရွာမှာ နှစ်ညအိပ်တယ်။ [48]

ယောဘီအပြောအရ။ ။

> အဲဒီအုပ်စုထဲက တချို့က အဲဒီ [ရှာဒန်းပါ] ရွာမှာ ကျန်ခဲ့ပြီး တချို့ကို တောထဲ ခေါ်သွားကြတယ်။ … ကျနော့်ကို တောထဲခေါ်သွားတယ်။ လေးရက်ကြာ ကျနော် ပစ္စည်းတွေ သယ်တယ်။ [ပေါ်တာထမ်းပြီး လေးရက်အကြာမှာ] ကျနော်တို့ ချန်ခဲ့တဲ့ အုပ်စုနဲ့ [KIA နဲ့ မြန်မာစစ်တပ်ကြား] တိုက်ပွဲဖြစ်တယ်။ ငါးရက်မြောက်တဲ့မနက်မှာ ကျနော်တို့ထွက်ပြေး လွတ်မြောက်သွားတယ်။ တိုက်ပွဲကမဝေးဘူး။ ကြားနေရတယ်။ တောင်ကုန်းကနေတွေ့နိုင်တယ်။ [49]

ပေါ်တာများထားခဲ့သည့်နေရာတွင် KIA နှင့် မြန်မာတို့အကြား တိုက်ပွဲဖြစ်နေသည်ကို ကြားနေရ၊ မြင်နေရကြောင်းလည်း မောင်အေက ပြောပါသည်။ ။

> ကျနော်တို့ ရှာဒန်းပါက ထွက်လာပြီးနောက် အဲဒီမှာတိုက်ပွဲဖြစ်တယ်။ ကျနော်တို့ ကြားနေရတယ်။ သိပ်မဝေးဘူး၊ ဗမာစစ်တပ်ကအရာရှိတွေကလည်း အနီးအနားမှာ စစ်တိုက်နေတယ်လို့ပြောတယ်။ အဲဒီမှာ တခြားလူတွေက စစ်သားတွေအတွက် ပစ္စည်းတွေ သယ်နေကြတယ်။ သူတို့ဘာတွေဖြစ်ကုန်သလဲကျနော်တို့မသိဘူး။ [50]

မောင်အေနှင့် ယောဘီတို့ ငါးရက်မြောက်နေ့တွင်ထွက်ပြေးလွတ်မြောက်သွားခဲ့ပါသည်။ "စစ်သားတွေမရှိဘူး ဆိုတာ သေချာတဲ့အခါ ကျနော်တို့ထွက်ပြေးကြတယ်။" ဟု မောင်အေမှ လူ့အခွင့်အရေး စောင့်ကြည့် ရေးအား ပြောပါသည်။ [51] အဆုံးတွင် ၄င်းအမျိုးသားကလေးများမှာ တရုပ်နိုင်ငံသို့ထွက်ပြေးသွားကြပြီး ယခု မောင်အေမှာ တရုပ်စီးပွားရေးသမား တစ်ဦး မီးသွေးလုပ်သည့်နေရာတွင်အလုပ်ရပြီး တစ်နေ့လျှင် ယွမ် ၄၀ (အမေရိကန် ၆ ဒေါ်လာ) ရပါသည်။

၂၀၁၁ ခုနှစ် ဇွန်လ ကချင်ပြည်နယ်တွင် လက်နက်ကိုင်ပဋိပက္ခပြန်လည်ဖြစ်ပေါ်ပြီးနောက် မြန်မာစစ်တပ်မှ လူ့အခွင့်အရေးချိုးဖောက်မှုများစွာ ချိုးဖောက်ခဲ့ပါသည်။ ပြင်းထန်၍ အန္တရာယ်ရှိသော ရှေ့တန်းတိုက်ပွဲနေရာများတွင် အမျိုးသားများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များအား အတင်းအကြပ်ပေါ်တာ အဖြစ် ခိုင်းစေသည်။ တိုင်းရင်းသားကချင်ရွာများအား တမင်တိုက်ခိုက်ပြီး၊ အရပ်သားများအားသတ်ဖြတ်ခြင်း၊ ထိန်းသိမ်းထားသူများအား ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အခြားသော မတော်မတရားပြုကျင့်ခြင်းများပြုလုပ်ကာ မုဒိန်းကျင့်ခြင်းနှင့်

[48] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ တွေ့ဆုံမေးမြန်းချက် မောင်အေ၊ တရုပ်ပြည် ယူနန်နယ်၊ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ။
[49] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ တွေ့ဆုံမေးမြန်းချက် ယောဘီ၊ တရုပ်ပြည် ယူနန်နယ်၊ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ။
[50] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ တွေ့ဆုံမေးမြန်းချက် မောင်အေ၊ တရုပ်ပြည် ယူနန်နယ်၊ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ။
[51] အထက်ပါအတိုင်း။

အခြားသောပုံစံများဖြင့် လိင်အရအကြမ်းဖက်ခြင်းများ ပြုလုပ်ခဲ့သည်။ တိုင်းရင်းသားများအား စော်ကားသည့် ပြောဆိုချက်များဖြင့် အကြမ်းဖက်သည့် ခြိမ်းခြောက်မှုများ မကြာခဏပြုလုပ်ကြသည်။ မြန်စစ်တပ်မှ အိုးအိမ်များ လုယူဖြိုဖျက်ပြီး အရပ်သားပိုင်ဆိုင်မှုများဖျက်ဆီးကာ လက်ရှိနှင့်ရေရှည် အစာလုံခြုံမှုအပေါ် ထိခိုက်စေပါသည်။ မြန်မာစစ်တပ်သည် -KIA နှင့်အတူ (လာမည့်အခန်းတွင်ကြည့်ပါ)- သေဆုံးမှုများဒါဇင်လိုက်ဖြစ်စေပြီး၊ များစွာသောအခြားသူများအား ဆိုးရွားသော ဒဏ်ရာများ ရစေသည့် မြေမြှုပ်မိုင်းများ သုံးခဲ့သည်။ အသက် ၁၈ နှစ်အောက် ကလေးများမှာ မြန်မာ့စစ်တပ်ထဲသို့ အတင်းအကြပ် အသွင်းခံရသည်။

ကချင်ပြည်နယ်တွင် ရှိနေသည်ဟုဆိုကြသည့် မတရားညှဉ်းပန်းမှုများကို မြန်မာအစိုးရမှ အလေးအနက် စုံစမ်းစစ်ဆေးခြင်းမရှိ၊ နောက်ထပ်ချိုးဖောက်မှုများမဖြစ်ရန် ကာကွယ်မှုများလည်း မပြုပါ။ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမရမှ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ဘန်ကောက်ရှိ သတင်းစာရှင်းလင်းပွဲ တစ်ရပ်တွင် မကြာသေးခင်က ဖွဲ့စည်းခဲ့သည့်ကော်မရှင်မှ ပဋိပက္ခဒေသများတွင် စုံစမ်းစစ်ဆေးမှုများလုပ်ရန် "ယခု အချိန်တွင် မသင့်တော်ကြောင်း .... [အစိုးရနှင့် KIA အကြား] ငြိမ်းချမ်းရေး ရယူထားပြီးဖြစ်ပြီး၊ တိုင်းရင်းသား အုပ်စုများအပေါ် ကျူးလွန်ခဲ့သည်ဟုဆိုသည့် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ဆိုးသွမ်းသည့်အပြုအမူများသည်လည်း နောက်ကွယ်တွင် ပျောက်ပျက်သွားမည်" ဟု သတင်းစာဆရာများအား ပြောပါသည်။ [52]

ကချင်နှင့် မြောက်ပိုင်းရှမ်းပြည်နယ်တို့ရှိ ရွာများတွင် တစ်ဖက်ဖက်မှ လူသတ်မှု၊ ညှဉ်းပမ်းနှိပ်စက်မှု၊ မုဒိန်းမှုနှင့် အခြားသောမတော်မတရားမှုများအတွက် တာဝန်ရှိမရှိကို နိုင်ငံတော်နှင့် ပြည်နယ်အစိုးရများမှ "သေသေချာချာ" စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂွန်ငန်စိုင်းက သတင်းထောက်များအား ပြောကြားခဲ့သည်။[53] "ဒီအဖြစ်အပျက်တွေရဲ့ 'အထောက်အထား' တိကျမှန်ကန်မှု ရှိမရှိ၊ ခိုင်မာသေချာမှုရှိမရှိကို ကျနော်တို့ သေသေချာချာစိစစ်ပါမယ်" ဟု ၎င်းမှ *Myanmar Times* အား ပြောပါသည်။ [54] ဤစာရေးသားချိန်တွင် စုံစမ်းစစ်ဆေးမှုတစုံတရာနှင့်ပတ်သက်ပြီး မည်သည့်အစီရင်ခံစာမျှ ထုတ်ပြန်ခြင်း မရှိသေးပါ။

ထို့အပြင် ဒီဇင်ဘာလတွင်လည်း အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ၄-ဦးပါ အဖွဲ့တစ်ဖွဲ့က IDP စခန်းများ၊ ဘုရားကျောင်းများနှင့် မြစ်ကြီးနား၊ ဝိုင်းမော်နှင့် ဖန်မော်ရှိ အခြားသောနေရာများကို သွားရောက်ခဲ့ပြီး IDP များကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။ နိုင်ငံပိုင် သတင်းမီဒီယာများသို့ တွေ့ရှိချက်များ ထုတ်ပြန်ရာတွင် အမျိုးသား ကော်မရှင်မှ လူသားချင်းစာနာမှုလိုအပ်ချက်များကို အလေးထားခဲ့ပြီး အစိုးရမှ ထိန်းချုပ်ထားသည့်နေရာများတွင် အစိုးရ၏ လူသားချင်းဆိုင်ရာကြိုးပမ်းချက်များအား ချီးကျူး ပြောဆိုခဲ့ပါသည်။ သို့ရာတွင် အခြားအဖွဲ့များမှ အကျယ်တဝင့် မှတ်တမ်းတင်ထားသည့် မြန်မာစစ်တပ်မှ အတင်းအကြပ်ရွှေ့ပြောင်းစေမှုများ သို့မဟုတ် လူ့အခွင့် အရေး ချိုးဖောက်မှုများကိုမူ အစီရင်ခံခြင်း မရှိပါ။ [55]

---

[52] "'No Probe Into Ethnic Abuse:' Rights Body" Agence France-Presse, ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ၊ http://www.dvb.no/news/no-probe-into-ethnic-abuse-burma-rights-body/20255 (၂၀၀၄ ခုနှစ် မတ်လ ၄ ရက်တွင် ကြည့်ခဲ့သည်)။

[53] Soe Than Lynn, "Govt Pledges to Investigate Kachin HR Abuses," အတွဲ ၃၁၊ အမှတ် ၆၀၆၊ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၉-၂၅၊ http://www.mmtimes.com/2011/news/606/news3160605.html (၂၀၀၄ ခုနှစ် မတ်လ ၄ ရက်တွင် ကြည့်ခဲ့သည်)။

[54] Ibid.

[55] "Myanmar National Human Rights Commission Issues Statement," *The New Light of Myanmar*, ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်၊ စာမျက်နှာ ၉။

## အရပ်သားများနှင့် အရပ်သားပိုင်ပစ္စည်းများအား တိုက်ခိုက်ခြင်း

မြန်မာစစ်သားများသည် အရပ်သားများနှင့် ရွာများအပေါ် တိုက်ခိုက်ကြောင်းကို ကချင် အရပ်သားများက လူ့အခွင့်အရေး စောင့်ကြည့်မှုအဖွဲ့အား ပြောပြသည်။ အချို့ က ရွာများမှ ထွက်ပြေးစဉ် စစ်သားများက ၄င်း တို့အား လက်နက်ငယ်များဖြင့် ပစ်ခတ်ကြောင်း ပြောပါသည်။ အခြားသူများကလည်း ၄င်းတို့၏ရွာများတွင် KIA များ မရှိသော်လည်း၊ အစိုးရနေရာများမှ မော်တာများနှင့်ပစ်ကြောင်း ပြောပါသည်။ လူ့အခွင့်အရေး စောင့်ကြည့်ရေးမှ တွေ့ဆုံမေးမြန်းခဲ့သည့် ရွာသားဆယ့်ရှစ်ဦးက မြန်မာစစ်သားများ၏ ခြိမ်းခြောက်မှုများ၊ ခြောက်လှန့်မှုများနှင့် ကြုံရကြောင်း ပြောပါသည်။ မြန်မာစစ်သားများမှ သေခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရမှုနှင့် ခြိမ်းခြောက်ခဲ့ကြောင်း ခုနစ်ဦးက ပြောပါသည်။ ကချင်လူမျိုးအားလုံးအား စစ်တပ်မှ KIA ဟု ယူဆ၍ တပ်မတော် ၏ တရားဝင် ပစ်မှတ်များ ဖြစ်သည်ဟု ဆိုသည့် စစ်သားများ၏ ခြိမ်းခြောက်မှုခံရကြောင်း နှစ်ဦးကပြောပါသည်။[56]

ဒေါ်ဖွန်ရန်ရွာမှ အသက် ၃၅ နှစ်အရွယ် အမျိုးသမီးက ဇွန်လ ၁၇ ရက်တွင် ၄င်းနှင့် ၄င်း၏သားသမီးများ အိမ်ထဲတွင် ရှိနေစဉ် မြန်မာစစ်တပ်မှ သေနတ်နှင့် ပစ်ခတ်ခဲ့ကြောင်း ပြောပါသည်။

> ကျမရေချိုးနေတုန်း မြန်မာစစ်သားတွေလာပြီး စက်သေနတ်နဲ့ပစ်တယ်။ ကျမကလေးတွေက လယ်ထဲ က တဲပေါ်ကနေ ခုန်ချပြီး ကျမကလည်း အပစ်မခံရအောင် ပုန်းနေရတယ် .... စစ်သားတွေက သေနတ်တွေ ကိုင်ထားကြတယ် .... မတ်တပ်ရပ်ပြီး ပစ်နေကြတယ်။ သူတို့က လယ်ထဲကိုလာကြတယ်။ ကျမတို့သာ မပြေးခဲ့ရင် ပစ်သတ်ခံရပြီ။ ဘာလို့လဲဆိုတော့ ကျည်ဆံတွေက မျက်နှာကျက်ကို မှန်ကြတယ်လေ။[57]

ဇွန်လအစောပိုင်းတွင် မြန်မာစစ်သားများက ဆန်ဂန်ရွာမှ ၆၂ နှစ် အရွယ် ကချင်အမျိုးသမီးနှင့် ၄င်း၏မြေး သုံးယောက်အား နှစ်ကြိမ် သေနတ်နှင့် ပစ်ခဲ့ ပါသည်။ လူ့အခွင့်အရေးစောင့်ကြည့် မှုအဖွဲ့ အား သူမက အောက်ပါ အတိုင်း ပြောပါသည်။

> ကျမတို့ မနက်မှာ ထမင်းချက်နေတုန်း သေနတ်သံတွေကြားတော့ အစာတွေထားခဲ့ပြီး လယ်ထဲ ပြေးကြ ရတယ်။ ကျမတို့ပြေးတဲ့အခါ စစ်သားတွေက သေနတ်တွေနဲ့ ကျမတို့ကို ပစ်တယ်။

---

[56] အားလုံး ၂၀၁၁ ခုနှစ်တွင် လုပ်သည့် လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ တွေ့ဆုံမေးမြန်းချက်များ E.G, B.A, B.D., D.F., B.E, B.F.,D.G, B.B, D.H., D.I., E.C, Ah Hkaw, F.F., I.C., I.F., I.I, A.Z., နှင့် A.E.။ တပ်မတော်၏ပစ်မှတ်များအဖြင့် ရွာသားများ ခြိမ်းခြောက်ခံရသည့် ကိစ္စများအတွက် လူ့အခွင့်အရေးစောင့်ကြည့်ရေး တွေ့ဆုံမေးမြန်းပွဲမှာ E.G., Ah Hkaw, F.F., I.F., I.I., A.Z., နှင့် A.E. ကို ကြည့်ပါ။ အခြားရွာသားများစွာကလည်း ၄င်းတို့၏မိသားစုဝင်များထွက်မပြေးမီ မြန်မာစစ်သားများမှ ၄င်းတို့အား တပ်မတော်ပစ်မှတ်များအဖြစ် အကြမ်းဖက်ခြိမ်းခြောက်ခဲ့သည်ဟု ဆိုပါသည်။ Physicians for Human Rights, *Under Siege in Kachin State, Burma*, ၂၀၁၁ ခုနှစ် နိုဝင်ဘာလ၊ www.physiciansforhumanrights.org (၂၀၀၄ ခုနှစ် မတ်လ ၄ ရက်တွင် ကြည့်ခဲ့သည်) ကိုကြည့်ပါ။ "Aid urgently needed for refugees fleeing spreading fighting and 'orders to rape' in Kachin State," Kachin Women's Association Thailand news release, ၂၀၁၁ ခုနှစ် ဇူလိုင်လ ၁၉ ရက်၊ http://www.kachinwomen.com/advocacy/press-release/37-press- release/65-aid-urgently-needed-for-refugees-fleeing-spreading-fighting-and-orders-to-rape-in-kachin-state.html (၂၀၀၄ ခုနှစ် မတ်လ ၄ ရက်တွင် ကြည့် ခဲ့သည်) ကိုလည်းကြည့်ပါ။ "WLB launches a short film 'Bringing Justice to Women' demanding the accountability of Burma's military for war crimes and crimes against humanity," မြန်မာနိုင်ငံအမျိုးသမီးများအဖွဲ့ချုပ် သတင်းထုတ်ပြန်ချက်၊ ၂၀၁၁ ခုနှစ်။

[57] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ တွေ့ဆုံမေးမြန်းချက် F.F.၊ မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့။

> ကျမတို့လည်း အရမ်းကြောက်တာပဲ။ ပြေးပြီး ပုန်းကြတယ်။ ခြင်တွေကလည်းများပြီး မိုးရေတွေလည်း စိုကုန်ပြီး အားလုံး ငိုနေကြတယ်။ [58]

အခြေခံ စားစရာများမရှိဘဲ တောထဲတွင် နှစ်ရက်နေပြီးနောက် စားစရာ ရယူရန် အိမ်ပြန်စဉ် ဒုတိယအကြိမ် သေနတ်နှင့် အပစ်ခံရကြောင်း သူမက ပြောပါသည်။ "ကျမတို့က အိမ်ကထွက်လာပြီး ရွာထဲကနေ တောင် ထွက်လာနေပြီ။... စစ်သားတွေက ကျမတို့ကို [ထပ်] ပစ်ပြန်ရော။" ဟု သူမက ပြောပါသည်။ "ဘယ်သူမှတော့မထိပါဘူး။ စစ်သားက ပစ်တော့ ကျမတုန်သွားပြီး ဘာလုပ်ရမှန်းမသိဘူး။ ပြေးတာပဲ။" [59]

ဆန်ဂန်မှ အသက် ၅၁ နှစ်အရွယ် ကချင်လယ်သမားတစ်ဦးက သူ့တွင် လက်နက်မရှိမှန်း ရှင်းနေသော်လည်း အစိုးရစစ်သားမှ ၎င်းအား ဇွန်လ ၁၂ ရက်နေ့တွင် သေနတ်နှင့်ပစ်ခဲ့ကြောင်း လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ အား ပြောပြခဲ့သည်။ ။

> အဲဒီစစ်သားနဲ့ ကျနော်နဲ့က မီတာ ၅၀ [လောက်] ဝေးပြီး ကျနော်တို့ ကြားမှ ချောင်းကလေး တစ်ချောင်းရှိတယ်။ စစ်သားက ကောင်းကောင်းပဲကျနော့်ကို "အကို လာပါ၊ လာပါ" လို့ ပြောတော့ ကျနော်လည်းသွားချင်ဟန်ဆောင်ပြီး ရုတ်တရက်ပြေးတဲ့အခါ သူကျနော့်ကို နှစ်ခါ ပစ်တယ်။ ကျနော်လည်း ပြေးတဲ့နေရာနားမှာ တစ်နာရီလောက်ပုန်းနေတယ်။ တစ်နာရီကြာပြီး မှောင်လာတော့ ကျနော်လည်း ပြေးတာပဲ။ ကျနော်က အဲဒီဗမာကို ကြောက်တယ်။ [60]

အသက် ၄၈ နှစ်အရွယ် ကချင်အမျိုးသမီးတစ်ဦးမှ ဇွန်လ ၁၃ ရက်တွင် ၎င်းအား မြန်မာစစ်တပ်မှ မြန်မာစစ်တပ် စခန်းရှိရာ တောင်အောက်တွင်ရှိသည့် ကွန်ရာဇပ်ရွာတွင် သေနတ်နှင့်ပစ်ခဲ့ပုံကို လူ့အခွင့်အရေး စောင့်ကြည့် ရေးအား ရှင်းပြခဲ့ပါသည်။ "ဗမာစစ်သားတွေက သေနတ်တွေနဲ့ပစ်တော့ ကျမတို့လည်း အရမ်းကြောက်တာပေါ့" ဟု ပြောပါသည်။ "သူတို့ဘာတွေကိုပစ်မှတ်ထားနေမှန်း ကျမတို့လည်းမသိဘူးလေ။"[61]

အရပ်သားများ ကစဉ့်ကလျားဖြစ်စေရန် ရွာများအတွင်းသို့ မော်တာများနှင့် ပစ်သည့် အလေ့အထအကြောင်း ခြေလျင်တပ်ရင်း ၁၄၂ (ခလရ ၁၄၂) မှ အသက် ၂၇ နှစ်အရွယ် တပ်ပြေးတစ်ဦးမှ လူ့အခွင့်အရေး စောင့်ကြည့် ရေးအား ရှင်းပြခဲ့ပါသည်။

> မေလမှာ ကျနော်တပ်ရင်း [၁၄၂] ထဲဝင်ပြီး ပဋိပက္ခက ဇွန်လမှာ စတယ်။ ဝါရင့်စစ်သားတွေက မော်တာတွေပစ်နေတာ တွေ့တယ် … သာမန်အားဖြင့်တော့ ၈၁ မမ [မော်တာတွေပါ]။ ရွာက တောင်အောက်မှာ။ စစ်သားတွေက ရွာထဲပစ်တော့ ရွာသားတွေထွက်ပြေးကြတယ်။ အဲဒီလို ဖြစ်အောင် လုပ်တာပဲ။ ဒါက ဒိန်ဂန်မှာ။ အရပ်သားတွေ သေတယ်လို့ ကျနော်မကြားမိပါဘူး။ [62]

---

[58] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ တွေ့ဆုံမေးမြန်းချက် C.E.,မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၅ ရက်။
[59] အထက်ပါအတိုင်း။
[60] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ တွေ့ဆုံမေးမြန်းချက် C.A., မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၅ ရက်။
[61] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ တွေ့ဆုံမေးမြန်းချက် B.A., မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၄ ရက်။
[62] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ တွေ့ဆုံမေးမြန်းချက် Than Tun, မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၁၃ ရက်။

မြန်မာနိုင်ငံတွင်းရှိ ၎င်းတို့၏ရွာတွင် မော်တာကျည်များ ပေါက်ကွဲသည့်အတွက် ၎င်းတို့ထွက်ပြေးခဲ့ရကြောင်း ရွာသားများက ပြောပြခဲ့ပါသည်။ အသက် ၄၀ အရွယ် ကချင်အမျိုးသမီးတစ်ဦးမှ လူ့အခွင့်အရေး စောင့်ကြည့် ရေးအား ဤသို့ပြောပါသည်။ ။ "စစ်သားတွေက ကျမတို့ရွာထဲကို မော်တာနဲ့ သုံးခါပစ်တယ်။ နိုဝင်ဘာလ ၁၀ ရက် လောက်မှာ ကျည်တွေရွာထဲကျလို့ ကျမတို့လည်း ပြေးတာပေါ့ .... ကျမတို့ရွာထဲက ကျည်တွေက ဗမာစခန်းက လာတာ။ ဘယ်ဘက်ကလာနေမှန်း ကျမတို့ တွေ့ရတယ်။"[63]

စစ်သားများမှ သူမနှင့် အခြားရွာသားများအား ခြိမ်းခြောက်ပုံကိုလည်း ပြောပြပါသည်။ ။

> ရွာသားတွေက KIA တွေ၊ KIA တွေက ရွာသားတွေ၊ ဒါကြောင့် ကျမတို့ကို သူတို့ပစ်တာလို့ ပြောတယ်။ ကျမတို့ကိုတစ်နေရာရာကို မသွားခိုင်းဘူး။ သွားရင်ပစ်မယ်လို့ ပြောတယ်။ "အားလုံးကို ပစ်မယ်။ လူကြီးလူငယ်မရွေး၊ ယောကျ်ားမိန်းမ မရွေး၊ ဂရုမစိုက်ဘူး။" လို့ ပြောတယ်။ "မင်းတို့ အဖိုးက KIA ဆိုရင်၊ မိဘတွေရော မြေးတွေရော သတ်မယ်" လို့ စစ်သားတစ်ယောက်က ပြောတယ်။ "မျိုးဆက်သုံးခုလုံး သတ်ပစ်လိုက်မယ်" တဲ့။[64]

မရူရွာမှ အသက် ၄၀ အရွယ် အမျိုးသားတစ်ဦးက ၎င်းနှင့်အခြားရွာသားများအား မြန်မာစစ်သားများက သေနတ်နှင့် ပစ်သတ်ရန် ခြိမ်းခြောက်ပုံကို လူ့အခွင့်အရေး စောင့်ကြည့်မှုအဖွဲ့အား ပြောပြပါသည်။ ။ "ရွာထဲကို မော်တာ ကျည်တွေ အများကြီးပစ်ပြီး၊ ကျနော်တို့ရွာနားသွားရင် ပစ်မယ်လို့ စစ်သားတွေပြောတယ်။ 'မင်းတို့ မရူသားတွေအားလုံးကို ပစ်သတ်လိုက်မယ်' လို့ပြောတယ်။ ဒီတော့ ကျနော်တို့လည်းထွက်ပြေးရော။"[65]

အသက် ၃၅နှစ် အရွယ် ကချင်အမျိုးသမီးတစ်ယောက်က "ဗမာစစ်သားတွေက ကချင်တွေအားလုံးက KIA လို့ ထင်တယ်။ အဲဒီလိုထင်နေတယ်။ ကျနော်တို့ ရွာထဲမှာ ရှိနေအုံးမယ်ဆိုရင် ကျနော်တို့အတွက် အရမ်းဆိုးမှာပဲ။" ဟု လူ့အခွင့်အရေး စောင့်ကြည့် မှုအဖွဲ့ အား ပြောပါသည်။[66]

## ညှဉ်းပန်းနှိပ်စက်ခြင်း၊ ရိုက်နှက်ခြင်းနှင့် အခြားမသင့်တော်သော ဆက်ဆံခြင်းများ

> သူ့ကို အရင်ရိုက်တယ်။ ပြီးတော့ သူ့ခေါင်းကို အိတ်နဲ့စွပ်ပြီး လည်ပင်းမှာ တင်းနေအောင် ချည် လိုက်တယ် .... သူ့ခေါင်းကို ပလပ်စတစ်နဲ့အုပ်ပြီးတဲ့အခါ ရေလောင်းချတော့ ပလပ်စတစ်က နှာခေါင်းနဲ့ပါးစပ်မှာ သွားကပ်ပြီး သူအသက်ရှူလို့မရတော့ဘူး။ သူစကားမပြောနိုင်ပေမဲ့ သူ့ကို စစ်သားလားလို့ မေးပြီးရင်း မေးကြတယ်။ အရမ်းလည်း ရိုက်ကြတယ်။

---

[63] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ တွေ့ဆုံမေးမြန်းချက် A.E., တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ။
[64] အထက်ပါအတိုင်း။
[65] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ တွေ့ဆုံမေးမြန်းချက် A.Z., တရုပ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ။
[66] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ တွေ့ဆုံမေးမြန်းချက် I.H., တရုပ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ။

> – "မနု" အသက် ၄၀၊ အသက် ၁၈ နှစ်အရွယ် အမျိုးသားအား မြန်မာစစ်သားများမှ ညှဉ်းပမ်းနှိပ်စက်သည်ကို တွေ့သူ၊ ကချင်ပြည်နယ်၊ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်။

ကလေးများအပါအဝင် ကချင်အရပ်သားများက ၄င်းတို့အား မြန်မာစစ်သားများက KIA သတင်းအချက်အလက် ရရန် သို့မဟုတ် KIA အဆက်အသွယ်များ ထုတ်ပြောရန် ကြိုးပမ်းမှုအနေဖြင့်၊ အကြမ်းဖက်ခြိမ်းခြောက်ပြီး ညှဉ်းပမ်းနှိပ်စက်ပုံကို လူ့အခွင့်အရေး စောင့်ကြည့်ရေးအား ပြောပါသည်။ [67] ထိုနည်းများဖြင့် မြန်မာစစ်တပ်မှ တိုင်းရင်းသားပဋိပက္ခဒေသများရှိ သူပုန်တန်ပြန်စစ်ဆင်ရေးများတွင် ဆယ်စုနှစ်ပေါင်းများစွာ သုံးခဲ့သည့် အကြောင်း မှတ်တမ်းများ ရှိပါသည်။ [68]

စက်တင်ဘာလ ၂၆ ရက်နေ့တွင် အဓိကအားဖြင့် ကချင်ရွာဖြစ်ပြီး KIA နှင့် မြန်မာစစ်တပ်အကြား တိုက်ပွဲ အပြင်းအထန်ဖြစ်သည့် ရှမ်းပြည်မြောက်ပိုင်းရှိ လွိုင်ကန်ရွာမှ အသက် ၃၈ နှစ်အရွယ် မယ်နု၊ ၄င်း၏ မိသားစုနှင့် အခြားသောရွာသားများ ထွက်ပြေးခဲ့ကြသည်။ ၄င်းတို့ နမ်းဆာရွာဖြတ်သွားစဉ် KIA နှင့် တိုက်ပွဲဝင်ရန် ပြင်နေပြီး၊ ၄င်းတို့လာနေသည့် ဘက်သို့သွားနေသည့် မြန်မာစစ်သားများနှင့် ကြုံရသည်။ ၄င်းတို့အဖွဲ့မှ အသက် ၁၈ နှစ် အရွယ် အမျိုးသားတစ်ဦးအား စစ်သားများက လက်ထိပ်ခတ်ပြီး အပြင်းအထန်ရိုက်နှက်ကာ လူတစ်ဦးရေနှစ် သကဲ့သို့ ခံစားရန် လူသတ်သည့်ပုံစံဖြင့် "ရေနှစ်"သည်ကို တွေ့ကြောင်း မယ်နုက အောက်ပါအတိုင်းပြောပါသည်။

> သူတို့က အရမ်းရိုက်တာပဲ။ ကျမ မျက်မြင်ပဲ။ ကျမကို မေးပြီးတော့ဖြစ်တာ.... သူက စစ်သား မဟုတ်ဘူး၊ မနှစ်ကမှ အထက်တန်းကျောင်းပြီးတာလို့ သူတို့ထဲက တစ်ယောက်ကို ကျမ ပြောတယ်။ ကျမ အဲဒီလိုရှင်းပြတယ်။ စစ်သားတစ်ယောက်က"မင်းတို့ ကချင်တွေကို ဖျက်ဆီး ပြီး အဆုံးသတ်လိုက်မယ်။ မင်းတို့အားလုံးကို တစ်ယောက်မကျန် သတ်ပစ် လိုက်မယ်။" လို့ ပြန်အော်တယ်။ ကျမ ကြောက်သွားတယ်။ အဲဒါလည်းပြီးရော သူစစ်သား မဟုတ်ကြောင်း ကျမပိုပြီးရှင်းပြတယ်။ နောက်ဆုံးတော့ သူတို့ ကျမတို့အားလုံးကို လွှတ်ပေးလိုက်တယ်။ [69]

---

[67] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့. ၂၀၁၁ ခုနှစ်တွေ့ဆုံမေးမြန်းချက်များ A.E., B.A., B.B., B.D, B.E., B.F., D.F., D.I., E.C., နှင့် Ah Hkaw.

[68] ၁၉၈၈ ခုနှစ် အစိုးရမှ နိုင်ငံတဝှမ်း ဒီမိုကရေစီဆန္ဒပြပွဲများအား အစိုးရမှ အကြမ်းဖက်ဖိနှိပ်ပြီးနောက် တိုင်းရင်းသားလူနည်းစုများအား ညှဉ်းပမ်းနှိပ်စက်မှုကဲ့သို့ မတော်မတရားပြုမှုများအား နိုင်ငံတကာအဖွဲ့အစည်းများမှ ပို၍ကောင်းကောင်းမှတ်တမ်းတင်လာခဲ့ပါသည်။ ပို၍များလာသော မှတ်တမ်းများတါင် တိုင်းရင်းသားဒေသများမှ အစီရင်ခံချက်များပါပါသည်။ Martin Smith, "Ethnic Groups in Burma: Development, Democracy, and Human Rights," Anti-Slavery International, ၁၉၉၄၊ စာမျက်နှာ ၆၄ ကို ကြည့်ပါ။ US State Department Bureau of Democracy, Human Rights, and Labor, "Country Reports on Human Rights Practices," *Burma*, ၁၉၉၁၊ UN Economic and Social Council, *Report on the situation of human rights in Myanmar,* ၁၉၉၃၊ စာမျက်နှာ ၄၆ ကိုလည်း ကြည့်ပါ။ ၂၀၀၂ ခုနှစ်မှ စ၍ ကုလသမဂ္ဂမှ အစီရင်ခံခဲ့သော မြန်မာအစိုးရ၏ ညှဉ်းပမ်းနှိပ်စက်မှုများကို Harvard Law School International Human Rights Clinic, *Crimes in Burma*, ၂၀၀၉ ခုနှစ် မေလ၊ http://www.law.harvard.edu/news/2009/05/28_burma.html (၂၀၀၄ ခုနှစ် မတ်လ ၄ ရက်တွင် ကြည့် ခဲ့သည်) တွင် ကြည့်ပါ။ တိုင်းရင်းသားဒေသများတွင် မြန်မာစစ်တပ်မှ မတော်မတရားသည့် သူပုန်တန်ပြန်ရေးနည်းစနစ်မှတ်တမ်းများ အပါအဝင် မကြာသေးမီက လူ့အခွင့်အရေးစောင့်ကြည့်ရေးမှ အစီရင်ခံစာများအား Human Rights Watch, *Burma: "We are Like Forgotten People": The Chin People of Burma: Unsafe in Burma, Unprotected in India*, ၂၀၀၉ ဇန်နဝါရီလ http://www.hrw.org/de/reports/2009/01/27/ we-are-forgotten-people-0 (၂၀၀၄ ခုနှစ် မတ်လ ၄ ရက်တွင် ကြည့် ခဲ့သည်) တွင် ကြည့်ပါ။ Human Rights Watch, *Burma: "They Came and Destroyed Our Village Again": The Plight of Internally Displaced Persons in Karen State*, ၂၀၀၅ ခုနှစ် ဇွန်လ http://www.hrw.org/reports/2005/06/09/they-came-and-destroyed-our-village-again (၂၀၀၄ ခုနှစ် မတ်လ ၄ ရက်တွင် ကြည့်ခဲ့သည်) တွင် ကြည့်ပါ။

[69] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့. တွေ့ဆုံမေးမြန်းချက် Mae Nu, မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ။

အောက်တိုဘာနှင့် နိုဝင်ဘာလများတွင် မြန်မာစစ်တပ်မှ အတင်းအကြပ် ပေါ်တာဆွဲခံရသူ အမ်စိုင်းက အာဏာပိုင်များ သူ့ကို အကြမ်းဖက်မေးမြန်းပုံကို လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့အား အောက်ပါအတိုင်း ပြောပြပါသည်။ ။ "ကျနော်တို့ကို သူတို့ မေးခွန်းတွေ အများကြီးမေးတယ် ... ပြီးတော့ ပါးရိုက်ပြီး လက်သီးနဲ့ ထိုးတယ်.... ကျနော်တို့ကို တစ်ယောက်ချင်းစစ်တယ်.... ကျနော်တို့ဖြေပုံ မကြိုက်ရင် လက်သီးနဲ့ထိုးပြီး ကန်တယ်။ ကျနော်ဖြေနေတုန်း လက်သီးနဲ့သုံးခါအထိုးခံရတယ်။"[70]

စစ်သားများက သူ၏ မော်တော်ဆိုင်ကယ်သော့ကို ယူလိုက်ကာ အခြားအရပ်သား အမျိုးသားအမျိုးသမီး ရှစ်ဦးနှင့်အတူ တပ်မတော် ထရပ်ကားပေါ်တင်ပြီး မြို့ပြင်သို့ မောင်းသွားကြောင်း အမ်စိုင်းက ပြောပါသည်။ ထရပ်ကားမှ လယ်ကွင်းတစ်ခုသို့ မောင်းသွားကာ ထိုနေရာရောက်သည့်အခါ "မြန်မာစစ်သားများ စုရုံးနေကြသည့်" တောင်တစ်တောင်ပေါ် အတင်းအကြပ်တက်ခိုင်းပါသည်။[71]

> [တောင်ထိပ်ရောက်တဲ့အခါ] "အဝတ်အစားအားလုံးချွတ်လိုက်" လို့ သူတို့က ပြောပြီး ကျနော်တို့လည်း အားလုံးချွတ်လိုက်ရတယ်။ ကျနော်တို့ကို မေးခွန်းတွေ အများကြီးမေးတယ် ... ပြီးတော့ ကျနော်တို့ကို ပါးရိုက်ပြီး လက်သီးနဲ့ထိုးကြတယ်။ အဲဒီစစ်သားက ကျနော့်နံရိုးကို ကန်တယ်။ ဘယ်ဘက်နံရိုး။ ပြီးတော့ အဲဒီမှာ နာတုန်းပဲ။ သူက ကျနော့်ကို သေနတ်နဲ့ချိန်လိုက်တယ်။ ကျနော်က မြေပေါ်မှာ လဲနေတယ်။ ပက်လက်။ ပြီးတော့သူက ကျနော့်လည်ပင်းကို သေနတ်နဲ့ချိန်လိုက်တယ်။ ဒီစစ်သားက ကျနော့်ကို သတ်မလို့။ ပုခုံးမှာ နှစ်ရစ်နဲ့ [အရာခံဗိုလ်] တစ်ယောက်က တားလိုက်ပြီး ကျနော့်ကို မသတ်ဖို့ပြောလိုက်တယ်။ "မလုပ်ရဘူး။" လို့ ပြောလိုက်တယ်။ အင်္ကျီလက်မှာ သုံးရစ်နဲ့စစ်သား [တပ်ကြပ်] က သေနတ်ကို ကျနော့် လည်ပင်းမှာချိန်ထားပြီး နှစ်ရစ် [အရာခံဗိုလ်] က သူ့ကိုတားလိုက်တယ်။[72]

မောင်အေ၊ အသက် ၁၆ နှစ်နှင့် အသက် ၁၄နှစ်အရွယ် ၎င်း၏ညီ ယောဘီတို့ ကိစ္စတွင် (ကလေးများအား ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် အတင်းအကြပ်စေခိုင်းခြင်းအပိုင်းကို ကြည့်ပါ) မြန်မာစစ်သားများက ထိုအမျိုးသား ကလေးများအား လက်ပြန်ကြိုးတုပ်ပြီး လက်များအား မျက်နှာကျက်မှ တန်းလန်းကျနေသော ကြိုးနှင့်ချည်ပြီး အနည်းဆုံး နှစ်နာရီကြာ သတ်ရန်၊ ခြေလက်ဖြတ်ရန် ခြိမ်းခြောက်ပြီး KIA သတင်းအချက်အလက်များ စစ်ဆေးသည်ဟုဆိုပါသည်။[73]

ရှမ်းပြည်နယ် ဂွမ်လွန်းဇာတိသား အသက် ၂၆ နှစ်အရွယ် ကချင်အမျိုးသားအား တရုတ်နယ်စပ်နားမှ လွိုင်ဂျယ်တွင် မြန်မာစစ်သားများက ဒေသခံစီမံခန့်ခွဲရေးရုံး သို့ခေါ်သွားပြီး မေးခွန်းများမေးကာ ရိုက်နှက်ပြီး၊

---

70 လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ တွေ့ဆုံမေးမြန်းချက် M. Seng, မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၁၉ ရက်။

71 အထက်ပါအတိုင်း။

72 အထက်ပါအတိုင်း။

73 လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ တွေ့ဆုံမေးမြန်းပွဲ Yaw B., တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ။ လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ တွေ့ဆုံမေးမြန်းချက် Mung A., တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ။

၎င်းမော်တော်ဆိုင်ကယ်ဝယ်ရန် သုံးဖို့ရည်ရွယ်ထားသည့် ငွေများခိုးယူသွားပုံကို လူ့အခွင့်အရေး စောင့်ကြည့် မှုအဖွဲ့ အား အောက်ပါအတိုင်း ရှင်းပြခဲ့ပါသည်။ ။

> စစ်သားနှစ်ယောက် ကျနော့်လက်ကိုဆွဲပြီး [KIA ချုပ်ကိုင်ထားတဲ့နယ်စပ်မြို့] မိုင်ဂျာယန် ကလား လို့ မေးတယ်။ မဟုတ်ဘူးလို့ပြောတော့ ကျနော် ညာနေတယ် လို့ပြောတယ်။ ကျနော်က KIA စစ်သားလို့ပြောတယ်။ ကျနော်က "မဟုတ်ဘူး" လို့ပြောလိုက်တယ်...သူတို့ ကျနော့် နံဘေးကို ကန်လိုက်တော့ ကျနော်စကားပြောဖို့အရမ်းခက်သွားတယ်။ ကျနော့် ဘေးတစ်ဖက်စီမှာ ကျနော့်လက်တွေကို ကိုင်ထားတဲ့ စစ်သားတွေသာမရှိရင် ကျနော် လဲကျ သွားမှာပဲ။ ကျနော့်ပိုက်ဆံအိတ်ကို သူတို့ယူသွားတယ်။[74]

မြန်မာစစ်သားများ၏ အကြမ်းဖက်ခြိမ်းခြောက်မှုပုံစံဖြင့် မတရားညှဉ်းပန်းမှုများကို ကချင်အရပ်သား အများအပြား က ပြောပြပါသည်။ ဇူလိုင်လ ၂၃ ရက်နေ့ ဇင်လွမ်မှ ပြေးခဲ့သည့် အသက် ၆၀ အရွယ်တစ်ဦးက ၎င်း၏မိသားစုနှင့် KIA အဆက်အသွယ်ရှိသည်ဟု သံသယရှိသည့် စစ်သားများက သူ့ကို နေ့စဉ် စစ်ဆေးပြီး ခြိမ်းခြောက်ပုံကို လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့အား ဤသို့ပြောပြပါသည်။ ။

> စစ်သားတွေက သေနတ်နဲ့မြေကြီးကို လေးခါပစ်ပြီး ကျနော့်ကိုခြိမ်းခြောက်တယ်။ "မင်းရဲ့ သား ဘယ်မှာလဲ။ သူဘာလုပ်နေလဲ။" လို့မေးတယ်။ ကျနော်က ဗမာစကား ကောင်းကောင်း မပြောတတ်ဘူး။ မသိဘူး လို့ပဲပြောလိုက်တယ်.... စစ်သားတွေက နေ့ဘက်လာကြတယ်။ [ဇူလိုင်လမှာ] နေ့တိုင်းလာမေးပြီး စစ်တယ်။ တခါတလေ တစ်ခါ၊ တခါတလေ နှစ်ခါ။ [75]

ဇင်လွမ်မှ ရွာသားတစ်ဦးက လူ့အခွင့်အရေး စောင့်ကြည့်ရေးအား ဤသို့ပြောပြပါသည်။ ။

> ကျနော်တို့လည်း ရွာထဲမှာနေရမှာကြောက်တာနဲ့ ရွာနဲ့တစ်မိုင်ဝေးတဲ့ တောထဲမှာ သွားပုန်းကြတယ်။.... တိတ်တိတ်လေး အသွားအပြန်လုပ်နေတုန်း ဗမာစစ်သားတွေ ကျနော်တို့ကို တွေ့သွားပြီး၊ နောက်တစ်ခါကျနော်တို့ကိုတွေ့ရင် သေနတ်နဲ့ပစ်မယ်လို့ ပြောတယ်။ အဲဒီနောက်ပိုင်း ဘယ်သူမှ ပြန်မသွားတော့ဘူး။ [76]

ခါယာမှ အသက် ၃၆ နှစ် ကချင်အမျိုးသမီးတစ်ဦးက အောက်ပါအတိုင်း လူ့အခွင့်အရေးစောင့်ကြည့် မှုအဖွဲ့ အား ပြောပါသည်။ ။

> ကျမတို့မသွားခင် အဲဒီအိမ်မှာနေတယ်။ ဗမာစစ်သားတွေ တခါတလေလာပြီး ကျမတို့က ဘယ်လိုမျိုးကချင်တွေလဲ၊ ကျမတို့အမျိုးတွေက ဘယ်သူတွေလဲ၊ သူများတွေက သွားကုန်ပြီ။

---

[74] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့  တွေ့ဆုံမေးမြန်းချက် I.F., မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်။
[75] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့  တွေ့ဆုံမေးမြန်းချက် B.E., မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၄ ရက်။
[76] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့  တွေ့ဆုံမေးမြန်းချက်  E.G., တရုပ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ၂၀၁၁ ခုနှစ် ဩဂုတ်လ။

> ကျမတို့က ဘာလို့မသွားသေးလဲလို့ မေးတယ်။ ဒီမေးခွန်းတွေ လာမေးကြတယ်။ သူတို့လာရင် ကျမအရမ်းကြောက်တာပဲ။ ကျမတို့ကို သတ်မှာကြောက်တာ။ [77]

နှန်လန်မှ အသက် ၇၀ အရွယ်အမျိုးသမီးတစ်ဦးက  အောက်ပါအတိုင်း လူ့အခွင့်အရေးစောင့်ကြည့် မှုအဖွဲ့ အား ပြောပါသည်။ ။

> ရွာသားတွေက [ဗမာစစ်တပ်အတွက်] လယ်ထဲမှာ အလုပ်လုပ်ပေးဖို့ ငြင်းရင် သူတို့ကို ရိုက်တယ်။ ဒါမှမဟုတ် ဖမ်းကြတယ်။ ဒါက ပဋိပက္ခမစခင်က ဖြစ်နေတာ။ ပဋိပက္ခလည်း စရော လူအများကြီးပဲ အစစ်ခံရတယ်။ ဗမာစစ်သားတွေက KIA နဲ့ တိုက်ပွဲဖြစ်နေလို့ ကျမတို့ကို ဖမ်းပြီး ရွာကိုမီးရှို့မယ်လို့ ခြိမ်းခြောက်ကြတယ်။ ....ကျမကို ခြိမ်းခြောက်ပြီး စစ်ဆေးမေးမြန်းတာ ခဏခဏပဲ။ [78]

ဆန်ဂန်မှ အသက် ၅၈ နှစ် ကချင်အမျိုးသမီးတစ်ဦးက သူ့ရွာရှိ မြန်မာစစ်သားများအား ကြောက်ရွံ့ပုံကို ရှင်းပြပါသည်။ ။

> ကျမတို့ရွာထဲမှာသွားနေရင် ကျမတို့ကို စစ်သားတွေက ရိုက်ပြီး နှိပ်စက်မယ်လို့ ထင်တယ်။ ကျမတို့ရွာမှာ KIO ကိုထောက်ခံတဲ့အရပ်သားတွေ အများကြီးရှိတော့ ကျမတို့ ပြန်နေရင် အသတ်ခံရမှာပဲ။ [79]

## မုဒိန်းမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ

မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် သောမတ်စ် အိုဂျီးယား ကင်တားနား [Thomas Ojea Quintana] ၏ ၂၀၁၁ ခုနှစ် စက်တင်ဘာလ အစီရင်ခံစာအရ "ကချင်ပြည်နယ်တစ်ဝှမ်း အရပ်သားများအပေါ် မတရားညှဉ်းပန်းမှုများတွင် အမျိုးသမီးနှင့် မိန်းကလေးငယ် ၁၈ ဦး စစ်သားများမှ စုပေါင်းမုဒိန်းကျင့်မှုနှင့် ဤသို့ဒုက္ခခံရသူများအနက် လေးဦးမှာ နောက်ပိုင်းတွင် သတ်ခံရကြောင်း စွပ်စွဲချက်များလည်း ပါဝင်သည်။"[80] လူ့အခွင့်အရေးစောင့်ကြည့်သူများက မုဒိန်းမှုများနှင့် လိင်အရအကြမ်းဖက်မှုများကို အကြိမ်ပေါင်းများစွာ မြင်တွေ့ဖူးသူတစ်ဦးနှင့် ပြောဆိုဆွေးနွေးခဲ့ပြီး၊ လူမှုအသိုင်းအဝိုင်းမှလူများကလည်း ဤအလေ့အထကို အတည်ပြု ခဲ့ပါသည်။ ပဋိပက္ခစတင်ပြီးကတည်းက လူမှုအသိုင်းအဝိုင်းအခြေခံ အဖွဲ့အစည်းများက မုဒိန်းမှုများကို အစီရင်ခံခဲ့ပါသည်။ ထိုင်းနိုင်ငံ ကချင်အမျိုးသမီးများအသင်း (KWAT) မှ ပဋိပက္ခစတင်ပြီး ပထမနှစ်လအတွင်း

---

[77] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့  တွေ့ဆုံမေးမြန်းချက်  D.I., တရုပ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ၂၀၁၁ ခုနှစ် ဩဂုတ်လ။

[78] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့  တွေ့ဆုံမေးမြန်းချက်  Ah Hkaw, မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်။

[79] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့  တွေ့ဆုံမေးမြန်းချက်  C.D., မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၅ ရက်။

[80] UN General Assembly, "Report of the Special Rapporteur on the Situation of Human Rights in Myanmar," A/66/365 (၂၀၁၁ ခုနှစ် စက်တင်ဘာလ ၁၆ ရက်), စာမျက်နှာ ၁၀။

မုဒိန်းမှုပေါင်း ၃၇ မှုကို အစီရင်ခံခဲ့ပြီး၊ ၄င်းတို့အထဲမှ ဒုက္ခခံရသူ ၁၃ ဦးမှာ အသတ်ခံခဲ့ရသည်ဟု ဆိုကြပါသည်။[81] ၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် ထွက်ပြေးလွတ်မြောက်လာသည့် ပေါ်တာများ၏ ပြောဆိုချက်အပေါ်အခြေခံပြီး တရုတ်နိုင်ငံ နယ်စပ်အနီး မြန်မာစစ်စခန်းနားရှိ ခြေမြန်တပ်ရင်း (ခမရ) ၃၀၁ မှ အမျိုးသမီး လေးဦးအား "လိင်ကျွန်များ" အဖြစ် ဖမ်းဆီးထားကြောင်း KWAT မှ အစီရင်ခံခဲ့ ပါသည်။ [82]

အထက်တွင် ၄င်းအပေါ်အကြမ်းဖက်စစ်ဆေးမှု အကြောင်း ပြောပြခဲ့သည့် အမ်စိုင်းက သူ့အား မြန်မာစစ်တပ်မှ အတင်းအကြပ်ပေါ်တာ လုပ်စေသည့် သုံးပတ်အတွင်း အောက်တိုဘာနှင့် နိုဝင်ဘာလများတွင် မုဒိန်းမှုနှင့် လိင်အရ အကြမ်းဖက်မှုများစွာ တွေ့ခဲ့ရကြောင်း၊ လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ အား ပြောပြခဲ့ပါသည်။ အောက်တိုဘာလ ၁၇ ရက်နေ့တွင် မြန်မာစစ်သားများက ကချင်ပြည်နယ်၏မြို့တော် မြစ်ကြီးနားရှိ ကချင်အရပ်သားများကို လမ်းဘေးတွင်တားပြီး စတင်ဖမ်းဆီးကြောင်း ပြောပါသည်။ စစ်သားများက ကချင် အမျိုးသား ၁၈ ဦးနှင့် အမျိုးသမီး ၂ ဦးအားဖမ်းဆီးပြီး မြို့ပြင်သို့ခေါ်သွားပြီးနောက် တောင်ထိပ်သို့ တက်ခိုင်း ကြောင်း ၄င်းက ပြောပါသည်။ ကွင်းပြင်တစ်ခုအရောက်တွင် စစ်သားများက ၄င်းတို့အား အဝတ်အစားများ ချွတ်ခိုင်းပြီး ကိုယ်လုံးတီး စီတန်းခိုင်းပါသည်။ ၄င်းက အောက်ပါအတိုင်း ပြောပါသည်။ ။

> စစ်သားတွေက [အမျိုးသမီးတွေရဲ့] ရင်သားတွေကိုင်ပြီး လည်ပင်းတွေကို ဖြည်းဖြည်းကိုင်ပြီး အမျိုးသမီးတွေရဲ့ လည်ပင်းတွေကို ဓားချွန်တွေနဲ့ တေ့ထားတယ်။ .... အောက်တိုဘာလ ၁၈ ရက်နေ့မှာ စစ်သားတွေက အမျိုးသမီးတွေနဲ့ စအိပ်တယ်။ အဲဒီနေရာမှာ အဲဒီညက အဲဒီ အမျိုးသမီးနှစ်ယောက်က အရာရှိတွေအားလုံးနဲ့ အိပ်ရတယ် .... သူတို့အားလုံး မုဒိန်း ကျင့်ကြတယ်.... သူတို့အားလုံးဘယ်နှစ်ယောက်ဆိုတာ မရေနိုင်ဘူး။ သူတို့အားလုံး မုဒိန်း ကျင့်ကြတယ်။ ကျနော်တို့အရှေ့မှာပဲ လုပ်နေကြတယ်။ သူတို့တဲတွေက ငယ်ငယ်လေးတွေ။ အမျိုးသမီးတွေကို တဲထဲထည့်ပြီး တစ်တဲပြီး တစ်တဲ သွားခိုင်းတယ်။ ကျနော်တို့က အပြင်မှာ အိပ်နေကြတယ်။ ကျနော်တို့မှာ တဲမရှိဘူး။ စစ်သားတွေက  အမျိုးသမီးတွေကို လာခေါ်ပြီး တစ်တဲပြီးတစ်တဲ ခေါ်သွားတယ်။ ကျနော်တို့က အရမ်းကြောက်နေကြပြီး တစ်ညလုံး မကြည့်နိုင်ကြဘူး။....ပထမတောင်က ထွက်လာပြီး အမျိုးသမီးတွေက ကြယ်သုံးပွင့်အရာရှိ [ဗိုလ်ကြီး] နဲ့အိပ်ရတယ်။ ဒုတိယတောင်ရောက်တော့ အမျိုးသမီးတွေ ရေချိုးရတယ်။ ကျနော်တို့က အမျိုးသမီးတွေချိုးဖို့ရေ သယ်ရတယ်။ အဲဒီ ကြယ်သုံးပွင့်အရှေ့မှာ သူတို့ ကိုယ်လုံးတီးရေချိုးရတယ်။ ပထမ အဲဒီကြယ်သုံးပွင့်က ရေချိုးတယ်။ သူချိုးနေတုန်း အမျိုးသမီးတွေကို သူ့ပေါ်ရေလောင်းခိုင်းတယ်။ သူချိုးပြီးတော့ အမျိုးသမီးတွေကို ချိုးခိုင်းတယ်။ "ရေချိုး။ မချိုးရင် ငါပစ်သတ်မယ်။" လို့ သူပြောတယ်။ ဒါ ကျနော်တို့ အရှေ့မှာပဲ.... "မင်းတို့

---

[81] Kachin Women's Association Thailand, *Burma's Covered Up War: Atrocities Against the Kachin People*, ၂၀၁၁ ခုနှစ် အောက်တိုဘာလ, http://www.kachinwomen.com/advocacy/press-release/37-press-release/86-report-exposes-atrocities-in-burmas-newest-war.html (၂၀၁၂ ခုနှစ် မတ်လ ၄ ရက်တွင် ကြည့်ခဲ့သည်)။

[82] "The Burmese Army Must Immediately Release Four Women Held as Sex Slaves Near Kachin-China Border," Kachin Women's Association Thailand news release, ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၄ ရက်၊ http://www.kachinwomen.com/advocacy/ press-release/37-press-release/88-urgent-appeal-from-kwat.html (၂၀၁၂ ခုနှစ် မတ်လ ၄ ရက်တွင် ကြည့်ခဲ့သည်)။

ကချင်မတွေ ဗမာလီး သိပ်ကြိုက်တယ် မဟုတ်ဘူးလား။ ကချင်မတွေအားလုံး ငါတို့လီးတွေ ကြိုက်ကြတယ်။" ဆိုတာမျိုးတွေ ပြောကြတယ်။ [83]

မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်း သာစည်တွင် ၂၀၁၁ ခုနှစ်တွင် ကားမောင်းနေစဉ် မြန်မာအာဏာပိုင်များ၏ ဖမ်းဆီးမှုခံရကြောင်း အသက် ၂၇ နှစ်အရွယ် သန်းထွန်းမှ လူ့အခွင့်အရေးစောင့်ကြည့်ရေးအား ပြောပြခဲ့ပါသည်။ ဒေသခံရဲစခန်းတစ်ခုတွင် အတိအကျမပြောနိုင်သောအချိန်ကာလကြာအောင် ၄င်းအား ထိန်းသိမ်းထားပြီး ဒေသခံ စစ်ရုံးကို ပြောင်းရွှေ့ပြီး မြန်မာစစ်တပ်ထဲသို့ ထိရောက်စွာ အတင်းအကြပ်ဝင်ခိုင်းကြောင်း ပြောပါသည်။ မကွေးနှင့် ရွှေဘိုတွင် လေးလကြာသင်တန်းတက်ခဲ့ရပြီး၊ ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၁၀ ရက် တပ်မှ ထွက်မပြေးမီ ခြေလျင်တပ်ရင်း ၁၄၂ နှင့် ကချင်ပြည်နယ် ပဋိပက္ခ ဒေသများသို့ သုံးလကြာ စေလွှတ်ခံခဲ့ရပါသည်။ ၄င်း၏ တပ်ရင်းမှ စစ်သားတစ်ဦးက ၂၀၁၁ ခုနှစ် ဇွန်လ ၁၃ ရက်တွင် ကချင်အမျိုးသမီးငယ်တစ်ဦးအား အားလောဘွန်တွင် ဝိုင်း၍ မုဒိန်းကျင့်စဉ် ၄င်းပါဝင်ခဲ့ပုံကို အထက်အရာရှိအား အသေးစိတ်ဝန်ခံကြောင်း လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ အား သန်းထွန်းမှ အောက်ပါကဲ့သို့ ပြောပြခဲ့ပါသည်။ ။

> [အမည်မဖော်] ကပြောလို့ ကျနော်သိတာ။ သူနဲ့ တခြားစစ်သားသုံးယောက် ဒီအမျိုးသမီးကို မုဒိန်းကျင့်တယ်လို့ ဝန်ခံတယ်။ အဲဒီည သူက မနက် ၂ နာရီ ကင်းစောင့်ရမယ်။ ဒါပေမဲ့ မနက် ၄ နာရီမှာ ပြန်လာတယ်။ ဘယ်သွားနေသလဲလို့မေးတော့ သူဝန်ခံတယ်။ သူ့ကို မေးတဲ့အချိန် ကျနော်အဲဒီမှာ ရှိနေတယ်။ ဒုတပ်ရင်းမှူးက သူ့ကိုမေးနေတာ။ [84]

၄င်းကိစ္စနှင့်ပတ်သက်ပြီး မုဒိန်းကျင့်ခံရသူ၏ မိခင်က တပ်ရင်းမှူးအား တိုင်ကြားရန် လာသည်ကို ၄င်းတွေ့ကြောင်း သန်းထွန်းက လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့အား ပြောပြပါသည်။ "နောက်နေ့ အဲဒီအမျိုးသမီးရဲ့အမေက တပ်စခန်းကိုလာတိုင်တယ်။ [အမည်မဖော်] က တပ်စုမှူး။ [မုဒိန်းကျင့်ခံရသူရဲ့] အမေမလာခင် သူဝန်ခံခဲ့တယ်။" ဟုပြောပါသည်။ [85]

တပ်ရင်းမှ ဒုဗိုလ်မှူးကြီးက ပါဝင်သူစစ်သားလေးဦးအနက် တစ်ယောက်သာ တာဝန်ယူရန် ဆုံးဖြတ်ခဲ့ကြောင်း သန်းထွန်းက ပြောပါသည်။ ။

> ပထမဆုံးမုဒိန်းကျင့်တဲ့လူက တာဝန်ယူရမယ်လို့ သူအမိန့်ပေးလိုက်တယ်။ သူဒီလိုပြောတော့ ကျနော် အဲဒီမှာရှိတယ်။ ဒီတော့ [အမည်မဖော်] က တာဝန်ယူရတာပေါ့။ အမိန့်လဲရပြီးရော အရာရှိတွေက သူ့ကိုစစ်တော့ သူဝန်ခံတယ်။ စည်းကမ်းတစ်ခုရှိတယ်—အရပ်သားထောင် သွားချင်ရင် တပ်ကထွက်ပြီး ထောင်သုံးနှစ်ကျခံရမယ်။ စစ်ထောင်သွားချင်ရင်တော့ တစ်နှစ်ပဲ။ သူက တပ်ကထောင်မှာ တစ်နှစ်နေဖို့ဆုံးဖြတ်လိုက်တယ်။ အပြစ်စီရင်ချက်က ရာဇဝတ်မှုပေါ် မူတည်တယ်။ ဒါက တပ်ကတရားရုံး။ သူ့မိသားစုကြောင့် သူ့ကိုညှာလိုက်တာ။ သူ့မှာ မိသားစု ရှိလို့ ....အရင်က ဒီလို [မုဒိန်း] အမှုတွေ ကြားဖူးပေမဲ့ ကျနော့်လုပ်ဖော်ကိုင်ဖက်တွေ မဟုတ်တော့ ကျနော်မယုံခဲ့ဘူး.... အဲဒီမိန်းကလေးရဲ့မိသားစုကို ဆန်တို့ ဆီတို့

---

[83] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ တွေ့ဆုံမေးမြန်းချက် M. Seng, မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်။
[84] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ တွေ့ဆုံမေးမြန်းချက် Than Tun, မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်။
[85] အထက်ပါအတိုင်း။

ပေးလိုက်တယ်။ မုဒိန်းကျင့်ခံရပြီးနောက် သူတို့ [ရွာအမည်မဖော်] ပြောင်းသွားကြတယ်.... သိက္ခာကြောင့် ပြောင်းသွားကြတာ။ [86]

## အဓမ္မစေခိုင်းမှု

မြန်မာစစ်တပ်မှ ၎င်း၏စစ်ဆင်ရေးများတွင် အဓမ္မစေခိုင်းမှုများကို အသုံးပြုခဲ့သည်မှာ ကြာပြီဖြစ်ပါသည်။ များသောအားဖြင့် အခကြေးငွေမပေးဘဲ နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေကိုချိုးဖောက်၍ မတရားသော အခြေအနေများ၌ လုပ်ကိုင်ရပါသည်။ ဇွန်လတွင် ကချင်ပြည်နယ်၌ စစ်ဆင်ရေးကြီး မစမီကပင် မြန်မာစစ်တပ်မှ အမျိုးသား၊ အမျိုးသမီးနှင့် ကလေးများကို မတော်မတရား အတင်းအကြပ် စေခိုင်းမှုများ ရှိခဲ့ပါသည်။ အမျိုးသားသုံးဦး၊ အသက် ၁၄ နှစ်နှင့် ၁၆ နှစ်အရွယ် ကလေးနှစ်ဦးအပါအဝင် ရှေ့တန်းတွင် မြန်မာစစ်တပ်အတွက် အတင်းအကြပ် ပေါ်တာလုပ်ခိုင်းခံခဲ့ရသူ ကချင် ၁၂ ဦးအား လူ့အခွင့်အရေး စောင့်ကြည့်မှုအဖွဲ့မှ တွေ့ဆုံမေးမြန်းခဲ့သည်။ တစ်ဦးမှာ ၁၉ ရက်ကြာ ပေါ်တာလုပ်ခဲ့ရသည်။ ၎င်းတို့နှင့် အခြားပေါ်တာများ ထွက်ပြေးရန်ကြိုးပမ်းစဉ် မြန်မာစစ်သားများက ပစ်ခတ်ကြောင်း နှစ်ဦးက ပြောပါသည်။

ဇွန်လအစောပိုင်းတွင် အသက် ၂၈ နှစ်အရွယ် ကျောက်စိမ်းကုန်သည် တိတုက ကချင်ပြည်နယ် ယောယွန်းရွာ တွင် လုပ်ငန်းကိစ္စဖြင့် ခရီးသွားစဉ် မြန်မာစစ်သားများက ၎င်းအား ခေါ်ယူခံရသည်။ ၎င်းမှ လူ့အခွင့်အရေး စောင့်ကြည့်မှုအဖွဲ့အား အောက်ပါအတိုင်း ပြောပါသည်။ ။

> ကျနော့်ရှေ့မှာက အမျိုးသားရှစ်ယောက်လောက်ကို တားထားတယ်။ ကျနော့်နောက်မှာ မော်တော်ဆိုင်ကယ်သမား လေးငါးယောက်ကိုလည်း တားထားတယ်။ ကျနော့်နာမည်မေးပြီး ချရေးတယ်....ကျနော့်မှတ်ပုံတင်ကဒ်ပြားယူလိုက်ကြပြီး၊ မော်တော်ဆိုင်ကယ်နဲ့ ပိုက်ဆံလည်း ယူလိုက်ကြတယ်.... “မင်းကို ငါတို့အလုပ်ခန့်မလို့” လို့ [စစ်သားတွေက ပြောတယ်]။ “မင်းကို ပိုက်ဆံပေးမယ်။ အရေးပေါ်လုပ်အားလိုလို့” လို့ပြောတယ်။ ဒီအလုပ်ကို ငြင်းလို့မရဘူး။ မလုပ် ချင်ဘူးလို့ပြောရင် ကျနော့်ကိုရိုက်မှာပဲ။ အမျိုးသားနှစ်ယောက်သုံးယောက်က မလုပ်ချင်ဘူး ပြောလို့ ရိုက်ခံရတယ်။ မျက်နှာမှာ သွေးတွေယိုနေပြီး မြေကြီးပေါ်လဲကျသွားတယ်။ [87]

တောထဲသို့ တစ်နာရီအတင်းအကြပ်လျှောက်ခိုင်းပြီးတဲ့နောက် စစ်သား ၆၀ ခန့်နှင့် အခြားပေါ်တာ ၉ ဦးခန့် တွေ့သည့်အကြောင်း တိတုက ပြောပြပါသည်။ ။

> ရှမ်း [တိုင်းရင်းသား] အမျိုးသား ၇ ယောက်အပါအဝင် [စုစုပေါင်း] ပေါ်တာ အယောက် ၂၀ လောက် ရှိတယ်။ ဒီထဲမှာ ကျနော်တို့မတိုင်ခင် ရက်ပေါင်းများစွာ ပေါ်တာလုပ်ခဲ့ရတဲ့ အမျိုးသား ၉ ယောက်လဲပါတယ်။ ဘယ်လောက်ကြာကြာ သူတို့နဲ့ နေရအုံးမယ်ဆိုတာ

---

[86] အထက်ပါအတိုင်း။

[87] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ တွေ့ဆုံမေးမြန်းချက် Titus, မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်။

> မသိကြောင်း၊ တစ်နည်းနည်းနဲ့ ထွက်ပြေးဖို့ လိုကြောင်းပြောတယ်။ ဘယ်တော့လွတ်မယ်မှန်း ကျနော်တို့ မသိကြဘူး။[88]

ကချင်ပြည်နယ်ရှိ တောင်များကို ဖြတ်ကျော်ပြီး ရက်ပေါင်းများစွာ စစ်ပစ္စည်းများကို စစ်သားများက အတင်းအကြပ် ပေါ်တာထမ်းခိုင်းကြောင်း တိတုကပြောပါသည်။ "ကျည်ဆံတွေ၊ မော်တာတွေနဲ့ ရိက္ခာတွေ သယ်ရတယ်။" ဟု ပြောပါသည်။ မိုးရာသီဖြစ်ပြီး ၄င်းတို့ အိပ်ရန် ယာယီ ပလပ်စတစ်အခင်းများနှင့် အစာအနည်းငယ် ပေးသည်။[89]

အောက်တိုဘာ ၂၀ ရက်နေ့တွင် ၄င်း၏သား၊ ချွေးမတို့နှင့်အတူ ပြောင်းဖူးအခွံခွာစဉ် ဗမာစစ်သားများ ရုတ်တရက် ချဉ်းကပ်လာပြီး လက်နက်များနှင့်ချိန်ကာ မူဘွန် ဗမာစစ်စခန်းသို့ တောတွင်းမှဖြတ်ပြီး၊ ပြောင်းဖူးများ အတင်းအကြပ်သယ်ခိုင်းကြောင်း ကချင်ပြည်နယ် KIA ထိန်းချုပ်နယ်မြေ ခိုင်ဘောင်ရွာမှ အသက် ၇၀ အရွယ် မရှူးမော်က လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့အား အောက်ပါကဲ့သို့ ပြောပါသည်။ ။

> အဲဒီအခါမှာ ကျနော့်သားကို ကြိုးတုပ်လိုက်ပြီး သူတို့အရှေ့က လျှောက်ခိုင်းတယ်။ ကျနော့် ချွေးမ၊ ကျနော့်သားနဲ့ ကျနော်တို့က သူတို့အရှေ့က လျှောက်ရတယ်။ ခဏလျှောက်ပြီးတော့ ကျနော့်ချွေးမကို ကြိုးတုပ်လိုက်ပြီး ကျနော်နဲ့ ကျနော့်သားကိုလည်း ကြိုးတုပ်လိုက်တယ်။ ကြိုး အရှည်ကြီးနဲ့ ကျနော့်ဘယ်လက်ကို သားရဲ့ညာလက်နဲ့ ချည်လိုက်တယ်။ တစ်ဖက်စီမှာ စစ်သားနှစ်ယောက်၊ အနောက်မှာ လေးယောက်နဲ့ ကျနော်တို့ တန်းစီလျှောက်ရတယ်။ ပြောင်းဖူးအိတ်ကြီး သုံးအိတ်ထမ်းရတယ်။ စုစုပေါင်း ဆယ်အိတ်လောက် ရှိတယ်။ [90]

အဆုံးတွင် မရှူးမော်နှင့် ၄င်း၏သားတို့ ချောက်ထဲခုန်ချထွက်ပြေးလွတ်မြောက်သွားပြီး စစ်တပ်မှ ၄င်းတို့အား သေနတ်နှင့် ပစ်ခဲ့ကြောင်း၊ ၄င်းမှာ လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့အား အောက်ပါကဲ့သို့ ပြောပါသည်။ ။

> စစ်သားတစ်ယောက်က ကျနော်တို့ကို ပစ်နေတယ်။ ကျနော်တို့ကလည်း ခုန်ချလိုက်၊ လိမ့်သွားလိုက်နဲ့။ အခုထိ ကိုယ်တွေနာတုန်းပဲ။ စစ်သားတွေက ကျနော်တို့ကို နှစ်ခါပစ်တယ်။ ပထမတစ်ခါ မရပ်တန်း အကြိမ်ပေါင်းများစွာပစ်တယ်။ တောင်ကြားထဲရောက်တော့ ကျနော်တို့ စပြေးရော။ .... ရွာဆီပြေးကြတယ်။ နီးနီးလေး။ [91]

မရှူးမော်၏ ချွေးမ စွမ်လွတ် ရှိုင်းဂျာ (အမည်ရင်း) ကား ထွက်မပြေးပေ။ မြန်မာစစ်တပ်မှ သူ့ကိုခေါ်သွားစဉ် သာက အသက် ၂၈ နှစ်ရှိပြီး၊ နို့တိုက်နေဆဲ ၁၆ လ သမီးတစ်ဦး ရှိပါသည်။ ယခု မရှူးမော်နှင့် ၄င်း၏ဇနီးတို့မှ ဤကလေးအား ကြည့်ရှုစောင့်ရှောက်ထားပါသည်။

---

88 အထက်ပါအတိုင်း။

89 အထက်ပါအတိုင်း။

90 လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ တွေ့ဆုံမေးမြန်းပွဲ Maru Maw, မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်။

91 အထက်ပါအတိုင်း။

၎င်းအဖြစ်အပျက်ဖြစ်ပြီးနောက် ရက်အနည်းငယ်အကြာတွင် ရွာသားအချို့က တောင်စောင်းများမှ မှန်ဘီလူးများဖြင့် မှု့ဘွန်စခန်းအား စကြည့်ခဲ့ပြီး၊ ရန်ဖန်ရန်ခါ စစ်သားများ ထိန်းချုပ်ထားသည့် တောင်ထိပ်မှ ကွင်းပြင်တွင် မှူ့ဘွန်းအား တွေ့ရသည်။ ထိုဒေသတွင် လူသားချင်းစာနာမှုဆိုင်ရာအလုပ် လုပ်နေသည့် ခေါလွီ၏ ပြောဆိုချက်အရ "အဲဒီလူက မနက်တိုင်း သူ့ရွာဘက်ကို ကြည့်ပြီး တစ်နေကုန် သူ့ကိုမမြင်ရတော့ဘူး။"[92] ("ကချင်ပြည်နယ်အလင်းရောင်") ဒေသခံ အစိုးရမဟုတ်သည့် အဖွဲ့အစည်း၊ ဝမ်ပေါင် နင်းထွိုင်မှ ဒေသခံ အမျိုးသမီးတစ်ဦး ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၂ရက်နေ့တွင် ရိုက်ကူးခဲ့သည့် ဗွီဒီယိုတွင် စွမ်လွတ် ရှိုင်ဂျားဟု ယူဆရသည့် သဲသဲကွဲကွဲမမြင်ရသည့် လူပုံသဏ္ဍာန်တစ်ခု တွေ့ရပါသည်။ [93] နိုဝင်ဘာလတွင် မိသားစုမှ ကချင်ပြည်နယ်အစိုးရအား စာရေးခဲ့ပြီး စွမ်လွတ် ရှိုင်ဂျား လွတ်မြောက်ရေးအတွက် ကြိုးပမ်းခဲ့သည်။ ဖေဖော်ဝါရီလ ၂၃ ရက်တွင် သူမ မည်သည့်နေရာတွင် ရောက်ရှိနေကြောင်း စုံစမ်းရန် နေပြည်တော်၌ တရားရုံးအမှု ကြားနာမှု တစ်ရပ်ရှိခဲ့ပြီး မြန်မာစစ်အရာရှိနှစ်ဦးမှ ၎င်းတို့၏တပ်များမှ စွမ်လွတ် ရှိုင်ဂျားအား ဖမ်းဆီးခြင်းမရှိကြောင်း ထွက်ဆိုခဲ့ပါသည်။ [94]

၎င်းပေါ်တာဆွဲခံရစဉ် မော်တာကျည်ဆံများနှင့် ကျည်ဆံခါးပတ်ပုံးများကို သယ်ခဲ့ရပုံကို အမ်စိုင်းမှ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့အား ပြောပြခဲ့ပါသည်။ အခြားသူများက "မြေမြှုပ်မိုင်းတွေနဲ့ မော်တာကျည်ဆံတွေ ... ဆန်နဲ့ တခြား ပစ္စည်းတွေ သယ်ရတယ်။ ကျနော်တို့က နေ့တိုင်းအစာစားရတာ မဟုတ်ဘူး။ တချို့နေ့တွေမှာ စစ်သားတွေက ရိက္ခာခြောက်တွေ စားရတယ်။ အဲဒီလိုစားတဲ့အခါ ပေါ်တာတွေ ဘာမှမစားရဘူး။ သူတို့ ချက်စားရင်တော့ ကျနော်တို့ နည်းနည်းပါးပါး စားရတယ်။" နေ့ကောင်းများတွင်ပင် နည်းနည်းသာကျွေးကြောင်း သူ က ပြောပါသည်။ စားစရာ မရှိသည့် နေ့များတွင် ၎င်းနှင့် အခြားပေါ်တာများမှာ မှန်ညင်းစေ့များနှင့် သစ်ခေါက်များ စားပြီး အသက်ရှင်ရကြောင်း ပြောပါသည်။ [95]

အခြား ကချင်အမျိုးသား ပေါ်တာလေးဦးနှင့် ၁၉ ရက်အကြာတွင် ထွက်ပြေးခဲ့ပြီး၊ ထွက်ပြေးစဉ် မြန်မာစစ်သားများက ၎င်းတို့အား မြေမြှုပ်မိုင်းများ ပြည့်နေသည့် တောတွင်းလိုက်လံပြီး၊ အနောက်မှ ပစ်ခတ်ကြောင်း အမ်စိုင်းမှ လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ကို ပြောပြပါသည်။ ။

> မပြေးရင် အပစ်ခံရမယ်ဆိုတာသိတော့ ကျနော်တို့လေးယောက် သူ့နောက် [ထွက်ပြေးတဲ့ ပေါ်တာ] လိုက်ပြေးကြတယ်။ စစ်သားတွေ ကျနော်တို့ကိုတွေ့ပြီး သေနတ်နဲ့ပစ်ပေမဲ့ ကျနော်တို့ကို မမှန်ဘူး။ မြေမြှုပ်မိုင်းတွေလည်း မပေါက်ကွဲဘူး။ ... စစ်သားတွေ ကျနော်တို့နောက်ကိုလိုက်ပြီး သေနတ်နဲ့ပစ်ကြတယ်။ ကျည်ဆံတွေက သစ်ပင်တွေကို မှန်ပေမဲ့၊

---

[92] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့. တွေ့ဆုံမေးမြန်းချက် Hkaw Lwi, မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်။
[93] ဝမ်ပေါင် နင်းထွိုင်မှာ ဒေသခံအရပ်သားလူမှုအဖွဲ့အစည်း ကွန်ယက်တစ်ခုဖြစ်ပြီး အဖွဲ့ဝင်များတွင် စိုက်ပျိုးရေးအဖွဲ့အစည်းများ၊ ဘုရားကျောင်းမှ အဖွဲ့များ၊ အမျိုးသမီးအဖွဲ့အစည်းများ ပါပါသည်။ နိုင်ငံခြားအလှူရှင် အနည်းငယ်ပါသည့် အဖွဲ့တစ်ခုနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၏ ထောက်ပံ့မှုနှင့် စခဲ့ပြီး ၎င်းအဖွဲ့မှ KIA အရှေ့ပိုင်းတိုင်းနှင့် အသိအမှတ်ပြုခြင်းမခံရသည့် ခန့်မှန်းခြေ ကချင်ဒုက္ခသည် ၁၀၀၀၀ ရှိသည့် တရုပ်ပြည်ဘက်နယ်စပ်တွင် IDP နှင့် ဒုက္ခသည် ကယ်ဆယ်ရေးကြိုးပမ်းမှုများကို ဦးဆောင်ခဲ့ပါသည်။
[94] "Burmese Army Officers Deny Arrest of Missing Kachin Woman," *Mizzima News*, ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်၊ http://www.mizzima.com/news/inside-burma/6664-burmese-army-officers-deny-arrest-of-missing-kachin-woman.html (၂၀၁၂ ခုနှစ် မတ်လ ၆ ရက်တွင် ကြည့်ခဲ့ပါသည်)။
[95] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့. တွေ့ဆုံမေးမြန်းချက် M. Seng, မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်။

> ကျနော်တို့ကို မမှန်ဘူး နည်းနည်းဝေးသွားတော့ ကျနော်တို့နောက်မှာ ပေါက်ကွဲသံ နှစ်ခု ကြားတယ်။ မြေမြုပ်မိုင်းတွေ။ [96]

ရွာမှ ၂၀၁၁ ခုနှစ် ဇွန်လ ၁၃ ရက်တွင် သူ မထွက်ပြေးမီ သူနှင့် အသက် ၁၄ နှစ် အထိ ငယ်ရွယ်သူ ကလေးများ အပါအဝင်၊ အခြားကချင်ရွာသားများအား မြန်မာစစ်တပ်မှ အတင်းအကြပ် ပေါ်တာလုပ်ခိုင်းလေ့ရှိကြောင်း၊ အစိုးရထိန်းချုပ်ထားသည့် လုစုပါရွာမှ ထွက်ပြေးခဲ့သည့် အသက် ၃၆ နှစ် ကလေးခြောက်ယောက်မိခင်မှ လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့အား ပြောပြပါသည်။ "တခါတလေ ဗမာစစ်သားတွေက ကျမတို့ကို တောထဲ ခေါ်သွားတယ်။ မကြာသေးခင်က စစ်သားတွေက ရွာသားတွေကို ရိက္ခာတွေနဲ့ တခြားပစ္စည်းတွေ သယ်ဖို့ ခေါ်သွားတယ်။ ပြီးတော့ တခါတလေ စစ်သားတွေအတွက်သယ်ဖို့ ကျမတို့ ကိုယ့်မော်တော်ဆိုင်ကယ် ကိုယ်သုံးရတယ်" ဟု ၎င်းကပြောပြသည်။[97]

ဇွန်လတိုက်ပွဲများမဖြစ်မီ ၎င်းကိုယ်ဝန် ခြောက်လရှိစဉ် နှစ်မိုင်ဝေးသည့်လမ်းရှိ ဗမာစစ်စခန်းသို့ ၎င်းအား ရိက္ခာများ အတင်းအကြပ်သယ်ခိုင်းကြောင်း၊ အသက် ၃၃ နှစ်အရွယ်အမျိုးသမီးတစ်ဦးမှ လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့အား အောက်ပါအတိုင်း ပြောပြပါသည်။ ။

> ဗမာစစ်သားတွေအတွက် အတင်းအကြပ်ခိုင်းတာတွေ ခဏခဏလုပ်ပေးရတယ်.... [တိုက်ပွဲ မစခင်] [ဗမာစစ်တပ်] စခန်းကို ဆန်နဲ့ တခြားပစ္စည်းတွေ သယ်ပေးပြီး၊ လမ်းလျှောက် ပြန်လာရတယ်။ သုံးနာရီကြာတယ်။ လမ်းက မတ်ပြီး တောင်တက်ရတယ်။ အပေါ်ရောက်ဖို့ ခက်တယ်။ မနက်ကနေ ညနေအထိ နှစ်ခါလုပ်ရတယ်။ ကိုယ့် စားစရာကိုယ် ယူခဲ့ပြီးစားရ တယ်။ သူတို့မကျွေးဘူး။ [98]

တိုက်ပွဲများမစမီ ကြုံခဲ့ရသည့် အဓမ္မခိုင်းစေမှုနှင့်အခြားမတရားညှဉ်းပန်းမှုများအား အခြားရွာသားများက လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ နှင့်တွေ့ဆုံမေးမြန်းစဉ် ပြောပြပြီး ဤသည်မှာ တိုက်ပွဲစသည်နှင့် ၎င်းတို့ ထွက်ပြေး ရခြင်း၏ အရေးကြီးသည့်အကြောင်းရင်းဖြစ်ကြောင်း ပြောပါသည်။ လွန်ခဲ့သည့်နှစ်က ရွာသားတိုင်း စစ်သားများ အတွက် အလုပ်လုပ်ရကြောင်း၊ လုပ်ခမရ၊ မလုပ်လိုကြောင်းလည်း ငြင်း၍မရကြောင်း ခေါင်ရာဇပ်မှ အသက် ၄၈ နှစ် အရွယ် အမျိုးသမီးတစ်ဦးက ပြောပါသည်။ [99] ၎င်းအား စစ်တပ်မှ အခြေခံအဆောက်အဦများ အတင်းအကြပ် မကြာခဏဆောက်ခိုင်းပုံကို ကချင်လက်သမားတစ်ဦးမှ လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့အား ရှင်းပြပါသည်။ [100] ဇွန်လ လက်နက်ကိုင်တိုက်ပွဲမစခင်နှင့် စပြီးနောက် စစ်သားများက အရပ်အသားများအား ပုံမှန်အတင်းအကြပ် လုပ်အားပေးခိုင်းသည်ကို တွေ့ကြောင်း၊ နွန်လန်ရွာမှ အသက် ၇၀ အရွယ်

---

96 အထက်ပါအတိုင်း။

97 လူ့အခွင့်အရေးစောင့်ကြည့်ရေး တွေ့ဆုံမေးမြန်းပွဲ D.F., တရုပ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ၂၀၁၁ ခုနှစ် ဩဂုတ်လ။

98 လူ့အခွင့်အရေးစောင့်ကြည့်ရေး တွေ့ဆုံမေးမြန်းပွဲ B.B., မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၄ ရက်။

99 လူ့အခွင့်အရေးစောင့်ကြည့်ရေး တွေ့ဆုံမေးမြန်းပွဲ B.A., မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၄ ရက်။ ("ပြီးတော့ သူတို့က သူကြီးကို သူတို့သေနတ်တွေနဲ့ရိုက်၊ လက်သီးနဲ့ထိုးပြီး ကန်တယ်။ သူသတိလစ်သွားရော။ လမ်းကနေ စခန်းအထိ ဆန်တွေ သယ်ကြရတယ်။ မလုပ်ဘူးလို့ငြင်းလို့မရဘူး။ ဘာမှလည်းမပေးဘူး။")

100 လူ့အခွင့်အရေးစောင့်ကြည့်ရေး တွေ့ဆုံမေးမြန်းပွဲ D.H., တရုပ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ၂၀၁၁ ခုနှစ် ဩဂုတ်လ။ ("ကျနော်က လက်သမားဆိုတော့ ဘိလပ်မြေလုပ်တတ်ပြီး အိမ်ဆောက်တတ်တယ်။ စစ်တပ်က လက်နက်ဂိုဒေါင်၊ အလံတိုင်နဲ့ နယ်စည်းတားဖို့လိုတော့ ကျနော့်ကို ဒါတွေခိုင်းတယ်။ သူတို့လိုတာအားလုံးကျနော့်ကိုခိုင်းတယ်။ ပိုက်ဆံတော့ဘယ်တော့မှအပြည့်မပေးဘူး...မလုပ်လို့လည်း မရဘူး။ တခါတလေ ကျနော်အလုပ်အရမ်းများနေလည်း ခိုင်းတာပဲ။ လုပ်ရတာပဲ။")

အိုးအိမ်မဲ့အမျိုးသမီး အားခေါ်က လူ့အခွင့်အရေးစောင့်ကြည့်ရေးအား ပြောပါသည်။ လွန်ခဲ့သည့် သုံးနှစ်က ဒေသခံရွာသားများအား ငွေငြင်းဆိုပါက ဒဏ်ငွေ သို့မဟုတ် ထောင်ကျမည်ဟု ခြိမ်းခြောက်ပြီး စစ်တပ်မှသိမ်းပိုက်ထားသည့် လယ်များတွင် ရွာသားများအား အတင်းအကြပ်လုပ်အားပေးခိုင်းသည်ဟု ၎င်းကပြောပါသည်။[101]

## ဥပဒေပြင်ပမှ သတ်ဖြတ်ခြင်းများ

ဇွန်လနှင့် နိုဝင်ဘာလများတွင် လေးနှစ်အရွယ်ကလေးတစ်ဦးအပါအဝင် ကချင်အရပ်သား အနည်းဆုံးသုံးဦးအား မြန်မာစစ်သားများက ဥပဒေပြင်ပမှ သတ်ဖြတ်ခဲ့ကြောင်း လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့မှ မှတ်တမ်းတင်ခဲ့ပြီး၊ သီးခြားအတည်မပြုနိုင်သည့် အခြားသောဥပဒေမဲ့သတ်ဖြတ်ခြင်းများအကြောင်း သတင်းအချက်အလက်များ ရရှိခဲ့ပါသည်။

ဇွန်လ ၁၅ ရက်တွင် မြန်မာစစ်တပ်များက KIA အဖွဲ့ဝင်များနှင့် ထောက်ခံသူများအား ရှာဖွေရန် မန်ဂျယ်မြို့နယ်ရှိ ဟန်ထပ်ရွာတွင်း ဝင်ခဲ့သည်။ အသက် ၅၂ နှစ်အရွယ် ဒါရှီလူးနှင့် သူမ၏ ၄ နှစ်အရွယ် မြေးဖြစ်သူ လားပိုင် ဇောင်ဒီလောင်တို့ထွက်ပြေးရန်ကြိုးစားစဉ် စစ်သားတစ်ဦးက ၎င်းတို့အိမ်တွင် အနီးကပ် ပစ်သတ် ခဲ့သည်။[102]

ဇွန်လ ၁၇ ရက်တွင် ကောင်ဂတ်ဘန်းမာရွာတွင် လယ်သမားနှင့် နေ့စားအလုပ်သမားတစ်ဦးဖြစ်သူ နခွန် ဇောင် ဘောက် သူငယ်ချင်းတစ်စုနှင့်အတူ သချိုင်းကုန်းတွင် လက်နက်မဲ့ရပ်နေစဉ် စစ်သားတစ်စုက ၎င်းအား ပစ်သတ် လိုက်သည်ဟု ခိုင်လုံသည့်ဒေသခံအရင်းအမြစ်များမှ လူ့အခွင့်အရေးစောင့်ကြည့်ရေးအား ပြောပြပါ သည်။ ဤအမျိုးသား၏မိသားစုအား ဒေသခံအာဏာပိုင်များမှ လျော်ကြေး (ကျပ် ၂၀၀၀၀၀ သို့မဟုတ် အမေရိကန် ဒေါ်လာ) ပေးခဲ့သော်လည်း ပြစ်မှုကျူးလွန်သူအား ဥပဒေအရရေးယူခြင်းမရှိကြောင်း သိရပါသည်။ [103] လူမှုအသိုင်းအဝိုင်းခေါင်းဆောင်တစ်ဦးအပြောအရ၊ ။

> သူနေတဲ့နေရာက မြစ်ကြီးနားတပ်စခန်းနဲ့သိပ်မဝေးဘူး။ တစ်မိုင်လောက်ပဲဝေးတယ်။ လုံခြုံရေး
> အဖွဲ့က သချိုင်းမှာ လူငါးယောက်လောက် စုဝေးနေတာ တွေ့တယ်။ KIA လို့ ယူဆပြီး
> သေနတ်နဲ့ပစ်လိုက်လို့ နခွန် ဇောင် ဘောက် သေသွားတာ ဖြစ်နိုင်တယ်။ အခုတလော
> စစ်သားတွေက လူတစ်စုတွေ့ရင်၊ ကချင်တွေဆိုရင်၊ အနည်းဆုံး တချို့ကတော့ KIA လို့

---

[101] လူ့အခွင့်အရေးစောင့်ကြည့်ရေး တွေ့ဆုံမေးမြန်းပွဲ Ah Hkaw, မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်။

[102] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ တွေ့ဆုံမေးမြန်းပွဲများ with community aid workers, nongovernmental organizations, and villagers, July-August 2011. "Burma: Army Committing Abuses in Kachin State: Government Forces Pillage Villages, Use Forced Labor in Renewed Fighting," လူ့အခွင့်အရေးစောင့်ကြည့်ရေး သတင်းထုတ်ပြန်ချက်၊ ၂၀၁၁ ခုနှစ် အောက်တိုဘာလကိုကြည့်ပါ။ http://www.hrw.org/news/2011/10/18/burma-army-committing-abuses-kachin-state (၂၀၀၄ ခုနှစ် မတ်လ ၄ ရက်တွင် ကြည့်ခဲ့သည်)

[103] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ တွေ့ဆုံမေးမြန်းပွဲ E.I., မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၁၃ ရက်။

အမြဲသံသယ ရှိကြတယ်။ စုံစမ်းမေးမြန်းခြင်း မရှိဘူး။ KIA ပဲလို့ယူဆပြီး ကြမ်းကြမ်း တုံ့ပြန်တယ်။[104]

ပဋိပက္ခ စတင်ချိန်မှ စပြီး မြန်မာစစ်တပ်မှ ကချင်အရပ်သားများအား သတ်ဖြတ်မှုများကို လူ့အခွင့်အရေး အဖွဲ့အစည်းအချို့က မှတ်တမ်းတင်ထားပါသည်။ မြန်မာစစ်တပ်မှ အသက် ၃၄ နှစ်အရွယ် အမျိုးသားတစ်ဦးနှင့် အသက် ၁၇ နှင့် အသက် ၈ နှစ် သားနှစ်ဦးအပါအဝင် ကလေးသုံးဦးအား သတ်ဖြတ်မှုနှင့်ပတ်သက်ပြီး Partners Relief and Development အဖွဲ့အစည်းမှ နမ်လင်းပါရွာသို့ အချက်အလက်စုံစမ်းရန်သွားခဲ့ပြီး မှတ်တမ်းတင်ထား ပါသည်။[105]

## ဥစ္စာပစ္စည်းများကို ဖျက်ဆီးခြင်း

တိုက်ပွဲစသည့်အချိန်မှစပြီး မြန်မာစစ်တပ်မှ ကချင်ပြည်နယ်ရှိရွာများအား လုယူဖျက်ဆီးပြီး၊ အရပ်သားများ၏ ပိုင်ဆိုင်မှု ပစ္စည်းများအား သိမ်းယူဖျက်ဆီး ခဲ့ကြသည်။ ရွာသားများက ရွာမှထွက်ပြေးပြီးနောက် စွန့်စားပြီးရွာသို့ ပြန်လာသည့်အခါ ပိုင်ဆိုင်မှုများနေရာတကာဖျက်ဆီးထားသည်ကိုသာတွေ့ရကြောင်း၊ အရပ်သားများက လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ သို့ ပြောပြပါသည်။ ၎င်းတို့၏အိမ်များနှင့် ရွာများအား လုယူဖျက်ဆီးမှု အကြောင်း ရွာသား ၁၈ ဦးမှ လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့သို့ ပြောပါသည်။

စားနပ်ရိက္ခာနှင့် ပစ္စည်းများအလုံအလောက်မရသည့် မြန်မာစစ်သားများက ဆယ်စုနှစ်ပေါင်းများစွာ တိုင်းရင်းသား ရွာများထံမှ လုယူကြသည်။ ၁၉၉၈ ခုနှစ်တွင် ဒေသခံ မြန်မာစစ်တပ်များအတွက် ကိုယ်ထူကိုယ်ထ စီးပွားရေးမူဝါဒ တစ်ရပ်ကို မြန်မာနိုင်ငံ စစ်ရုံးမှကြေငြာခဲ့ပါသည်။ ဤမူဝါဒမှာ အဓိကအားဖြင့် ၁၉၈၈ ခုနှစ်တွင် စစ်သားဦးရေ ၁၈၀၀၀၀ ရှိရာမှ ၁၉၉၀ အလယ်နှစ်များတွင် ခန့်မှန်းခြေ ၃၀၀၀၀၀ အထိ တဟုန်ထိုး တက်သွားသည့် မြန်မာ့တပ်မတော်၏စီးပွားရေးလိုအပ်ချက်အား ဖြည့်ဆည်းပေးရန်အတွက် ပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။ [106] ထို့ကြောင့် ဒေသခံစစ်တပ်များသည် အရပ်သားများထံမှ (အစားအစာ၊ တိရစ္ဆာန်များ၊ ပိုက်ဆံ၊ လုပ်အားနှင့် လယ်မြေများစသည့်) အရင်းအမြစ်များကို သိမ်းယူကြသည်။[107] ဤမူဝါဒ၏ သက်ရောက်မှုမှာ မြန်မာ ကျေးလက် တိုင်းရင်းသား ဒေသအများအပြားတွင် စစ်ပဋိပက္ခနှင့် စစ်ကြောင့် ရွာပုန်း ရွာရှောင် ဖြစ်ရမှုများကြောင့် ပို၍ ဆိုးရွား လာခဲ့ ပါသည်။[108] တပ်ရင်းမှူးများမှ ၎င်းတို့အာဏာပိုင်ဒေသရှိ ရွာသားများအား စစ်သားများအားကျွေးရန် -သာမန် အားဖြင့် တိရစ္ဆာန်များစသည့်- စားစရာများပေးရန် အမိန့်ပေးခဲ့ကြသည်။ ၎င်းတို့၏ အကြမ်းဖက်မှု၊

---

104 အထက်ပါအတိုင်း။

105 Partners Relief and Development, *Crimes in Northern Burma*, ၂၀၁၀ ခုနှစ် နိုဝင်ဘာလ။ http://www.partnersworld.org/usa/index.php?option=com_content&view=article&id=162 (၂၀၁၄ ခုနှစ် မတ်လ ၄ ရက်တွင် ကြည့်ခဲ့သည်)

106 Mary P. Callahan, "Of Kyay-zu and Kyet-su: Tthe Military in 2006," in Trevor Wilson and Monique Skidmore, eds., *Myanmar: The State, Community and the Environment* (Canberra: Asia Pacific Press, ၂၀၀၇ ခုနှစ်), စာမျက်နှာ ၄၆-၄၈။

107 ဥပမာ၊ Matthew F. Smith and Naing Htoo, "Energy Security: Security for Whom?" *Yale Human Rights and Development Law Journal*, Yale Law School, အတွဲ ၁၁၊ ၂၀၀၈ ခုနှစ်၊ စာမျက်နှာ ၂၇၇-၃၉ ကို ကြည့်ပါ။

108 Center on Housing Rights and Eviction, "Displacement and Dispossession: Forced Migration and Land Rights in Burma," ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ၊ http://www.burmalibrary.org/show.php?cat=2173 (၂၀၁၄ ခုနှစ် မတ်လ ၄ ရက်တွင် ကြည့်ခဲ့သည်) ကို ကြည့်ပါ။ ဤအစီရင်ခံစာတွင် လယ်မြေထိန်းချုပ်မှုက မြန်မာစစ်တပ်အတွက် အဓိကနည်းဗျူဟာတစ်ခုဖြစ်ပြီး ဆက်လက်ဖြစ်ပွားနေသည့် နယ်ပယ်တိုးချဲ့မှုကိုလည်း မြှင့်တင်ရာရောက်ကြောင်း ပြောထားပါသည်။

ထိန်းသိမ်းမှု၊ သို့မဟုတ် အဓမ္မလုပ်အားပေး ခိုင်းစေမှုများကြောင့် အခြားနည်းလမ်းမရှိဘဲ လိုက်လျောခဲ့ ကြရသည်။[109]

သူပုန်များအား ဒေသခံလူထုမှ ထောက်ပံ့မှုမပေးနိုင်ရန်နှင့် လက်နက်ကိုင် အုပ်စုများအား ထောက်ပံ့နေကြောင်း သံသယရှိသည့် လူမှုအသိုင်းအဝိုင်းများအား ဒဏ်ခတ်ရန် မြန်မာစစ်တပ်မှ တိုင်းရင်းသားပဋိပက္ခဖြစ်နေသည့် ဒေသများမှ အရပ်သားများ၏ ရွာများနှင့် အသက်မွေးဝမ်းကြောင်းမှုများဖျက်ဆီးခဲ့သည်မှာ ကြာပြီဖြစ်ပါသည်။[110] ရွာများအား လုယူဖျက်ဆီးမှုက အဓိကအားဖြင့် မိမိတို့အတွက်အစာစိုက်ပျိုးသည့် လယ်သမားများဖြစ်သည့် အရပ်သားများအတွက် အစားအစာဖူလုံရေးအပေါ် တိုက်ရိုက်သက်ရောက်မှုရှိပါသည်။ ထို့အပြင် ၄င်းတို့အား သူပုန်များထံမှ ရိက္ခာအရင်းအမြစ်များ ရယူရန်တွန်းပို့နေတတ်ပါသည်။ ဤမတရားညှဉ်းပန်းမှုများ ကျူးလွန်နေသည့် အရာရှိများနှင့် စစ်သားများတွင် တာဝန်ယူမှု လုံးဝမရှိပါ။

မြန်မာစစ်တပ်များမှ ၄င်းတို့၏ရွာများအား လုယူဖျက်ဆီးသည့်အကြောင်း ရွာသားများက လူ့အခွင့်အရေး စောင့်ကြည့်မှုအဖွဲ့အား ပြောပြပါသည်။ ဇွန်လ ၁၀ ရက် မိမိရွာမှ ထွက်ပြေးခဲ့သည့် အသက် ၆၅ နှစ်အရွယ် ခရစ်ယာန် သင်းအုပ်ဆရာက လူ့အခွင့်အရေး စောင့်ကြည့် မှုအဖွဲ့အား အောက်ပါအတိုင်းပြောပါသည်။ ။

> စစ်သားတွေက ကျနော်တို့ရဲ့ပစ္စည်းတွေအားလုံးယူသွားတယ်။ မော်တော်ဆိုင်ကယ် ၁၈ စင်း၊ ဆန်စက်တစ်လုံးနဲ့ ကျွဲတွေ၊ ဝက်တွေ၊ ကြက်တွေ - အားလုံးပဲ။ တချို့က အိမ်ဆောက်မလို့။ စစ်သားတွေက သူတို့ပစ္စည်းတွေအားလုံး ယူသွားကြတယ်။ အဲဒီမှာ စစ်သားဘယ်နှစ်ယောက် အခုရှိသလဲ ကျနော် မသိဘူး။ ဒါပေမဲ့ တိုက်ပွဲစတုန်းက စစ်သား ၅၀၀ လောက်လာပြီး အခု ရွာထဲမှာ နေနေတယ်။ ကျနော်တို့အိမ်တွေမှာ နေနေကြတယ်။[111]

ဇွန်လ ၉ ရက်နေ့ မြန်မာစစ်တပ်မှ သူမ၏ရွာထဲဝင်ပြီးနောက် သူမ၏မိသားစုမှာ ကိုယ်ပိုင် ဥစ္စာပစ္စည်းများ အားလုံးနီးပါး ဆုံးရှုံးခဲ့ရကြောင်း ဆန်ဂန်ရှိ မိမိနေအိမ်မှ ထွက်ပြေးခဲ့သော အသက် ၅၈ နှစ်အရွယ် အမျိုးသမီးမှ လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့အား ပြောပြပါသည်။ ။

> ကျမ သူငယ်ချင်းတွေနဲ့ ကျမ ဝက်တွေ၊ ကြက်တွေကို အစာကျွေးဖို့ အိမ်ကို [တိတ်တိတ်] ပြန်ပြီး ရောက်တော့ [ရွာထဲက] အိမ်တွေအားလုံး ရှုပ်ပွနေပြီး [ခိုးယူဖျက်ဆီးထားတယ်]။ ကျမတို့ အရမ်းကြောက်ပြီး အစာတွေယူချင်ပေမဲ့ မယူနိုင်ခဲ့ဘူး။ ရွာသားအချို့က တောထဲမှာ။ ကျမတို့ သူတို့နဲ့သွားနေလိုက်ကြတယ် … ပြီးတော့ ဒီ [အိုးအိမ်မဲ့သူများအတွက်စခန်းတစ်ခု] ကို ရောက်လာတာ။ ကျမတို့ပစ္စည်းတွေအကြောင်းစဉ်းစားတိုင်း ရင်နာလိုက်တာ။ ပစ္စည်းတွေ

---

[109] ဉပမာ၊ Human Rights Watch, *Burma: "We are Like Forgotten People": The Chin People of Burma: Unsafe in Burma, Unprotected in India*, ၂၀၀၉ ခုနှစ် ဇန်နဝါရီလ၊ စာမျက်နှာ ၆၈-၇၀၊ http://www.hrw.org/de/reports/2009/01/27/we-are-forgotten-people-0 (၂၀၀၄ ခုနှစ် မတ်လ ၄ ရက်တွင် ကြည့်ခဲ့သည်) ကို ကြည့်ပါ။

[110] ဉပမာ၊ Human Rights Watch, *Burma: "They Came and Destroyed Our Village Again": The Plight of Internally Displaced Persons in Karen State*, ၂၀၀၅ ခုနှစ် ဇွန်လ၊ စာမျက်နှာ ၉၊ http://www.hrw.org/reports/2005/06/09/they-came-and-destroyed-our-village-again (၂၀၀၄ ခုနှစ် မတ်လ ၄ ရက်တွင် ကြည့်ခဲ့သည်) ကို ကြည့်ပါ။

[111] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ တွေ့ဆုံမေးမြန်းပွဲ C.Z., မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၅ ရက်။

> စုဆောင်းဖို့၊ ပိုက်ဆံစုဖို့၊ အိမ်ဆောက်ဖို့နဲ့ ဘဝတွေတည်ထောင်ဖို့ လိုတာတွေ စုဆောင်းဖို့ အရမ်းကြိုးစားခဲ့ရတယ်။[112]

မြန်မာစစ်သားများ သေနတ်ဖြင့်နှစ်ကြိမ်အပစ်ခံရပြီး ဆန်ဂန်မှ ၎င်း၏မြေးသုံးဦးနှင့်အတူ ထွက်ပြေးခဲ့သည့် အသက် ၆၂ နှစ်အရွယ် အမျိုးသမီးတစ်ဦးက အိမ်ပြန်ရောက်သည့်အခါ ၎င်းမြင်တွေ့ရပုံကို လူ့အခွင့်အရေး စောင့်ကြည့်ရေးအား ဤသို့ပြောပြပါသည်။ ။

> နောက်နေ့ရွာပြန်တော့ ပစ္စည်းတွေအားလုံးဖျက်ဆီးထားတာ တွေ့တယ်။ တံခါးတွေအားလုံး ပိတ်ထားခဲ့ပေမဲ့ ပျက်စီးနေတယ်။ သစ်သားအဝတ်သေတ္တာတွေအားလုံးလည်း ပျက်စီးနေတယ်။ ပစ္စည်းတွေအားလုံး လျှောက်ပစ်ထားတယ်။[113]

စက်တင်ဘာလ ၂၆ ရက်နေ့ ရှမ်းပြည်မြောက်ပိုင်း ခါစန်ရန်ရှိ အဓိကအားဖြင့် ကချင်များနေသည့်ရွာကို မြန်မာ စစ်တပ်မှ ဝင်ခဲ့ပုံကို လူ့အခွင့်အရေးအဖွဲ့အား ဆိုင်ပိုင်ရှင် အမ်နန်း ၂၂ နှစ်က ပြောပြပါသည်။ ၎င်းနှင့် အခြား သူများက တောထဲသို့ ထွက်ပြေးပြီး မိမိတို့၏ရွာကို မြင်နိုင်သည့်အနီးရှိတောင်ထိပ်တွင် အခြေချလိုက်ပါသည်။ သူမက အောက်ပါအတိုင်း ပြောပါသည်။ ။

> ကျမတို့ရွာထဲမှာ ဗမာစစ်သား အယောက် ၂၀၀ လောက် အခြေချနေပြီး ကျမတို့ ပစ္စည်းတွေ၊ အစားအစာတွေနဲ့ ဆိုင်ကပစ္စည်း ယူနေတာတွေ့နေရတယ်။ ကျမတို့ရဲ့ ကြက်တွေ၊ ဝက်တွေ သတ်နေတာလည်း တွေ့ရတယ်။ ကချင်ရိုးရာအဝတ်အစားတွေက ငွေနဲ့လုပ်တာ -အရမ်း ဈေးကြီးတာ- သူတို့က အဲဒီလိုရိုးရာအဝတ်အစားတွေလည်း ယူတာပဲ။ ကျမဆိုင်က အားလုံး ယူသွားတယ်။ [114]

ဇွန်လ ၁၇ ရက်က သူမနှင့်သူမ၏ကလေးများ အိမ်ထဲရှိစဉ် မြန်မာစစ်တပ်မှ သေနတ်နှင့်ပစ်ခဲ့ပုံကို ဒေါဟဖွန်ရန် ရွာမှ အသက် ၃၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးမှ လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့အား ပြောပြခဲ့ပါသည်။ "ပြီးတော့ ကျမတို့ တဲကိုထားခဲ့ပြီး ကျမပြန်လာတော့ အားလုံးခိုးသွားကြပြီ။ မိုဘိုင်းဖုန်းတွေ၊ အစာတွေ၊ အဝတ်တွေ၊ အားလုံး။ ထော်လာဂျီနဲ့ ဓာတ်ဆီတောင် ခိုးတယ်။ စစ်သားတွေက နီးနီးလေး။ ကျမတို့ သူတို့ကို တွေ့နေရတယ်။" ဟု ပြောပါသည်။ [115]

ကချင်အများစုမှာ ခရစ်ယာန်များဖြစ်ကြပါသည်။ ဇွန်လ တိုက်ပွဲစခဲ့စဉ် ရွာသားများမှ အလေးအမြတ်ထားသည့် တောင်ထိပ်ရှိ ခရစ်ယာန်လက်ဝါးကပ်တိုင်ကြီးတစ်တိုင်အား မြန်မာစစ်တပ်မှ နုတ်ယူပြီး လက်နက်စင်အဖြစ် သုံးခဲ့သည်ကို ဆန်ဂန်မှ အသက် ၆၅ နှစ်အရွယ် ရွာသားတစ်ဦးက လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့အား ပြောပြခဲ့ပါသည်။ ထိုနေရာတွင် တချိန်ချိန် ဘုရားကျောင်းဆောက်ရန် ရွာသားများက စီစဉ်ထားပါသည်။ ၎င်းက "[အဆိုပြုထားတဲ့] [တောင်ပေါ်က] ဘုရားကျောင်းအတွက် ကျနော်တို့ရွာသားတွေက လက်ဝါးကားတိုင်

---

[112] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ တွေ့ဆုံမေးမြန်းပွဲ C.D., မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၅ ရက်။
[113] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ တွေ့ဆုံမေးမြန်းပွဲ C.E., မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၅ ရက်။
[114] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ တွေ့ဆုံမေးမြန်းပွဲ M. Nan, မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်။
[115] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ တွေ့ဆုံမေးမြန်းပွဲ F.F., မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်။

အကြီးကြီးဆောက်ထားတာကို ဗမာစစ်သားတွေက မြေကြီးထဲကနုတ်ပြီး သူတို့ရဲ့ စက်သေနတ်တွေထောင်ထားဖို့ သုံးကြတယ်။”[116]

နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် နမ်လင်းပါ၊ ဒေါင်ဖွန်းရန်၊ ဒင်ဂ၊ နမ်းဆမ်ရန်၊ အောင်ဂျာနှင့် ဆမ်ပိုင်ရွာများ အပါအဝင် ကချင်ရွာများတွင် မြန်မာစစ်တပ်မှ အိမ်များနှင့် ခရစ်ယာန်ဘုရားကျောင်းများ ဖြိုဖျက် သည့်အတွက် ထောင်ပေါင်း များစွာသောသူတို့က နယ်စပ် သို့မဟုတ် တရုပ်နိုင်ငံရှိ ယာယီစခန်းများသို့ ထွက်ပြေးခဲ့ရကြောင်း အခြားသော လူ့အခွင့်အရေးအုပ်စုများမှ မှတ်တမ်းတင်ထားပါသည်။[117] ရွာသားများက တရုတ်-မြန်မာနယ်စပ် ဝေးလံသော ဒေသတစ်ခုသို့ ထွက်ပြေးစဉ် လမ်းပြပေးခဲ့သည့် ဒေသခံ လူသားချင်းစာနာမှု ဆိုင်ရာ အလုပ်သမား တစ်ဦးက လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့အား “[နိုဝင်ဘာလ ၉ ရက်မှာ] အောင်ဂျာရွာကို မြန်မာ စစ်တပ်...မီးရှို့လိုက်တယ်။ အခု ရွာ ၂၁ ရွာက လူ ၁၃၀၀ လောက် နယ်စပ်ဘက်ကို သွားနေကြတယ်” ဟု ပြော ပါသည်။[118]

## ကလေးစစ်သားများ

အသက် ၁၄ နှစ်အရွယ်အထိ ငယ်ရွယ်သူများကို မြန်မာစစ်တပ်မှ ၎င်း၏လက်နက်ကိုင်အင်အားစုများတွင် စုဆောင်းပြီး အသုံးပြုခဲ့ပါသည်။ မကြာသေးမီလများတွင် ယခင်ကလေးစစ်သားများမှ ကချင်ပြည်နယ် စစ်တပ်မှ ထွက်ပြေးခဲ့ပါသည်။

မြန်မာစစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများ၏ ကလေးစစ်သားများအားစုဆောင်း အသုံးပြုခဲ့ပုံကို လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့မှ ယခင်က မှတ်တမ်းတင်ခဲ့ပါသည်။ [119] မြန်မာ့တပ်မတော်မှ စုဆောင်းရေး သမားများက အဖော်မပါသည့်ကလေးများအား ဘူတာရုံ၊ လမ်းများ၊ အများသွားလာသော အခြား နေရာများတွင် ချဉ်းကပ်ပြီး ကလေးများအား စုဆောင်းလေ့ရှိပါသည်။ ကလေးများအား နိုင်ငံသားမှတ်ပုံတင် တောင်းပြီး မပေးနိုင်ပါက ထောင်အကျခံရန် သို့မဟုတ် စစ်ထဲဝင်ရန် ရွေးချယ်ခိုင်းပါသည်။ စစ်တပ်တိုးချဲ့ခြင်း၊ စစ်တပ်မှ ထွက်ပြေးသည့်နှုန်းများခြင်း၊ မိမိဆန္ဒဖြင့် စစ်သားလုပ်လိုသူ မရှိခြင်းတို့ ဆက်လက်ဖြစ်ပေါ်နေမှုကြောင့်၊ စစ်သားအသစ်များ စုဆောင်းရန် တောင်းဆိုချက်များကို ဖြည့်ဆည်းရန် မြန်မာ့တပ်မတော်မှ ကလေးများအား ပစ်မှတ်ထားပါသည်။ စစ်တပ်မှ စစ်ဝတ်စုံဝတ် စစ်သားများက -စစ်အရာရှိများ၏ စုဆောင်းရေးသတ်မှတ်ချက်များကို ဖြည့်ဆည်းပေးပြီး အတင်းအကြပ်စုဆောင်းရာမှ အကျိုးအမြတ်ရရှိသည့်- အရပ်သားဝတ်

---

[116] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ တွေ့ဆုံမေးမြန်းပွဲ C.Z., မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၅ ရက်။

[117] ဥပမာ၊ Partners Relief and Development, *Crimes in Northern Burma: Results from a Fact-Finding Mission to Kachin State*, ၂၀၁၁ ခုနှစ် နိုဝင်ဘာလ၊ http://www.partnersworld.org/usa/index.php?option=com_content&view=article&id=162 (၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်တွင် ကြည့်ခဲ့သည်); Free Burma Rangers, *Kachin State- Burma Army Burns and Loots Homes in Wai Maw District Kachin State, Burma* ၂၀၁၁ ခုနှစ် နိုဝင်ဘာလ၊ “Burma: Kachin churches attacked, women raped, and civilians killed by military while regime talks of reform,” Christian Solidarity Worldwide, သတင်းထုတ်ပြန်ချက်၊ ၂၀၁၁ ခုနှစ် အောက်တို ဘာလ ၂၁ ရက်၊ Francis Wade, “Images Show Scorched Earth in Kachin War,” *Democratic Voice of Burma*, ၂၀၁၁ ခုနှစ် ဒီဇင် ဘာလ ၁၉ ရက်၊; “Troops Raze Villages, Locals Flee,” *Democratic Voice of Burma*, ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်တို့ကို ကြည့်ပါ။

[118] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ တွေ့ဆုံမေးမြန်းချက် A.I., မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်။

[119] လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့, *Sold to be Soldiers: The Recruitment and Use of Child Soldiers in Burma*, ၂၀၀၇ ခုနှစ် အောက်တိုဘာလ၊ http://www.hrw.org/en/reports/2007/10/31/sold-be-soldiers (၂၀၀၄ ခုနှစ် မတ်လ ၄ ရက်တွင် ကြည့်ခဲ့သည်)။ Human Rights Watch, *My Gun Was as Tall as Me: Child Solders in Burma*, ၂၀၀၂ ခုနှစ် အောက်တိုဘာလ။.

"စုဆောင်းရေးသမားများ" ကဲ့သို့ ပင် စုဆောင်းကြပါသည်။ ယခင် နိုင်ငံတကာ အလုပ်သမားအဖွဲ့အစည်း (ILO) ဆက်ဆံရေးအရာရှိ ရစ်ချတ်ဟော်စီ (Richard Horsey) ၏အပြောအရ "ဒီအားဂျင့်တွေအနေနဲ့ ကလေးတွေကို လှည့်စားပြီး ဒါမှမဟုတ် အတင်းအကြပ် စစ်ထဲဝင်ခိုင်းတာက လူကြီးတွေကို အယုံသွင်းရတာထက် ပိုလွယ်ပါတယ်။"[120]

၂၀၀၇ ခုနှစ် *Sold to be Soldiers* အစီရင်ခံစာတွင် တပ်မတော်ဝန်ထမ်းရရှိရေးအခက်အခဲကြောင့် စုဆောင်းရေး ပွဲစားများမှ စစ်တပ်အား ရောင်းချခဲ့သည့် ကလေးများအား အတင်းအကြပ်စုဆောင်းမှုနှင့် သင်တန်းကာလတွင်း တပ်၌ရှိနေစဉ် မတော်မတရား ပြုကျင့်ခံရလေ့ရှိပုံကို လူ့အခွင့်အရေး စောင့်ကြည့်မှုအဖွဲ့မှ မှတ်တမ်း တင်ခဲ့ပါ သည်။[121]

ပဲခူးတိုင်း (ဒေသ) ၎င်း၏ရွာဖြစ်သည့်ဘုရားပြို့ရွာ ဘတ်စကားမှတ်တိုင်တွင် စစ်သားများက ၎င်းအသက် ၁၅ နှစ် အရွယ်၌ အတင်းအကြပ်စုဆောင်းခဲ့ပုံကို ယခု KIA အတွက် အလုပ်လုပ်နေပြီး ကချင်တစ်ဝက် ကရင်တစ်ဝက် ဖြစ်သူ အသက် ၁၉ ရှိ အက်စ်သူက လူ့အခွင့်အရေးစောင့်ကြည့်ရေးအား အောက်ပါအတိုင်း ရှင်းပြပါသည်။ ။

> ကျနော်က ဘတ်စကားလက်မှတ် ဝယ်မလို့၊ [ဗမာစစ်သားတွေက] မှတ်ပုံတင် စစ်နေတယ်။ ကျနော့်မှာ မရှိလို့ ပဲခူးရဲစခန်းကို တစ်လအပို့ခံရတယ်။ ပြီးတော့ "စစ်ထဲဝင်ချင်ဝင်၊ မဝင်ရင် ထောင်ထဲသွား။ ဒီတော့ စစ်ထဲဝင်ရင်ကောင်းမယ်။ ထောင်ကျရင် မင်းဘဝမှာ အမည်းစက် ထင်သွားမယ်။" လို့ ပြောတယ်။ ကျနော်လည်း ယုံပြီး စစ်ထဲဝင်လိုက်တယ်။[122]

ထို့နောက် အက်စ်သူက လေးလကြာ စစ်သင်တန်းတက်ပြီး ကချင်ပြည်နယ်၊ မိုးကုတ်မြို့နယ် ခြေမြန်တပ်ရင်း ၃၄၈ တွင် တာဝန်ကျသည်။ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်တပ်ထဲ၌ လေးနှစ်ကြာ တာဝန်ထမ်းဆောင်ပြီးနောက် တပ်မှ ထွက်ပြေး ခဲ့သည်။ လစာများ သိမ်းယူခံရခြင်းကြောင့် စီးပွားရေးအခက်အခဲရှိပြီး၊ ၎င်းကိုယ်တိုင်လည်း ပါဝင်လုပ်ဆောင် ရသည့် ရွာသားများအား ဥပဒေမဲ့အကောက်ခွန်ကောက်ယူခြင်းတို့ကြောင့် မကျေနပ်၍ဟု ဆိုပါသည်။ ၎င်းက အောက်ပါအတိုင်းပြောပါသည်။ ။

> အရာရှိတွေက ကျနော်တို့လစာတွေအားလုံး ယူထားတယ်။ ကျနော်တို့က တိုင်တော့ အရာရှိတွေရဲ့အမိန့် မနာခံဘူးလို့ စွပ်စွဲခံရတယ်။ တစ်ခါတစ်လေ ပိုက်ဆံရဖို့ ယူနီဖောင်း ရောင်းရတယ် .... ကျနော်တို့ကို [လမ်းမှာစစ်တဲ့စခန်း] ဂိတ်မှာ တာဝန်ချထားတယ်။ အရပ်သားတွေဆီ ကျနော်တို့ ပိုက်ဆံတောင်းတယ်။ [ဒေသခံ တွေအပေါ် ဘယ်လို သက်ရောက်တယ်ဆိုတာ] အရင်က မသိဘူး။ ကျနော်မကြိုက်တာ အဲဒါပဲ။[123]

---

[120] Richard Horsey, *Ending Forced Labour in Myanmar: Engaging a Pariah Regime* (Routledge: New York, ၂၀၁၁ ခုနှစ် 1), စာမျက်နှာ ၁၃၇။

[121] လူ့အခွင့်အရေးစောင့်ကြည့်ရေး, *Sold to be Soldiers.*

[122] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ တွေ့ဆုံမေးမြန်းပွဲ S. Thu, မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်။

[123] အထက်ပါအတိုင်း။

အသက် ၁၅ နှစ်မှ ၁၈ နှစ်အထိ- ကလေးစစ်သားတစ်ဦးအနေနှင့် ၄င်းအတွက် အခက်ခဲဆုံးမှာ အဆင့်မြင့် အရာရှိများ၏ ကိုယ်ခန္ဓာရိုက်နှက်မှုများဖြစ်ကြောင်း အက်စ်သူက ရှင်းပြသည်။ "[ကလေး စစ်သား တစ်ယောက် အနေနဲ့] ကျနော့်အတွက် အခက်ဆုံးအချိန်က တပ်ရင်းမှူးနား နေရတဲ့အချိန်ပဲ။ သူမူးတိုင်း ကျနော့်ကို မသင့်မတော်ဆက်ဆံပြီး ရိုက်တယ်။ တစ်ခါတစ်လေ အရမ်းဆိုးတယ်။"[124]

ချင်းပြည်နယ် ဟားခါးမြို့မှ အသက် ၂၁ နှစ်အရွယ် ချင်းတိုင်းရင်းသား လျန်စီက KIA အတွက် တာဝန် ထမ်းဆောင်နေသူ ဖြစ်ပါသည်။ ၄င်း၏မိဘနှစ်ပါးစလုံးမှာ အစိုးရနှင့် မပတ်သက်သည့် လက်နက်ကိုင် အုပ်စုငယ် တွင် အဖွဲ့ဝင်များဖြစ်ခဲ့ပြီး၊ သူအသက် ၁၀ နှစ်အရွယ်တွင် မြန်မာစစ်တပ်၏ ခြုံခိုတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ ပါသည်။ သူနှင့် သူ၏ညီမတို့အား ဦးလေးဖြစ်သူနှင့် -မိသားစုနှင့် ရင်းနှီးသည့် မိတ်ဆွေများဖြစ်သည့်- အခြား "မွေးစားမိဘများ" မှ ကြည့်ရှုခဲ့သည်။ လျန် အသက် ၁၇ နှစ် အရွယ်တွင် လူသိများသည့် ရွှေတူးဖော်ရာ ဒေသ ဖြစ်သည့် ကချင်ပြည်နယ် တုန်နွမ်းနီတွင် "လောင်းကစားရုံ"—ဒေသခံလောင်းကစားသည့်နေရာ၌--အလုပ်လုပ်ခဲ့ပါ သည်။ သူက လူ့အခွင့်အရေး စောင့်ကြည့်မှုအဖွဲ့ အား အောက်ပါအတိုင်း ပြောခဲ့ပါသည်။ ။

> ကျနော့်သူငယ်ချင်းနဲ့ [မြစ်ကြီးနား] သွားတာ။ ဒါပေမဲ့ ရောက်တော့ စစ်တပ်က ကျနော်တို့ကို ခေါ်သွားတယ်။ ဗမာ့စစ်တပ်ထဲ မဝင်ချင်လဲ အတင်းဝင်ခိုင်းတယ်။ ကျနော့်ကို အတင်းအကြပ် ဝင်ခိုင်းတုန်းက နာမည်မေးတယ်။ ကျနော် မှန်မှန် မပြောဘူး။ ကျနော့်ကို ဘျီဒွမ်က အခြေခံစစ်သင်တန်း ပို့လိုက်တယ်။ အခြေခံ စစ် သင်တန်းပြီးတော့ ကျနော့်ကို [ကချင်ပြည် အနောက်မြောက်ပိုင်းက] ဒနီးက ခမရ တပ်ရင်း၂၃၈ ကိုပို့လိုက်တယ်။ ကျနော်က ၁၇ နှစ်။[125]

ကြမ်းတမ်းသည့် အပြစ်ဒဏ်များနှင့် အစာမလုံလောက်မှုတို့မှာ မြန်မာစစ်တပ်ရှိ ကလေးများအတွက် အဓိက အခက်အခဲများဖြစ်ကြောင်း လျန်စီမှ လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ကို ယခုကဲ့သို့ ရှင်းပြပါသည်။ ။ "တပ်ထဲမှာ အရိုက်ခံရတာတွေ၊ အခက်အခဲတွေ ကြုံရတာများလို့ ထွက်ပြေးတာ။ အဲဒါကြောင့်။ မခံနိုင်လို့.... ကိုယ့်မိသားစု အတွက် အလုပ်လုပ်ပြီး ရိုးရိုးပဲ အသက် ရှင်ချင်တာ။ "[126]

၂၀၁၀ ခုနှစ်တွင် လျန်စီ စစ်တပ်မှထွက်ပြေးခဲ့ပြီး ရွာသို့ပြန်သွားပါသည်။ ထို့နောက် ၂၀၁၁ ခုနှစ် ဇွန်လတွင် ကချင် ပဋိပက္ခစတင်ပြီးနောက် လိုင်ဇာကိုသွားခဲ့ပြီး လိုင်ဇာတွင် ပြည်တွင်းအိုးအိမ်မဲ့ ဖြစ်ရသူများ၏ ဒုက္ခကို မျက်မြင် ကြုံတွေ့ခဲ့ရပြီး၊ KIA နှင့်ပူးပေါင်းရန် ဆုံးဖြတ်ခဲ့ပါသည်။

ILO ကဲ့သို့ ကုလသမဂ္ဂအဖွဲ့အစည်းများက မြန်မာအစိုးရ၏ ကလေးစစ်သားများအား အတင်းအကြပ် စုဆောင်းမှု အကြောင်း ပုံမှန် အစီရင်ခံခဲ့ပါသည်။ [127] မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနအပြောအရ ၂၀၁၀ ခုနှစ်တွင် ကလေးစစ်သား ၁၁၀ ကို စစ်တပ်မှ လွှတ်ပေးခဲ့ပါသည်။ ၄င်းတို့အနက် အယောက် ၄၀ မှာ အဓမ္မခိုင်းစေမှုများကို

---

[124] အထက်ပါအတိုင်း။

[125] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ တွေ့ဆုံမေးမြန်းပွဲ Lian C., မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်။

[126] အထက်ပါအတိုင်း။

[127]ဥပမာ၊ ကလေးများနှင့်လက်နက်ကိုင်ပဋိပက္ခများအပေါ် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်မှ လုံခြုံရေးကောင်စီသို့တင်ပြချက် S/2002/1299 (၂၀၀၂ ခုနှစ် နိုဝင်ဘာ ၂၆ ရက်), S/2003/1053 (၂၀၀၃ ခုနှစ် အောက်တိုဘာ ၃၀ ရက်), S/2005/72 (၂၀၀၅ ခုနှစ် ဖေဖော် ဝါရီ ၉ ရက်), S/2006/826 (၂၀၀၆ ခုနှစ် အောက်တိုဘာ ၂၆ ရက်), A/65/820–S/2011/250 (၂၀၁၁ ခုနှစ် ဧပြီ ၂၁ ရက်) တို့ကို ကြည့်ပါ။

တိုင်ကြားရန် ILO ၏ တိုင်ကြားမှု ယန္တရားအရ တိုင်ကြားချက်များကို တုံ့ပြန်သည့်အနေနှင့် လွှတ်ပေးခြင်းဖြစ်ပါသည်။ [128] ထိုနှစ်တွင်ပင် ILO မှ အတင်းအကြပ် ကလေး စစ်သားစုဆောင်းရေးနှင့် ပတ်သက်ပြီး တိုင်ကြားချက် ၂၀၁ ခု ရရှိခဲ့ပါသည်။ ဤသည်မှာ ၂၀၀၉ နှစ်မှ တိုင်ကြားချက် ၈၆ ထက် များစွာပို၍ များပြားလာခြင်းဖြစ်ပါသည်။ [129] ၎င်းကိန်းဂဏန်းများကို ထည့်သွင်းစဉ်းစားပြီး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးမှ ကလေးများနှင့် လက်နက်ကိုင်ပဋိပက္ခ အစီရင်ခံစာတွင် “[မြန်မာစစ်တပ်ထဲသို့] အရွယ်မရောက်သေးသည့် ကလေးများအား စည်းရုံးမှုပုံစံမှာ များစွာပြောင်းလဲခြင်း မရှိပါ။” ဟုဆိုပါသည်။ [130]

၂၀၁၁ ခုနှစ်တွင် ILO မှ အသက်မပြည့်သူများအား အတင်းအကြပ်စုဆောင်းမှုနှင့်ပတ်သက်ပြီး တိုင်ကြားချက် ၂၃၆ ခုရှိပြီး ILO ၏တိုင်ကြားချက်များကြောင့် ကလေးစစ်သား ၅၇ဦး လွှတ်ပေးခဲ့ကြောင်း၊ သို့မဟုတ် တပ်မှ တာဝန်ရပ်စဲခဲ့ကြောင်း လူ့အခွင့်အရေး စောင့်ကြည့်မှုအဖွဲ့အား တင်ပြခဲ့သည်။ ၎င်းနှစ်အတွင်းတွင်ပင် တပ်ပြေးမှုဖြင့် အကျဉ်းချခံရသူ (အသက် ၁၈ နှစ်အောက်) အသက်မပြည့်သေးသည့် စုဆောင်းခံရသူ အယောက် ၂၀ နှင့် အကျဉ်းထောင်မှ လွှတ်ပေးခဲ့သည့် အသက်မပြည့်သေးသူ တပ်ပြေး ၃ ဦး၏အမှုတို့ကို ILO မှ မှတ်တမ်းတင်ခဲ့ပါသည်။ ကလေးငယ်တစ်ဦးအား တပ်မှပြေးသည့်အတွက် အဖမ်းခံရခြင်းကို စုံစမ်းစစ်ဆေးနေဆဲ အကာအကွယ်ပေးရန်စာ - “အကာအကွယ်ပေးစာ” ၈၁ စောင်ကိုလည်း စစ်တပ်မှ ထွက်ပြေးခဲ့သည့် အသက်မပြည့်သေးသည့် စုဆောင်းခံရသူများအတွက် ILO မှ ထုတ်ပေးခဲ့ပါသည်။[131]

## လူသေစေသည့် မြေမြှုပ်မိုင်းများ

မြန်မာပြည်တွင် မြေမြှုပ်မိုင်းများကြောင့် ထိခိုက်ဒဏ်ရာရသေဆုံးမှုမှာ ကမ္ဘာပေါ်တွင် အမြင့်မားဆုံး ဖြစ်ပါသည်။ ၂၀၁၁ ခုနှစ်တွင် ကမ္ဘာတစ်ဝှမ်း၌ အစိုးရတပ်များ လူသတ်သည့်မြေမြှုပ်မိုင်းများသုံးကြောင်း အတည်ပြုခဲ့သည့် နိုင်ငံသုံးနိုင်ငံအနက်၊ တစ်နိုင်ငံဖြစ်ပြီး ၂၀၁၀-၂၀၁၁ ခုနှစ်များတွင် အစိုးရလက်နက်ကိုင် အုပ်စုများရော အစိုးရနှင့်ပတ်သက်ခြင်းမရှိသည့် လက်နက်ကိုင်အဖွဲ့များကပါ၊ လူသတ်သည့်မြေမြှုပ်မိုင်းများသုံးသည့် တစ်ခုတည်းသော နိုင်ငံဖြစ်ပါသည်။ [132] မိုင်းဗုံးများ တားမြစ်ခြင်း ပဋိညာဉ်ဟုလည်းခေါ်ဆိုသည့် ၁၉၉၇ ခုနှစ် လူသတ်မိုင်းဗုံးများ အသုံးပြုခြင်း၊ စုဆောင်းခြင်း၊ ထုတ်လုပ်ခြင်းနှင့် လွှဲပြောင်းခြင်းနှင့် ဖျက်ဆီးခြင်းဆိုင်ရာ သဘောတူညီချက်က လူသေစေသည့် မိုင်းများကို လုံးဝတားမြစ်ပြီး၊ ၎င်းတို့အတွက် ခွင့်ပြုချက်လိုကြောင်း သတ်မှတ်ကာ ဒုက္ခခံရသူများအတွက် အထောက်အကူပေးရန် သတ်မှတ်ထားပါသည်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်မှစပြီး ၁၅၉ နိုင်ငံမှ ဤပဋိညာဉ်တွင် ပါဝင်ခဲ့ပါသည်။ သို့သော် ထို သဘောတူညီချက်ကို မြန်မာနိုင်ငံက လက်ခံခြင်းမရှိသေးပါ။

---

128 ကလေးများနှင့် လက်နက်ကိုင်ပဋိပက္ခများအပေါ် ကုလသမဂအထွေထွေအတွင်းရေးမှူးချုပ်မှ အထွေထွေညီလာခံသို့ တင်ပြချက် A/65/820–S/2011/250 (၂၀၁၁ ခုနှစ် ဧပြီလ ၂၁ ရက်) စာမျက်နှာ ၁၀။

129 အထက်ပါအတိုင်း။

130 အထက်ပါအတိုင်း။ စာမျက်နှာ ၂၄။

131 လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ ILO ဆက်ဆံရေးအရာရှိ Steve Marshall နှင့် အီးမေးဖြင့် ဆက်သွယ်ချက်။ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်။

132 နိုင်ငံတကာ မြေစိုက်ဗုံးများတားဆီးရေးလှုပ်ရှားမှု၊ *Landmine Monitor 2011*, စာမျက်နှာ ၁၊ http://www.the-monitor.org/index.php/publications/display?url=lm/2011/ (၂၀၀၄ ခုနှစ် မတ်လ ၄ ရက်တွင် ကြည့်ခဲ့သည်)။

၂၀၁၁ ခုနှစ် မတ်လတွင် အတိုက်အခံပါတီ မြန်မာနိုင်ငံအမျိုးသားဒီမိုကရက်တစ်တပ်ဦး (NDF) ဥက္ကဋ္ဌမှ နိုင်ငံတကာ မြေမြှုပ်မိုင်းများတားဆီးရေးလှုပ်ရှားမှု (ICBL) အား ၄င်း၏ပါတီမှ မိုင်းဗုံးများတားမြစ်သည်ကို ထောက်ခံကြောင်းနှင့် NDF မှ ဤ အကြောင်းအရာအား လွှတ်တော်တွင် ဆွေးနွေးမည်ဖြစ်ကြောင်း ပြောပါသည်။[133] ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာ့တပ်မတော် စစ်ဦးစီးချုပ်ဟောင်းက "ယဉ်ကျေးသည့် ကမ္ဘာမှ လူသားချင်းစာနာမှုနဲ့ ဘာသာရေးတို့အရ မိုင်းဗုံးတွေကို တားမြစ်ရမယ်" ဟု ICBL အားပြောခဲ့ပြီး ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်မှလည်း တိုက်ပွဲဝင်နေသူအားလုံးအား "မြေမြှုပ်မိုင်းများ သုံးသည့် နည်းကို ရပ်စဲရန်" နှင့် အုပ်စုအားလုံးအား "စစ်ဆင်ရေးများတွင်အခြားတစ်ဖက်မှ စလုပ်ရန်မစောင့်ဘဲ မိမိဘက်မှစပြီး တားဆီးရန်" တောင်းဆိုခဲ့ပါသည်။ [134]

မြန်မာ့စစ်တပ်ကြောင့် ခြေထောက်ပြတ်သွားသည့် KIA စစ်သားတစ်ဦး၊ ရှေ့တန်းတွင် မြေစိုက်ဗုံးကြောင့် ဒဏ်ရာရသွားသည့် KIA လူနာများအား ကုသပေးနေသည့် ကချင်ဆရာဝန် နှစ်ဦး၊ မြန်မာစစ်တပ်အတွက် အတင်းအကြပ် ရှေ့တန်းသို့ မြေမြှုပ်မိုင်းများ ထမ်းပေးရသူများနှင့် ကချင်ပြည်နယ်ရှိ မိမိတို့ရွာများမှ မြေမြှုပ်မိုင်းများအကြောင်း တိုင်ကြားသည့် အိုးအိမ်မဲ့ကချင်အရပ်သားများအား လူ့အခွင့်အရေးစောင့်ကြည့်ရေး အဖွဲ့ မှ တွေ့ဆုံမေးမြန်းခဲ့ ပါသည်။

KIA ပိုင်နက်တွင် ရှေ့တန်းမှ အသက်မသေဘဲကျန်ရစ်သူများအား ဆေးကုသပေးနေသည့် ကျန်းမာရေးပညာ သင်တန်းဆင်း ကချင်ဆရာဝန် ဒေါက်တာ လားအေက "ကချင် နဲ့ ဗမာ မြေမြှုပ်မိုင်းတွေအကြား ကွာတာက KIO မိုင်းတွေက ကျည်စတွေ ကိုယ်ထဲမှာပေါက်ကွဲပြီး ဗမာကတော့ ကျည်စတွေမဟုတ်ဘူး။ တွန်းအားနဲ့ထိပြီး ပေါက်ကွဲတာ။ ခြေလက် တစ်ခုလုံးပြတ်သွားတတ်တယ်" ဟု လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကို ပြောပြသည်။[135] ဒေါက်တာ လားအေက ၂၀၁၁ ဇွန်လကစပြီး မြေမြှုပ်မိုင်းများကြောင့် ဒဏ်ရာရသူ KIA စစ်သား ၂၀ ကျော်ကို ကုသပေးခဲ့ကြောင်းပြောပြီး "ကချင်ရော ဗမာရော မြေမြှုပ်မိုင်းတွေက ဖြစ်တာ... အများစုက မြေမြှုပ်မိုင်းတွေပေါ် မတော်တဆနင်းမိတာ ဒါမှမဟုတ် မတော်တဆ ပေါက်ကွဲစေလိုက်သောကြောင့်" ဟု ပြောပါသည်။[136]

အောက်တိုဘာလ ၁၇ ရက်နေ့တွင် မိုးမောက်ရှိ ၄င်း၏တပ်မှ ကင်းလှည့်နေစဉ် မြန်မာစစ်တပ်မှ မြေမြှုပ်မိုင်း နင်းမိကြောင်းကို KIA စစ်သား ဘရန်မိုင် ၃၂ က လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့အား အောက်ပါအတိုင်း ပြောပါသည်။ "ကျနော့်အရှေ့က လူခုနစ်ယောက် သွားပြီးပြီ။ ပြီးတော့ ကျနော်နင်းမိတာပဲ။ တစ်နာရီကြာပြီးတော့

---

133 ရန်ကုန်၊ ၂၀၁၁ ခုနှစ် မတ်လ ၂ ရက် ICBL နှင့် NDF ဥက္ကဋ္ဌ ဒေါက်တာသန်းငြိမ်း၊ NDF ၏ အခြားဗဟိုကော်မတီအဖွဲ့ဝင်များ အစည်းအဝေး။ ၂၀၁၀ အောက်တိုဘာလ မြန်မာနိုင်ငံ ပါလီမန်အသစ်ရွေးကောက်ပွဲတွင် NDF မှ နေရာအချို့ ရခဲ့ပါသည်။ နိုင်ငံတကာ မြေစိုက်ဗုံးများတားဆီးရေးလှုပ်ရှားမှု, *Landmine and Cluster Munitions Monitor*, Myanmar/Burma, ၂၀၁၁ ခုနှစ် အောက်တိုဘာ ၃၀၊ http://www.the-monitor.org/custom/index.php/region_profiles/print_profile/330#_ftnref4 (၂၀၀၄ ခုနှစ် မတ်လ ၄ ရက်တွင် ကြည့်ခဲ့သည်)။ လူ့အခွင့်အရေးစောင့်ကြည့်ရေးသည် ICBL တည်ထောင်သူအသင်းဝင်ဖြစ်ပါသည်။

134 ရန်ကုန်၊ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက် ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်း၊ မိန့်ခွန်းအပြည့်အစုံအား www.burma.icbl.org တွင် တွေ့နိုင်ပါသည်။ (၂၀၁၂ ခုနှစ် မတ်လ ၄ ရက်တွင် ကြည့်ခဲ့ပါသည်)။ နိုင်ငံတကာ မြေစိုက်ဗုံးများတားဆီးရေးလှုပ်ရှားမှု၊ *Landmine and Cluster Munitions Monitor*, Myanmar/Burma, ၂၀၁၁ခုနှစ် အောက်တိုဘာ ၃၀ ရက်။

135 လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ တွေ့ဆုံမေးမြန်းပွဲ Dr. La A., မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်။

136 အထက်ပါအတိုင်း။

ကျနော် တအားအန်တယ်.... ဒီ[KIA ဆေးရုံ] ရောက်ဖို့ သုံးရက်ကြာတယ်။”[137] ဒဏ်ရာများမှာ မြန်မာစစ်တပ်၏ မြေမြှုပ်မိုင်းကြောင့် ဖြစ်ဟန်တူကြောင်း တာဝန်ကျဆရာဝန်မှ လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့အား ပြောခဲ့ပါသည်။

မြန်မာစစ်တပ်မှ “မြေမြှုပ်မိုင်း ငါးမျိုးခြောက်မျိုးသုံးပြီး ကျနော်တို့ကို ဖြားယောင်းဖို့ ကျည်ဆံ ဒါမှမဟုတ် လက်နက်တစ်ခုခု ချထားတတ်တယ်။ ကျနော်တို့ကောက်ကိုင်တဲ့အခါ မြေမြှုပ်မိုင်းက ပေါက်ကွဲရော။ ချထားခဲ့တဲ့ ကျည်ဆံလည်း ပေါက်ကွဲတာပဲ” ဟု ဘရန်မိုင်က လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့အား ပြောပါသည်။[138]

---

137 အထက်ပါအတိုင်း။

138 အထက်ပါအတိုင်း။

# ၃။ ကချင်လွတ်မြောက်ရေးတပ်၏ အခွင့်အရေးချိုးဖောက်မှုများ

## ကလေးစစ်သားများ

> မြစ်ကြီးနားမှာ သူငယ်ချင်းတွေရှိပေမဲ့ သူတို့က ကျောင်းတက်နေကြတယ်။ ကျနော့်ပညာရေး အတွက် ထောက်ပံ့မယ့်လူရှိရင် ကျနော်ကျောင်းပြန်တက်မယ် ထင်တာပဲ။
>
> – "မရှူး ပီ" အသက် ၁၆ နှစ်အရွယ် KIA စစ်သား၊ ကချင်ပြည်နယ်၊ ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၁၄ ရက်

KIA မှ ကလေးစစ်သားများ အသုံးပြုပုံကို လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့မှ မှတ်တမ်းတင်ထားပါသည်။ နိုင်ငံတကာဥပဒေအရ ကလေးများကို မိမိဆန္ဒအရဖြစ်စေ၊ အတင်းအကြပ်ဖြစ်စေ စုဆောင်းခြင်းမှာ ဥပဒေနှင့် ဆန့်ကျင်နေပါသည်။

ဆယ်စုနှစ်ပေါင်းများစွာ KIA မှ ကလေးများကို ၎င်းတို့တပ်အတွင်း အတင်းအကြပ်စုဆောင်းခဲ့ပြီး ရှေ့တန်း ပို့ခဲ့ပါသည်။ [139] အဓမ္မစုဆောင်းမှုများ ဆက်လက်ဖြစ်ပေါ်နေခြင်းရှိမရှိကို လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့မှ သီးခြားအတည်ပြုနိုင်ခြင်း မရှိပါ။ သို့သော် အသက် ၁၈ နှစ်အောက် ကလေးများကို KIA မှ ၎င်းတပ်ထဲသို့ လက်ခံနေဆဲဖြစ်ပြီး ရင်ဆိုင်တိုက်ပွဲများတွင် အသုံးပြုနေဆဲဖြစ်ပါသည်။

လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့မှ တွေ့ဆုံမေးမြန်းသည့်အချိန်တွင် လာရစ် အမ်မှာ အသက် ၁၅ နှစ်အရွယ် KIA စစ်သားဖြစ်ပါသည်။ ၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၎င်းအသက် ၁၄ နှစ်အရွယ်တွင် မြစ်ကြီးနားရှိအိမ်မှ ဘတ်စကား စီးပြီး KIA ဌာနချုပ် လိုင်ဇာသို့ သွားခဲ့ပါသည်။ "ကျနော်က အမြဲတမ်း စစ်သားဖြစ်ချင်နေတာ။ ကျနော် ရောက်ခါစက ပြန်ပို့ခံရတယ်။ အခြေခံစစ်သင်တန်း မတက်ခင်နဲ့ တက်ပြီးတဲ့အခါမှာတောင် ကျောင်းပြန်တက်ဖို့ ပြောကြတယ်" ဟု လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့အား ပြောကြားခဲ့ပါသည်။[140]

KIA မှ နှစ်ကြိမ် ငြင်းပယ်ခံရပြီးနောက် ၂၀၁၀ အောက်တိုဘာလ ၂၉ ရက်နေ့တွင် လာရစ်အမ်က အခြေခံသင်တန်း တက်ခဲ့ပါသည်။ ။

> သင်တန်းမဆင်းခင် အခြေခံစစ်သင်တန်းမှာ သေနတ်ပစ်ရတယ်။ ကျနော်သေနတ်ပစ်တုန်းက ကျနော့်အတွက် ပထမဆုံးပဲ။....ကျနော့်သင်တန်းမှာ လူတွေအများကြီးပဲ။ သူတို့အားလုံး သင်ရတယ်။[141]

---

[139] လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့, "My Gun Was As Tall As Me": Child Soldiers in Burma, ၂၀၀၂ အောက်တိုဘာ၊ စာမျက်နှာ ၁၄၇-၁၅၀၊ http://www.hrw.org/reports/2002/10/16/my-gun-was-tall-me (၂၀၁၄ ခုနှစ် မတ်လ ၄ ရက်တွင် ကြည့်ခဲ့သည်)။

[140] လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ တွေ့ဆုံမေးမြန်းပွဲ Larip M., မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်။

[141] အထက်ပါအတိုင်း။

သင်တန်းဆင်းပြီးနောက် ၎င်း၏အသက်ကြောင့် သေနတ်ထုတ်မပေးကြောင်း၊ များသောအားဖြင့် စီမံခန့်ခွဲရေး အလုပ်များ၊ လိုင်ဇာရှိ အဆင့်မြင့်စစ်သားများအတွက် ချက်ပြုတ်ပေးခြင်းများလုပ်ရကြောင်း လာရစ်အမ်က ပြောပါသည်။

မြန်မာစစ်တပ်မှ သူ့ ဖခင်အားသတ်ပြီးနောက် မြောက်ပိုင်းရှမ်းပြည်ရှိ ကချင်ရွာမှ လိုင်ဇာသို့ ပြောင်းခဲ့ပုံကို မရှုးပီမှ လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့အား ပြောပြခဲ့ပါသည်။ ၂၀၁၀ ခုနှစ် အောက်တိုဘာလ အသက် ၁၅ နှစ် အရွယ်တွင် KIA နှင့် ပူးပေါင်းခဲ့ပါသည်။ ၎င်း၏ မိခင်မှ စစ်သားဖြစ်ရန်ခွင့်ပြုခဲ့ပြီး၊ စစ်ထဲဝင်ခွင့်ပေးရန် KIA အရာရှိများအား တောင်းဆိုခဲ့ပါသည်။ "ကျနော်ငယ်သေးတယ်လို့ အရာရှိတွေက ပြောကြပေမဲ့ ကျနော်က အရမ်းစိတ်ဝင်စားပြီး၊ ဗမာစစ်တပ်ကို အရမ်းတိုက်ချင်ရင် ပေးဝင်မယ်လို့ပြောတယ်။"[142]

၎င်းသည် သုံးလတာ အခြေခံစစ်သင်တန်းမစခင် လိုင်ဇာရှိ စစ်စခန်းတွင် နှစ်ပတ်မျှနေခဲ့ပြီး လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့အား အောက်ပါအတိုင်းပြောခဲ့ပါသည်။

> သေနတ်ပစ်ပုံ၊ လမ်းလျှောက်ပုံ၊ နေပုံထိုင်ပုံ၊ တောထဲမှာနေပုံနဲ့ တခြားဟာတွေ သင်ရတယ်။ သုံးလကြာတယ်။ သင်တန်းမှာ လူ ၂၀၀ ကျော်ရှိတယ်။ အများစုက အသက်ပိုကြီးပေမဲ့ သင်တန်းမှာ ကျနော့်အရွယ် သူငယ်ချင်းတချို့ရှိတယ်။.... ကျနော့်အသက် ငယ်သေးတယ်လို့ သူတို့ထင်လို့ ကျနော့်မှာ ကိုယ်ပိုင်သေနတ်မရှိဘူး။ သယ်ခွင့်မရှိဘူး။ များသောအားဖြင့် ကျနော် အရာရှိတွေအတွက် ထမင်းချက်ပြီး စာရေးလိုက် စာပြန်လိုက်လုပ်တယ်။ [143]

KIA ကထုတ်ပေးထားတဲ့ စစ်ဝတ်စုံအစိမ်းကို ဝတ်ရင်း အခြားကလေးစစ်သားများ အိမ်ပြန်ပို့ခံရပုံအကြောင်း လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့အား ပြောပြပါသည်။ "သူတို့ကို ငယ်လွန်းလို့ ပြန်ခိုင်းတယ်။ ကျနော့်ကိုလည်း ပြန်ခိုင်းပေမဲ့ ကျနော်က ဗမာစစ်တပ်ကို မုန်းလွန်းလို့ နေဖို့အတင်းပြောလိုက်တယ်။ ခဏခဏပြောတယ်။"[144]

မရှုးပီသည် KIA စစ်သားအဖြစ်နေရန် စိတ်ပိုင်းဖြတ်ထားသော်လည်း KIA စစ်သားများမှ ၎င်းအား ကျောင်းပြန်တက်ရန် ပြောသည်။ ၎င်းက "ကျနော်ကျောင်းနေရင်တောင် စိတ်ဝင်စားစရာမကောင်းတော့ဘူး၊ ဗမာစစ်သားတွေနဲ့ဘဲ တိုက်ချင်တာ။ နိုင်ငံရေးအခြေအနေ တည်ငြိမ်လာရင် ကျောင်းပြန်တက်ဖို့ စဉ်းစားမယ်။ အရာရှိတွေကလည်း ဒီအကြောင်း ပြောပြီးပြီ။"[145]

ကလေးစစ်သားများ အသုံးပြုပုံအကြောင်း KIA ခေါင်းဆောင်များနှင့် လူ့အခွင့်အရေးစောင့်ကြည့်ရေးမှ ပြောခဲ့ပါသည်။ အဆင့်မြင့် KIA ဗိုလ်ချုပ်တစ်ဦးမှ KIA တွင် ကလေးစစ်သားအသုံးပြုကြောင်း ဝန်ခံပါသည်။

---

[142] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ တွေ့ဆုံမေးမြန်းခြင်း Maru P., မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်။
[143] အထက်ပါအတိုင်း။
[144] အထက်ပါအတိုင်း။
[145] အထက်ပါအတိုင်း။

ဤအလေ့အထကို အဆုံးသတ်ရန် KIA ၏ခံယူချက် အကြောင်းပြောပြပြီး KIA မှ ကလေးစစ်သားများအား တက်တက်ကြွကြွ စည်းရုံးခြင်းမရှိကြောင်း ဆက်၍ ပြောပါသည်။ ။

> ကလေးစစ်သားတချို့ရှိပြီး ကျနော်တို့အဖြေရှာဖို့ ကြိုးစားနေပါတယ်။ သူတို့က အကြောင်းအမျိုးမျိုးကြောင့် လာနေကြတော့ ကျနော်တို့လည်း ဖြေရှင်းဖို့လိုတယ်။ ကျောင်းတွေမှာ သင်ဖို့ ကလေးတွေရဲ့ရပိုင်ခွင့်တွေနဲ့ ကလေးစစ်သားတွေအကြောင်း ကျနော်တို့ ပြင်ဆင်နေတယ်.... ကျနော်တို့က ကလေးစစ်သားတွေ မစုဆောင်းပါဘူး။ ဟုတ်ကဲ့ တချို့က [အသက် ၁၅ နှစ် အောက်တောင်] ရှိပါတယ်။[146]

လောလောဆယ် KIA ထိန်းချုပ်နယ်မြေများတွင် ကလေးစစ်သားများအား စစ်တာဝန်ရပ်စဲရန် သို့မဟုတ် အရပ်သားအဖြစ် ပြန်ပြောင်းရန် လှုပ်ရှားမှု မရှိပါ။

# မြေမြှုပ်မိုင်းများ

၂၀၁၁ ခုနှစ်က အစိုးရနှင့်သက်ဆိုင်မှုမရှိသည့် လက်နက်ကိုင်အုပ်စုများမှ လူသတ်မိုင်းဗုံးများ သုံးသည့် ကမ္ဘာ့နိုင်ငံ လေးနိုင်ငံအနက် မြန်မာနိုင်ငံမှာ တစ်ခုအပါအဝင်ဖြစ်ပါသည်။ [147] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့မှ အရပ်သား ကချင်လူမျိုးများ၊ ကချင် ဆရာဝန်များ၊ KIA ခေါင်းဆောင်ပိုင်းနှင့် စစ်သားများအား တွေ့ဆုံမေးမြန်းခဲ့ပြီး KIA မှ လူသတ်သည့် မြေစိုက်ဗုံးများ ဆက်လက်ထုတ်လုပ် အသုံးပြုလျက်ရှိကြောင်းနှင့် KIA မှ ၎င်းတို့ မြှုပ်နှံခဲ့သော မြေစိုက်ဗုံးများတည်နေရာကို အလုံအလောက် မှတ်ထားခြင်းမရှိကြောင်း အတည်ပြုခဲ့ပါသည်။ [148] ထို့အပြင် ၂၀၁၁ ခုနှစ် နိုဝင်ဘာမှစပြီး KIA တို့ကိုယ်တိုင် ထုတ်လုပ်သည့် မြေစိုက်ဗုံးများကြောင့် ကွင်းထဲတွင် သို့မဟုတ် သင်တန်းကာလတွင် ရခဲ့သည့် ဒဏ်ရာများကြောင့် ဖွန်လကတည်းက စစ်သား ၄၀ ကျော် သေဆုံးခဲ့ရကြောင်း လျှို့ဝှက်သတင်းပေးသူနှစ်ဦးမှ ခန့်မှန်းခဲ့ပါသည်။ [149] မတော်တဆထိခိုက်ဒဏ်ရာများနှင့် သေဆုံးမှုများ မြင့်မားလာလျက်ရှိကြောင်း ကချင် ဆရာဝန်များက အတည်ပြုပြောကြားပါသည်။

ကျည်စများကြောင့် ရရှိခဲ့သည့် ဒဏ်ရာများမှ ပြန်လည်ကျန်းမာလာနေသည့် အသက် ၂၂ နှစ်အရွယ် KIA စစ်သား တစ်ဦးက ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ၎င်း၏သင်တန်းသားတစ်ဦးမှ KIA မြေစိုက်ဗုံးတစ်ခု မတော်တဆ ဖောက်ခွဲမိရာမှ သေဆုံးခဲ့ရကြောင်း လူ့အခွင့်အရေး စောင့်ကြည့်မှုအဖွဲ့အား အောက်ပါအတိုင်း ရှင်းပြခဲ့ပါသည်။ ။ “မြေမြှုပ်မိုင်းတစ်လုံးကို ဘယ်လိုကိုင်ရတယ်ဆိုတာ ပထမဆုံးစပြောပြနေတုန်း ကျနော့် အနောက်က တစ်ယောက်ယောက်က တစ်ခုခုမှားလုပ်မိပြီး မိုင်းက သူ့လက်ထဲမှာ ပေါက်ကွဲသွားတယ်။

---

[146] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ တွေ့ဆုံမေးမြန်းပွဲ F.Z., မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်။

[147] ICBL, *Landmine Monitor 2011*, စာမျက်နှာ ၁။

[148] အဖွဲ့တစ်ခုစီတွင် မြေစိုက်ဗုံးများတည်နေရာကို မှတ်သားရန်တာဝန်ရှိသူတစ်ဦးရှိကြောင်းပြောသော်လည်း လက်ရှိစနစ်တွင် ပြည့်စုံတိကျမှုအတွက် စိတ်ချယုံကြည်နိုင်ခြင်းကင်းမဲ့နေကြောင်း လျှို့ဝှက် အရင်းအမြစ်များက ဆက်သွယ်ပြောကြားပါသည်။

[149] လူ့အခွင့်အရေးစောင့်ကြည့်ရေး တွေ့ဆုံမေးမြန်းပွဲများ၊ မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ။

ကျနော်လည်း ဒဏ်ရာတွေရခဲ့တယ်။ မိုင်းခလုတ်ဖွင့်လိုက်တဲ့လူက သေသွားတယ်။ ဖားကောင်း [ကချင်ပြည်နယ်] မှာ ဖြစ်တာ။ မနေ့ကပဲဖြစ်တာ။”[150]

KIA မြေမြှုပ်မိုင်းများကြောင့် အရပ်သားများသေဆုံးရမှုကို လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့မှ အတည်ပြုနိုင်ခြင်း မရှိပေ။ မြေစိုက်ပုံးကြောင့် သေဆုံးမှု နှစ်ခုနှင့် ဒဏ်ရာများရခဲ့သူ ကချင်ပြည်နယ် ပင်းယိုင် ရွာသားတစ်ဦးအတွက် ၂၀၁၀ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် မြန်မာအစိုးရမှ KIA တွင် တာဝန် ရှိကြောင်း ပြောကြား ခဲ့သည်။ [151] ဤသို့ဖြစ်ပြီးနောက် KIO မှ ဒုက္ခခံရသူများ၏ မိသားစုများအား လျော်ကြေးပေးကာ ဒေသတွင်းရှိ အခြားမိုင်းများအကြောင်း ပြည်သူများအား သတိပေးခဲ့ပြီး မြန်မာအစိုးရနှင့် တင်းမာမှုများ ပိုမိုမြင့်မားလာ သည့်အတွက် ဤဒေသတွင် ၎င်းတို့မှ မြေမြှုပ်မိုင်းများ မြှုပ်ထားခဲ့ကြောင်း ပြောကြားခဲ့သည်ဟု ကြားသိရပါ သည်။[152]

၂၀၁၁ ခုနှစ် ဇွန်လ ပဋိပက္ခစတင်ပြီးကတည်းက KIA မှ သူမ၏ရွာပတ်လည်တွင် မြေမြှုပ်မိုင်းများ မြှုပ်ခဲ့ကြောင်း ကချင်ပြည်နယ် KIA ထိန်းချုပ်နယ်မြေ ဇင်လွန်းရွာနေ မရူတိုင်းရင်းသူတစ်ဦးမှ လူ့အခွင့်အရေး စောင့်ကြည့် မှုအဖွဲ့အား ပြောခဲ့ပါသည်။ မြန်မာစစ်တပ်မှ ထိုဒေသအား သိမ်းပိုက်ခြင်းမပြုနိုင်ရန် KIA မှ သူမ၏ လူထုအား ရွာတွင် နေခိုင်းကြောင်းလည်း သူမကပြောပါသည်။ ။

> KIA မြေမြှုပ်မိုင်းတွေ ကျမတို့ ရွာနားမှာ အများကြီးရှိတယ်။ ဘာလို့လဲဆိုတော့ ဒီရွာက ဗမာစခန်းဆိုတော့ KIA က မြေမြှုပ်မိုင်းတွေ ရွာပတ်ပတ်လည်မှာ ချထားတယ်။ ကျမတို့က ဒါတွေကို ကြောက်တာပေါ့။ ကျမတို့ ရွာထဲမှာမနေရင် ရွာကိုဖျက်ဆီးမယ်လို့လည်း KIA က ပြောတယ်။ ဒီတော့ ကျမတို့ဒီမှာနေဖို့လိုတယ်လို့ ပြောတယ်။ မြေမြှုပ်မိုင်းတွေရှိလို့ ရှောင်ရမယ့် နေရာတွေကို KIA က ကျမတို့ကို ပြောပြတယ်။ သတိပေးတယ်။ ဒါပေမဲ့ ကျမတို့လို ရွာသူ ရွာသားတွေက တောထဲက အစာတို့ ဟင်းသီးဟင်းရွက်တို့ ရတော့ ဒါက သိပ်ခက်တယ်။ [153]

၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် ထိုအမျိုးသမီးနှင့် သူမ၏လူမှုအသိုင်းအဝိုင်းအားလုံးနီးပါး တရုတ်ပြည်သို့ ထွက်ပြေး ခဲ့ကြသည်။

၎င်းတို့အား ဖမ်းဆီးသူများက မိုင်းတိုက်ဖျက်ရေးကိရိယာများကို အသုံးပြုပြီး KIA မြေမြှုပ်မိုင်းများအား ရှာဖွေပြီး အန္တရာယ်မပြုနိုင်အောင်လုပ်ကြောင်း မြန်မာစစ်တပ်၏ ရှေ့တန်းအတွက် အတင်းအကြပ် ပေါ်တာထမ်းခိုင်း ခံရသူ အရပ်သားနှစ်ဦးက ပြောပါသည်။ အသက် ၂၃ နှစ်အရွယ် အတင်းအကြပ်ပေါ်တာထမ်းခိုင်းခံရသူ တစ်ဦးက လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့အား အောက်ပါအတိုင်းပြောပါသည်။ ။

---

150 လူ့အခွင့်အရေးစောင့်ကြည့်ရေး တွေ့ဆုံမေးမြန်းပွဲ H.F., မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်။

151 “KIA Mine Kills Two, Injures One,” *The New Light of Myanmar*, အတွဲ ၁၈၊ အမှတ် ၁၇၇၊ ၂၀၁၀ ခုနှစ် အောက်တိုဘာ ၁၅ ရက်၊ စာမျက်နှာ ၈။

152 “Kachin group gives funds to mine victims’ families,” *Mizzima*, ၂၀၁၀ ခုနှစ် အောက်တိုဘာ ၁၈ ရက်၊ www.mizzima.com (၂၀၀၄ ခုနှစ် မတ်လ ၄ ရက်တွင် ကြည့်ခဲ့သည်)။ *Landmines and Cluster Munition Monitor*, ၂၀၁၁ ခုနှစ် အောက်တိုဘာလ။

153 လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ တွေ့ဆုံမေးမြန်းမှု A.E., တရုပ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ။

> အရာရှိတွေက … KIA မြေမြှုပ်မိုင်းတွေကို ရှာတယ်။ သူတို့မှာရှိတဲ့စက်က မြေမြှုပ်မိုင်းတွေရင် အသံမြည်တယ်။ မြေမြှုပ်မိုင်းတွေရင် စစ်သားတွေက သူတို့မှာပါတဲ့ နောက်ကိရိယာတစ်မျိုးနဲ့ ဒီမိုင်းကို ထုတ်လိုက်တယ်။ သူတို့မှာ မိုင်းရှာတဲ့ စစ်သားနှစ်ယောက်ပါတယ်။ မြေမြှုပ်မိုင်း တချို့က မြေကြီးထဲကထုတ်ပြီး မိနစ်ပိုင်းအတွင်း ပေါက်ကွဲသွားကြတယ်။[154]

# ၄။ မြန်မာနိုင်ငံ ပြည်တွင်း ရွှေ့ပြောင်းရွှေ့ပြောင်းများအား ကာကွယ်မှုပေးခြင်း

## ရွှေ့ပြောင်းရွှေ့ပြောင်းများ၏ ဒုက္ခ

၂၀၁၁ ခုနှစ်ဇွန်လတွင် ကချင်ပြည်နယ်၌ ပဋိပက္ခစတင်သည့်အချိန်မှစ၍ တိုင်းရင်းသားကချင် အနည်းဆုံး ၇၅၀၀၀ KIA နှင့် မြန်မာစစ်တပ်အကြား တိုက်ပွဲနှင့် မြန်မာစစ်တပ်၏ မတရားညှဉ်းပန်းမှုများမှ တိမ်းရှောင်ရန် မိမိတို့အိမ်များ ရွာများမှ ထွက်ပြေးခဲ့ကြသည်။ ဤ အရေအတွက်ထဲတွင် မြို့တော် မြစ်ကြီးနားနှင့် ဗန်းမော်ကဲ့သို့ မြန်မာအစိုးရထိန်းချုပ်နယ်မြေများရှိ ပြည်တွင်းအိုးအိမ်မဲ့ ဖြစ်ခဲ့ရသူ ခန့်မှန်းခြေ ၂၀၀၀၀၊ မြန်မာ-တရုတ်နယ်စပ်နှင့် ပိုနီးသည့် KIA ထိန်းချုပ်နယ်မြေသို့ ထွက်ပြေးသွားသူ ခန့်မှန်းခြေ ၄၅၀၀၀ နှင့် အများစုမှာ ဒုက္ခသည်များအဖြစ် အသိအမှတ်ပြုခြင်းမခံရဘဲ ညစ်ပေသည့် ယာယီမြို့နှင့် တောရှိ စခန်းများတွင် နေရသည့် တရုတ်ပြည်သို့ ထွက်ပြေးသွားသည့် ခန့်မှန်းခြေ လူ ၁၀၀၀၀ လည်း ပါဝင်သည်။ [155]

မြန်မာပြည်ရှိ ပြည်တွင်းရွှေ့ပြောင်းရွှေ့ပြောင်းဖြစ်ခဲ့ရသူ (IDPs) များ၏ လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များ တွင် ဆေးများ၊ စောင်များ၊ အနွေးထည်များ၊ ထင်းနှင့်လောင်စာနှင့် လုံလောက်သည့် အိုးအိမ်စသည့် အစာနှင့် မရှိမဖြစ် လိုအပ်သည့်အရာများပါပါသည်။ လူ့အခွင့်အရေးစောင့်ကြည့်ရေးမှ သွားရောက်ခဲ့သော လူဦးရေ ထူထပ် သည့် စခန်းအချို့တွင် ပြဿနာများ အထူးဆိုးရွားပါသည်။ နိုဝင်ဘာလတွင် ဒေသခံအထောက်အကူပေးရေး ဝန်ထမ်း တစ်ဦးက လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့အား အောက်ပါကဲ့သို့ ပြောပါသည်။ ။

> ချက်ချင်းလိုအပ်တာတွေနဲ့ ရေရှည်လိုအပ်တာကတော့ အစားအစာနဲ့ အစားအစာ လုံခြုံမှုပါပဲ။ ဆိုလိုတာက IDP တွေအတွက် အစားအစာချက်ချင်းပေးဖို့နဲ့ ရေရှည်မှာ လုံလောက်တဲ့အစာ ပေးဖို့ပါပဲ။…. အခု နေရာထိုင်ခင်းနဲ့ ဆေးတို့ကလည်း ပြဿနာ နောက်တစ်ခုပဲ။ [လိုင်ဇာ အပြင်က အကြီးဆုံးစခန်းမှာ] စခန်းအကြီးကြီးတစ်ခုရှိပေမဲ့ ဆေးရုံမရှိဘူး။ ကုတင် ၁၅ လုံးပါတဲ့ ဆေးရုံတစ်လုံး ကျနော်တို့ဆောက်ဖို့ ကြိုးစားနေတယ်။ ဆေးခန်းသေးသေးပါပဲ၊ အဲဒီမှာ ဆရာဝန်တွေလည်း မရှိဘူး။ ဒီက အရည်ချင်းမီ သင်တန်းဆင်းသူနာပြုဆရာမ နည်းနည်းပဲ ရှိတယ်။ အခြေခံဆေးပေးတာလောက်ပဲ လုပ်နိုင်တယ်။ ပြီးတော့အခုက ဆောင်းရာသီလည်း ဖြစ်တယ်။ အရမ်းအေးတယ်။[156]

---

[154] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ တွေ့ဆုံမေးမြန်းမှု M. Seng, မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်။

[155] ၂၀၁၂ ခုနှစ် မတ်လတွင် အစိုးရထိန်းချုပ်နယ်မြေများတွင် ခန့်မှန်းခြေ IDP အယောက် ၂၀၀၀၀ ခန့်ရှိကြောင်း လူ့အခွင့်အရေး စောင့်ကြည့်ရေးအား UNOCHA မှ အစီရင်ခံခဲ့ပါသည်။ ၂၀၁၂ ခုနှစ် မတ်လတွင် KIO ထိန်းချုပ်နယ်မြေများတွင် ခန့်မှန်းခြေ IDP အယောက် ၄၅၀၀၀ ခန့်ရှိကြောင်း လူ့အခွင့်အရေး စောင့်ကြည့်ရေးအား RANIR A မှ အစီရင်ခံခဲ့ပြီး တရုပ်ပြည်တွင် ကချင်ဒုက္ခသည် အနည်းဆုံး ၁၀၀၀၀ ရှိကြောင်း ယူနန်ရှိ ယုံကြည်စိတ်ချရသည့် အရင်းအမြစ်များမှ လူ့အခွင့်အရေး စောင့်ကြည့်ရေးအား အစီရင်ခံခဲ့ပါသည်။

[156] လူ့အခွင့်အရေးစောင့်ကြည့်ရေး တွေ့ဆုံမေးမြန်းပွဲ F.A., မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်။

မကြာသေးမီလများတွင် ဤအရာများ ပိုမိုလိုအပ်လာပါသည်။ စခန်းများ သို့မဟုတ် စခန်းများတွင် နေထိုင်သူများ ရယူနိုင်သည့် နေရာများရှိ ကျန်းမာရေးကုသပေးမှုမှာ လုံလောက်ခြင်းမရှိပါ။ ကလေးသူငယ်များနှင့် အမျိုးသမီးများ အတွက် အာဟာရလိုအပ်ချက်များလည်း ဖြည့်ဆည်းနိုင်ခြင်းမရှိ။ ထို့အပြင် ဤအစီရင်ခံစာရေးချိန်တွင် လူသားချင်းစာနာမှုဆိုင်ရာအခြေအနေများနှင့် လိုအပ်ချက်များနှင့်ပတ်သက်ပြီး ပိုမိုကောင်းမွန်သော အချက်အလက်များ လိုအပ်လျက်ရှိပါသည်။

## အစားအစာ လုံခြုံရေး

အိုးအိမ်မဲ့ဖြစ်ရသူ ကချင်လူထုအတွက် အစားအစာလုံခြုံမှုမှာ ဦးစားပေးရမည့်စိုးရိမ်စရာ ဖြစ်နေဆဲ ဖြစ်ပါသည်။ ပဋိပက္ခစတင်ကတည်းက KIO မှ ပိုမိုကြီးထွားလာနေသော IDP လူဦးရေအတွက် လူတစ်ဦးလျှင် တစ်နေ့ ဆန်သုံးပူးခန့်နှင့် ဆီကဲ့သို့ အခြားစားစရာများ ပေးခဲ့ပါသည်။ KIO အရှေ့ပိုင်းတိုင်းတွင် ဝန်ပေါင်နင်းထွိုင်မှ အစားအစာ ထောက်ပံ့မှု အဓိကပေးနေခဲ့ပါသည်။ သို့သော် အစာပြတ်တောက်မှုများရှိကြောင်း ရွာသား အများအပြားက ပြောပြီး နောင်ရေးအတွက် စိုးရိမ်နေကြပါသည်။

ယခု မြန်မာ-တရုတ်နယ်စပ်တလျှောက် ဝေးလံသည့်စခန်းတွင် နေနေသည့် အသက် ၃၈ နှစ်အရွယ် လွိုင်ကန်ရွာမှ အမျိုးသမီးတစ်ဦးက ၎င်း၏မိသားစုမှာ အစာရနိုင်သည့် အခြားနေရာမရှိသည့်အတွက် IDP စခန်းများတွင် စားစရာရရှိနိုင်ဖို့အတွက် စိုးရိမ်နေကြောင်း၊ လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့အား ပြောပါသည်။ “ကျမတို့က ဝန်ပေါင်နင်းထွိုင်က ဆန်၊ ဆီ နဲ့ အနွေးထည်တချို့ရပေမဲ့ ကျမတို့ ရနေတဲ့ ဒီပစ္စည်းတွေ မလာတော့ရင်၊ ပြီးတော့ အစာမလောက်ရင် ကျမစိုးရိမ်တယ်.... အဲဒါကျမ အရမ်းစိုးရိမ်တယ်။”[157]

မြန်မာစစ်တပ်နှင့် KIA တို့ အကြား တိုက်ပွဲများစတင်ခဲ့သည့်အချိန်မှာ စိုက်ပျိုးရာသီဖြစ်သည့် ဇွန်လ အစောပိုင်းတွင် ဖြစ်သည့်အတွက် ရေရှည်အစားအစာလုံခြုံမှုမှာ စိုးရိမ်စရာဖြစ်ပါသည်။ သောင်းပေါင်း များစွာသော လူများမှာ အိုးအိမ်များပစ်ပြေးခဲ့ရပြီး၊ ၎င်းတို့၏ ကောက်နှံများကို စိုက်ရမည့်အချိန်တွင် လယ်ယာများကိုလည်း ပစ်ပြေးခဲ့ရသည့်အတွက် လူဦးရေများစွာတို့အတွက် အစားအစာလုံခြုံမှုနှင့်ပတ်သက်ပြီး ကြီးမားသည့် သက်ရောက်မှု ရှိသည်။ ကချင်များသည် ဓလေ့ထုံးစံအရ ဇွန်လတွင်စိုက်ပျိုးပြီး အေးသည့် ဆောင်းရာသီ ကာလ မစမီ နိုဝင်ဘာလတွင် ရိတ်သိမ်းပါသည်။ လိုင်ဇာရှိ IDP စခန်းပြင်ပမှ ဒေသခံ အကူအညီပေးဝန်ထမ်းတစ်ဦးမှ လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့အား “မိုးတွင်းမှာ လယ်စစိုက်တုန်းက [ဗမာ] စစ်တပ်က တိုက်လို့ ရွာက ထွက်ပြေးခဲ့ရတယ်။ တချို့က လယ်တွေ၊ ထွန်တုံးတွေ ထားခဲ့ရတယ်” ဟု ပြောပါသည်။[158]

ဘွန်ဆိုင်းရွာမှ အသက် ၇၀ အရွယ် အမျိုးသမီးတစ်ဦးက လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့အား ဩဂုတ်လ အစောပိုင်းတွင် “စစ်စတိုက်ပြီဆိုတော့ ဘာမှစိုက်လို့မရဘူး” ဟု ပြောပါသည်။ [159] သူမ၏ရွာရှိ မိသားစု ၃၈

---

[157] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ တွေ့ဆုံမေးမြန်းမှု H.A., မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်။
[158] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ တွေ့ဆုံမေးမြန်းမှု F.A., မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်။
[159] လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ တွေ့ဆုံမေးမြန်းမှု D.Z., မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၆ ရက်။

စုအနက် မိသားစု ၃ စုသာလျှင် တိုက်ပွဲမစမီ စပါးစိုက်နိုင်ခဲ့ကြောင်း ပြောပါသည်။ “ဆိုလိုတာက ကျမတို့ ပြဿနာ အကြီးအကျယ် ပေါ်လိမ့်မယ်။.... ဘာလုပ်ရမှန်း မသိဘူး။ ကျမတို့ ပြန်မသွားနိုင်ရင် အကောင်းဆုံး ကြိုးစားပြီး အသက်ရှင်ရမှာပဲ။ ဘာပဲဖြစ်ဖြစ် ဆန်တော့ရှိမှာ မဟုတ်ဘူး” ဟု ပြောပါသည်။[160]

အခြားမိသားစုများမှာ များသောအားဖြင့် ကြီးစွာသောစွန့်စားမှုဖြင့် စပါးစိုက်ပျိုးနိုင်ခဲ့သော်လည်း နိုဝင်ဘာလ ရိတ်သိမ်းချိန်မတိုင်မီ ထွက်ပြေးခဲ့ရပါသည်။ စပါးစိုက်ပျိုးနိုင်ရန်အတွက် တိုက်ပွဲရွာကိုရောက်သည့်အထိ ၄င်းနှင့် မိသားစုတို့စောင့်ပြီးမှ ထွက်ပြေးခဲ့ကြောင်း အသက် ၂၈ နှစ်အရွယ် ကလေးနှစ်ဦးမိခင်မှ လူ့အခွင့်အရေး စောင့်ကြည့်ရေးအား ပြောပါသည်။ ။ “ဇွန်လ ၉ ရက်နေ့ ဘွန်စိုင်းမှာ တိုက်ပွဲစတုန်းက ဗုံးသံတွေ၊ သေနတ်သံတွေ ကြားတယ်။ နောက်နှစ်ပတ်ကြာမှ ကျမတို့ပြေးတာ။ ကျမတို့က စပါးစိုက်နေတာ ပြီးအောင်စိုက်ချင်လို့။”[161] အခြား ထောင်ပေါင်းများစွာသောမိသားစုများကဲ့သို့ပင် ဤမိသားစုမှာ ယခု တရုပ်နယ်စပ်အနီးရှိ IDP စခန်းတွင် နေလျက်ရှိပြီး မိမိတို့၏ကောက်နှံများရိတ်သိမ်းရန် လယ်သို့မပြန်နိုင်ဖြစ်နေကြသည်။

နိုဝင်ဘာလတွင် ရှမ်းပြည် လွိုင်ကန်မှအမျိုးသမီးတစ်ဦးက လူ့အခွင့်အရေး စောင့်ကြည့်မှုအဖွဲ့အား "ကျမ မပြေးခင် စပါးမရိတ်နိုင်ခဲ့ဘူး။ ပြေးခဲ့ရတယ်။ တစ်ရွာလုံး ဒီလိုပဲ။ ဘာလုပ်မလဲ။" ဟု ပြောပါသည်။[162] သူမမှာ နိုဝင်ဘာလ အစောပိုင်းအထိ ရွာတွင်နေနိုင်ခဲ့ပြီး တိုက်ပွဲနီးလာချိန်တွင် အန္တရာယ်ကင်းရန် ပြေးခဲ့ရပါသည်။

သို့ရာတွင် ပဋိပက္ခကြောင့် အိုးအိမ်မဲ့ဖြစ်ရသူအချို့မှာ အကြီးအကျယ်စွန့်စားပြီး စပါးရိတ်ရန် မိမိတို့ရွာများသို့ ပြန်ရန် ကြိုးပမ်းလျက် ရှိသည်။ ဒေသခံ အရပ်သား အကူအညီပေးဝန်ထမ်းတစ်ဦးမှ လူ့အခွင့်အရေးစောင့်ကြည့် မှုအဖွဲ့အား အောက်ပါအတိုင်း ပြောပါသည်။ ။

> အခုက စပါးရိတ်ချိန်။ တချို့က ဆန်စပါးစိုက်ထားတယ်။ ပြီးတော့ တချို့ က အရဲစွန့်ပြီး တိတ်တိတ်ပြန်သွားပြီး ရိတ်ထားတဲ့စပါးသွားယူတယ်။ ဒါပေမဲ့ သူတို့မိသားစုတွေဆီ ဒီစပါးတွေ ပြန်ယူလာနိုင်မယ်လို့ အာမ မခံဘူး။ တချို့ [အလှူရှင်တွေနဲ့ အရာရှိတွေက] “သူတို့လယ်တွေ ရိတ်နေကြတာပဲ။ ဒို့က စားစရာဘာလို့ပေးရမှာလဲ။” လို့ ပြောမယ်။ ဒါပေမဲ့ အများစုက စပါးစိုက် မထားတော့ စပါးပြန်မရိတ်နိုင်ဘူးပေါ့။ ပြန်ရိတ်တဲ့လူတွေတောင် IDP စခန်းတွေကို ပြန်ယူလာနိုင်လိမ့်မယ်လို့ အာမမခံနိုင်ဘူး၊ လမ်းခရီးမှာ အသက်ရှင်ဖို့ဆို မပြောနဲ့။ ဒါကြောင့် သူတို့ရဲ့ အစားအစာလုံခြုံမှုကို ကျမတို့ စဉ်းစားရမယ်။[163]

# လူသားချင်းစာနာမှု ရယူနိုင်ခြင်း

---

160 အထက်ပါအတိုင်း။

161 လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ တွေ့ဆုံမေးမြန်းမှု A.I., မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် ဩဂုတ်လ။

162 လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ တွေ့ဆုံမေးမြန်းမှု G.H., မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်။

163 လူ့အခွင့်အရေးစောင့်ကြည့်ရေး တွေ့ဆုံမေးမြန်းပွဲ F.A., မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်။

KIA ထိန်းချုပ်ထားသည့် ကချင်ပြည်နယ်မှ လူဦးရေတိုးပွားလျက်ရှိသည့် ပြည်တွင်းအိုးအိမ်မဲ့ဖြစ် နေသူများ လက်ရှိရင်ဆိုင်နေရသည့် အကြီးဆုံးသောပြဿနာမှာ လူသားချင်းစာနာမှု အထောက်အကူများ ရယူနိုင်ခြင်းပင် ဖြစ်ပါသည်။ လူထုအခြေပြု အဖွဲ့အစည်းများနှင့် ပြည်တွင်း၊ နိုင်ငံတကာနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများ၏ အထောက်အကူများအပေါ် အတားအဆီးများ ဆက်ရှိနေခြင်းကြောင့် ဖြစ်ပါသည်။

ပဋိပက္ခစချိန်တွင် လိုင်ဇာပြင်ပနှင့် KIO အရှေ့တိုင်း ဝေးလံသောအရပ်များရှိ အသစ်ဖွင့်ထားသော စခန်းများသို့ တဖြည်းဖြည်း တိုးပွား၍ရောက်ရှိလာနေသည့် အိုးအိမ်မဲ့သူများအား ထောက်ပံ့မှုပေးရန် KIA ချုပ်ကိုင်ထားသည့် ဒေသများရှိ ကချင်များဦးဆောင်သည့် ဒေသခံ ကျပန်းအဖွဲ့အစည်းများ ဖွဲ့စည်းခဲ့ပါသည်။ လိုင်ဇာပြင်ပရှိ စခန်းများတွင် IDP များနှင့် ဒုက္ခသည်များအတွက် ဒုက္ခသည် လှုပ်ရှားမှု ကွန်ယက် (RANIR) လည်း အပါအဝင် ဖြစ်ပါသည်။ ထိုအဖွဲ့အစည်း၏ဖော်ပြချက်အရ ၄င်းမှာ ပဋိပက္ခကြောင့် အိုးအိမ်မဲ့ခဲ့ရသူ လူဦးရေအတွက် ကယ်ဆယ်ရေးများ ညှိနှိုင်းရန် သံန္နိဋ္ဌာန်ချထားသည့် အဖွဲ့အစည်းများကွန်ယက်ဖြစ်ပြီး၊ အရပ်သား လူမှုအဖွဲ့ အစည်းများနှင့် နှင့်ဆက်စပ်နေသည့် KIO အဖွဲ့အစည်းများအပါအဝင် မည်သူမဆိုပါဝင်နိုင်သည့် အဖွဲ့အစည်းဖြစ်ပါသည်။ တိုက်ပွဲစပြီးချိန်တွင် အရပ်သားလူမှုအဖွဲ့အစည်းနှင့် ဘုရားကျောင်းအဖွဲ့များမှ အနည်းဆုံး IDP စခန်းခြောက်ခုသို့ သီးခြားရန်ပုံငွေအထောက်အကူများပို့ရန် ညှိနှိုင်းမှုအတွက် KIO ထိန်းချုပ်ထားသည့် အရှေ့ပိုင်းတိုင်းတွင် ဝန်ပေါင်နင်းထွိုင်ကို ဖွဲ့စည်းခဲ့ပါသည်။ RANIR နှင့် ဝန်ပေါင်နင်းထွိုင် အဖွဲ့အစည်း နှစ်ခုလုံးတွင် အဖွဲ့ဝင်ဖြစ်ပြီး အရပ်သားအဖွဲ့အစည်းများဖြစ်သည့် ကချင်အမျိုးသမီးများအသင်းနှင့် ထိုင်းနိုင်ငံ ကချင်အမျိုးသမီး များအသင်း [164] တို့ကလည်း အရေးပေါ် အထောက်အပံ့ညှိနှိုင်းမှုများ ပေးခဲ့ပါသည်။ အဖွဲ့အစည်းနှစ်ခုလုံး ကချင်ပြည်နယ်တွင် ရှိပါသည်။

၎အဖွဲ့များအတွက် ငွေရေးကြေးရေးနှင့် စွမ်းအားဆိုင်ရာ ပံ့ပိုးမှုများမှာ မပြောပလောက်အောင် နည်းပါသည်။ ဥပမာ၊ ဝန်ပေါင်နင်းထွိုင်၏ အပြောအရ ပထမခြောက်လအတွင်း ၄င်းအနေနှင့် ရရှိခဲ့သော တစ်ခုတည်းသော ရေရှည် ပံ့ပိုးမှုမှာ နော်ဝေးနိုင်ငံအခြေစိုက် Partners Relief and Development မှဖြစ်ပြီး အခြား အနောက်နိုင်ငံများမှ တစ်ကြိမ်သာပေးသော ထောက်ပံ့ကြေးများဖြစ်ပါသည်။ တရုတ်နိုင်ငံ၊ မြန်မာနိုင်ငံနှင့် နိုင်ငံခြားရှိ ကချင်ဘုရားကျောင်းများနှင့် အရပ်သားများမှ မြန်မာ-တရုတ် နယ်စပ်တလျှောက် ကြိုးပမ်းမှုများအတွက် အလှူငွေများ ရက်ရောစွာ အလျှင်အမြန်ပေးခဲ့သော်လည်း၊ လိုအပ်ချက်များနှင့်စာလျှင် ၎ပမာဏများမှာလည်း မလုံလောက်ပါ။ မိုင်ဂျာရန်တွင် ပုဂ္ဂလိက တရုတ်မြေပိုင်ရှင်များမှ ယခင်က ဒေသခံ တရုတ်လူမျိုးပိုင် ကာစီနိုမှ ဝန်ထမ်းများနေခဲ့သည့် အိမ်ယာများ လှူဒါန်းခဲ့ပါသည်။

အစိုးရထိန်းချုပ်ထားသောဒေသများတွင် လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့များ ညှိနှိုင်းရေးအတွက် ကုလသမဂ္ဂရုံး (OCHA)၊ UNHCR၊ UNICEF၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) နှင့် နိုင်ငံတကာနှင့် ဒေသခံ အစိုးရမဟုတ်သည့်အဖွဲ့အစည်းအချို့၊ ဒေသခံကချင် ဘုရားကျောင်းများနှင့် အခြားသော အဖွဲ့အစည်းများ က မြို့နယ်ငါးခုရှိ နေရာ ၇၀ မှ IDP၂၀၀၀၀ ခန့်၏ အရေးပေါ်လိုအပ်ချက်များကို OCHA နှင့် WFP တို့မှ ၄င်းဒေသများတွင် မြန်မာ အာဏာပိုင်များ၏ ခွင့်ပြုချက်ဖြင့် ကူညီနေခဲ့ပါသည်။

"ကချင်အခြေအနေ အမြန်ဆန်းစစ်ချက်/၁။ ။ ကချင်ပြည်နယ်တွင် လူသားချင်းစာနာမှု ပူးပေါင်းဆောင်ရွက်မှုများ" ဟု ခေါ်သည့်၂၀၁၁ ခုနှစ် စက်တင်ဘာ အဖွဲ့အစည်းများအကြား အလျှင်အမြန်လိုအပ်မှု ဆန်းစစ်ချက်ကို အစိုးရ

[164] ဝန်ပေါင်နင်းထွိုင်မှာ RANIR အဖွဲ့ဝင်လည်းဖြစ်ပါသည်။

ထိန်းချုပ်သည့် ဒေသများတွင် လုပ်ဆောင်ခဲ့ပြီး OCHA မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကာ ဒေသခံ၊ နိုင်ငံတော်နှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်သည့်အဖွဲ့အစည်းများမှ အကောင်အထည်ဖော်ခဲ့ပါသည်။[165] ဤဆန်းစစ်မှုက ခန့်မှန်းခြေ ကချင် IDP ၆၀၀၀ နေထိုင်စဉ် အခြေအနေအား ရှင်းပြထားပါသည်။ IDP များ၏ နေရေးထိုင်ရေး အခြေအနေများမှာ "ခက်ခဲလျက်ရှိသည်၊" လူသားချင်းစာနာမှုလိုအပ်ချက်များမှာ "အရေးပေါ်ဖြစ်ပြီး" ကယ်ဆယ်ရေး ကြိုးပမ်းမှုများတွင် အိုးအိမ်၊ ကျန်းမာရေး၊ အစာမဟုတ်သည့်ပစ္စည်းများ၊ အစားအစာ ရယူနိုင်မှုနှင့် အစားအစာလုံခြုံမှု၊ ရေ၊ သန့်ရှင်းမှုတို့နှင့် ပတ်သက်ပြီး "ဖြည့်ဆည်းရန် အဓိကလိုအပ်ချက်များ ရှိနေပါသေးသည်။"

အစိုးရချုပ်ကိုင်သည့် အချို့သော ဒေသများတွင် လူသားချင်းစာနာမှုဆိုင်ရာ အထောက်အကူများကို ပိုမို ရယူနိုင်ခြင်းကြောင့် "မြစ်ကြီးနားနှင့် ဝိုင်းမော်ရှိ ရွာပုန်းရွာရှောင်များက အခြားမြို့နယ်များတွင် ရှိနေသူများထက် အထောက်အပံ့များ ပိုမိုရရှိနေသည်။" အခြားမြို့နယ်များဆိုသည်မှာ KIA ထိန်းချုပ်နယ်မြေများအပြင်၊ အစိုးရထိန်းချုပ် နယ်မြေရှိ ဗန်းမော်နှင့် မန်စီတို့လည်း ပါဝင်သည်ဟု ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ အဖွဲ့အစည်းများအကြား ဆန်းစစ်မှု အစီရင်ခံစာတွင် ရေးသားထားပါသည်။[166] ပဋိပက္ခ ဖြစ်ရာဒေသများတွင် ကူညီမှုပေးနေသည့် ကချင်အဖွဲ့ အစည်းများတွင် ရန်ပုံငွေပြတ်တောက်မှုများ မဆိုနှင့် ရွာပုန်းရွှရှောင်ဦးရေနှင့် ကုလသမဂ္ဂ အဖွဲ့အစည်း များ၏ရန်ပုံငွေပြတ်တောက်မှုများ ရုတ်တရက် မြင့်မားသွားကြောင်း ဤဆန်းစစ်မှုတွင် ရေးသားထားသည်။ ဒီဇင်ဘာလ အစီရင်ခံစာအရ "ကုလသမဂ္ဂ ထောက်ခံပြောဆိုမှု ကြိုးပမ်းချက်များမှ လိုင်ဇာနှင့် တရုတ်နိုင်ငံနယ်စပ်တလျှောက် အခြားနေရာများတွင် ရှိသည့် ရွာပုန်းရွာရှောင် များအပါအဝင် သူတို့ အားလုံးကို ဆက်လက်၍ အထောက်အကူများ ပေးလျက်ရှိပါသည်။ အိုးအိမ်မဲ့ ဦးရေနှင့် လိုအပ်ချက်များမှာ လျှင်မြန်စွာ မြင့်မားလျက်ရှိပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိသူများမှ ၎င်းတို့တွင် ရှိသော ပစ္စည်းများနှင့် ရန်ပုံငွေများလည်း ပို့ပေးပြီးဖြစ်ပါသည်။"[167]

မြန်မာ-တရုတ်နယ်စပ်တလျှောက် KIA ထိန်းချုပ်နယ်မြေတွင် ကုသမဂ္ဂအဖွဲ့အစည်းများမှ ကယ်ဆယ်ရေး လုပ်ငန်းများ ရေရှည်လုပ်ဆောင်နိုင်ရန် ကြိုးပမ်းခဲ့သည်မှာ ကြာပြီဖြစ်ပါသည်။ ဒီဇင်ဘာလ အစောပိုင်းတွင် လပေါင်းများစွာ ညှိနှိုင်းပြီးနောက် မြန်မာအစိုးရမှ ကုလသမဂ္ဂအဖွဲ့အား KIA ထိန်းချုပ်နယ်မြေတွင် လူသားချင်း စာနာမှုဆိုင်ရာ သွားးလာခွင့်ပြု လိုက် ပါသည်။ ဒီဇင်ဘာလ ၁၂ ရက်တွင် ကုလသမဂ္ဂကိုယ်စား အခြေခံအိမ်သုံးနှင့် အိုးအိမ်ပစ္စည်းများ သယ်ဆောင်လာသည့် ထရပ်ကားနှစ်စီးနှင့်ယာဉ်တန်း လိုင်ဇာအနီးရှိ ပြည်တွင်းအိုးအိမ်မဲ့များ ၏ စခန်းများသို့ ရောက်ရှိလာခဲ့သည်။

ဤသို့ သွားရောက်နိုင်ခြင်းမရှိမီ ဇွန်လမှ ဒီဇင်ဘာလအထိ မြန်မာအာဏာပိုင်များမှ ကုလသမဂ္ဂ အဖွဲ့အစည်းများအား ရှေ့တန်းနောက်ပိုင်း IDP သောင်းပေါင်းများစွာထံ အထောက်အပံ့များ ပို့ပေးရာတွင် အာဏာဖြင့် တားဆီး

[165] UNOCHA and humanitarian partners, "Kachin Rapid Assessment / 1: Humanitarian Partners in Kachin," ၂၀၁၁ ခုနှစ် စက်တင်ဘာ။ ဤစိစစ်ချက်ကို UNOCHA, MSS, KBC, KURM, MCC, MDM, Metta, Shalom, Swissaid, UNDP, WC, နှင့် WV တို့မှ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည် (ပုံနှိပ်ထုတ်ဝေမှုအတိုင်း အမည်တိုများကို ဖော်ပြထားပါသည်)။ MIMU, OXFAM, UNHCR, UNI, CEF, UNOCHA, နှင့် WFP တို့ပါဝင်သည့် အချက်အလက်ပံ့ပိုးရေးအဖွဲ့များ သင်တန်းနှင့် နည်းပညာအထောက်အပံ့များ ပေးခဲ့ပါသည်။

[166] UN-OCHA with Humanitarian Country Team Partners, "Myanmar: Displacement in Kachin State," ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်၊ စာမျက်နှာ ၁။

[167] အထက်ပါအတိုင်း။

ခဲ့ပါသည်။ ဒီဇင်ဘာမှစပြီး နောက်ထပ်သွားခွင့်မပေးတော့ပါ။ "ကုလသမဂ္ဂမှ ထောက်ခံ ပြောဆိုပေးမှု ကြိုးပမ်းချက်များအား ဆက်လက်ပြုလုပ်နေသည်" ဟု OCHA ကဆိုပါသည်၊ [168] ယခင် မြန်မာနိုင်ငံ၏မြို့တော်ရှိ လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ဝန်ထမ်းများ၏ ပြောဆိုချက်အရ လူသားချင်း စာနာမှုအရ သွားရောက်ခြင်းကို အစိုးရ သို့မဟုတ် စစ်တပ်မှ အတိအလင်း ငြင်းပယ်ခြင်းများဖြင့် တားမြစ်ခြင်း မဟုတ်သော်လည်း တုံ့ပြန်မှု နှေးကွေးခြင်း၊ တောင်းဆိုမှုများအတွက် ပြန်ကြားမှုမရှိခြင်းနှင့် အခြားသော သွယ်ဝိုက်ပြီး၊ သိမ်မွေ့သည့်နည်းများဖြင့် တားဆီးမှု ပြုလုပ်ကြသည်။ ကချင်ပြည်နယ်ရှိ KIA ထိန်းချုပ်နယ်မြေတွင် အထောက်အပံ့များ ပို့ပေးရေးနှင့် ပတ်သက်ပြီး၊ ယနေ့အထိ အာဏာပိုင်များနှင့် OCHA အကြား ရေးသားထားသည့် သဘောတူညီမှု မရှိသေးပါ။

KIA နှင့် သူပုန်များထိန်းချုပ်ထားသည့် အခြားသောနယ်မြေများသို့ ပြည်တွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ အထောက်အပံ့များပေးခြင်းကို အစိုးရမှ ခွင့်ပြုချက်ပေးလိုသည့် ဆန္ဒမရှိသည်မှာ ကာလကြာမြင့်နေပြီဖြစ်ပြီး၊ ဤအချက်က အချို့သော လူသားချင်းစာနာသည့် အဖွဲ့အစည်းများအား မြန်မာအစိုးရထံမှ ဒေသအချို့သို့ သွားရောက်ရန် တရားဝင်ခွင့်ပြုချက် တောင်းဆိုခြင်းကို အတားအဆီးဖြစ်စေသည်။ ဤအဖွဲ့အစည်းအားလုံးမှာ လူသားချင်း စာနာမှုအကူအညီ ပေးနိုင်မှုနယ်မြေ ကျယ်ပြန့်ရန် ဆန္ဒရှိကြသော်လည်း၊ ဤသို့တောင်းဆိုချက်များ ပြုလုပ်ပါက နိုင်ငံတွင်းရှိ တရားဝင် ခွင့်ပြုထားသည့် စီမံကိန်းများအပေါ် အစိုးရမှ တားဆီးပိတ်ပင် မှုများ ရှိလာမည်ကို စိုးရိမ်ကြောင်း ပြောကြသည်။

မြန်မာနိုင်ငံတွင်း တရားဝင်မှတ်ပုံတင်ထားပြီး လုပ်ကိုင်နေသည့် လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းတစ်ခုမှ နိုင်ငံခြားသား အထောက်အပံ့ဝန်ထမ်းတစ်ဦးမှ လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့အား "လုပ်ပုံက [အစိုးရဘက်က] ဘယ်သူကမှ 'မသွားရဘူး' လို့ တည့်တည့်မပြောဘူး၊ ဒါပေမဲ့ သွားရင် MoU [နားလည်းမှု သဘောတူညီချက်] နဲ့ တခြားနေရာမှာ လုပ်ကိုင်ခွင့် ဆုံးရှုံးသွားတယ်" ဟုပြောပါသည်။ [169] အခြားသော အထောက်အပံ့ ဝန်ထမ်းများ ကလည်း အချို့နေရာများသို့ ၎င်းတို့ မသွားနိုင်ခြင်းမှာ အစိုးရမှ တိတိကျကျ တရားဝင် ပိတ်ပင်ထားခြင်းကြောင့် မဟုတ်သော်လည်း၊ အထောက်အပံ့အုပ်စုများအကြားတွင် ထို အခြေအနေကို ကောင်းကောင်း နားလည်ထား ကြကြောင်း အတည်ပြု ပြောကြားပါသည်။ လက်ရှိအချိန်တွင် ပဋိပက္ခ ဖြစ်ရာ ဒေသများသို့ လူသားချင်းစာနာမှု ကြောင့် သွားရောက်ခွင့်ကို မည်သည့်အခြေအနေတွင် ပေးမည်၊ ငြင်းပယ်မည် ဆိုသည်ကို အစိုးရမှ ရှင်းရှင်းလင်းလင်း ပြောကြားခြင်း မရှိသေးပါ။

KIO မှလည်း လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ပို့ဆောင်မှုကို ငြင်းပယ်ထားပါသည်။ ဒီဇင်ဘာလ အစောပိုင်းတွင် မြန်မာနိုင်ငံလွှတ်တော်မှ ကချင်ပြည်နယ်အဖွဲ့ဝင်ဖြစ်သူ ကချင်ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ကော်မတီနှင့် အစိုးရ၏ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ဆန်၊ အဝတ်အစားနှင့် အစာမဟုတ်သည့်ပစ္စည်းများအပါအဝင် လူသားချင်းစာနာမှုဆိုင်ရာ အထောက်အကူအထုပ်များအား KIO မှ ငြင်းပယ်လိုက်ပါသည်။[170]

---

[168] အထက်ပါအတိုင်း။

[169] လူ့အခွင့်အရေးစောင့်ကြည့်ရေး တွေ့ဆုံမေးမြန်းပွဲ with Rangoon-based aid worker, ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၁၃ ရက်။

[170] "KIO Refuses Gov't Relief Donations to Refugees," *Mizzima*, ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်။ http://www.mizzima.com/special/kachin-battle-report/6279-kio-refuses-govt-relief-donations-to-refugees.html (၂၀၀၄ ခုနှစ် မတ်လ ၄ ရက်တွင် ကြည့်ခဲ့သည်)။

မကြာသေးမီက ဖွဲ့စည်းခဲ့သည့် အမျိုးသား လူ့အခွင့်အရေးကော်မရှင်က ကချင်ပြည်နယ်ရှိ IDP ပြဿနာများအား စစ်ဆေးရာတွင် မျှတမှု မရှိသော စစ်ဆေးမှုများနှင့် စတင်ခဲ့ပါသည်။ ဤကော်မရှင်မှ လေးဦးပါအဖွဲ့က IDP များ၏ အခြေအနေများကို စစ်ဆေးရန် ကချင်ပြည်နယ်ရှိ မြစ်ကြီးနား၊ ဗိုင်းမော်နှင့် ဖန်းမော်ရှိ စခန်းများ၊ ဘုရားကျောင်းများနှင့် အခြားနေရာများသို့ သွားခဲ့ပြီး ဒီဇင်ဘာလ ၁၄ ရက် (*မြန်မာ့အလင်း*) *The New Light of Myanmar* သတင်းစာတွင် တွေ့ရှိချက်များအား စာတစ်မျက်နှာအပြည့် ထုတ်ပြန်ခဲ့ပါသည်။[171] ဤကော်မရှင်မှ အိုးအိမ်မဲ့ ကလေးများ၏ ဒုက္ခနှင့် အိုးအိမ်မဲ့သူများက သူတို့၏ ပိုင်ဆိုင်မှုများကို ထားခဲ့ရသည့်အချက်နှင့် မြေစိုက်ဗုံးများ၏ အန္တရာယ်များ အပါအဝင် လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များကို မီးမောင်းထိုးပြထား ပါသည်။[172] သို့သော် အတင်းအကြပ် လုပ်အားပေးစေမှုများနှင့် ရွာများအား လုယက်ဖျက်ဆီးမှုများကဲ့သို့ အခြားသူများမှ အများအပြားမှတ်တမ်းတင်ထားသည့် အချက်များနှင့် မြန်မာစစ်တပ်မှ အတင်းအကြပ် ပြောင်းရွှေ့စေမှုများသို့မဟုတ် လူ့အခွင့်အရေး ချိုးဖောက်မှုများကိုမူ တင်ပြရန် ပျက်ကွက်ခဲ့ပါသည်။ ၄င်းတို့၏ ထုတ်ပြန်ချက်အများစုမှာ အစိုးရ၏လူသားချင်းစာနာမှုဆိုင်ရာ ကြိုးပမ်းချက်များကို ချီးမွမ်းထားပါသည်။[173]

ဒီဇင်ဘာလတွင်ပင် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂျောင်ငန်စိုင်းမှ သတင်းထောက်များအား နိုင်ငံနှင့် ပြည်နယ်အစိုးရများမှ ပဋိပက္ခတွင်ပါဝင်သူ တစ်ဖက်ဖက်မှ လူသတ်မှု၊ ညှဉ်းပမ်းနှိပ်စက်မှု၊ မုဒိန်းမှုနှင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတို့မှ အခြားမတရားညှဉ်းပန်းမှုများအတွက် တာဝန်ရှိမရှိ သိရှိရန် "တိတိကျကျ" စုံစမ်းစစ်ဆေးမည်ဟု ဆိုပါသည်။[174] "ကျနော်တို့က ဒီအဖြစ်အပျက်တွေရဲ့ 'အထောက်အထားတွေ' ရဲ့ တိကျမှန်ကန်မှုကို ခိုင်လုံပြီး သေချာမှုရှိမရှိကို သေသေချာချာ စိစစ်ပါမယ်။" ဟု *Myanmar Times* အားပြောပါသည်။[175] စုံစမ်းစစ်ဆေးမှုများ ရှိမရှိ မသိရဘဲ အစီရင်ခံချက်များလည်း ထုတ်ပြန်ခြင်းမရှိသေးပါ။

တိုင်းရင်းသား လက်နက်ကိုင် ပဋိပက္ခဒေသများတွင် ဖြစ်နေသည့် မတရားညှဉ်းပန်းမှုများအား စုံစမ်း စစ်ဆေးမှု မပြုလုပ်ရန် ဤအသစ်ဖွဲ့စည်းထားသည့် ကော်မရှင်မှ ဆုံးဖြတ်ခဲ့ကြောင်းကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ လတွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမရမှ ဘန်ကောက်မြို့ သတင်းစာရှင်းလင်းပွဲ တစ်ရပ်တွင် သတင်းထောက်များအား ပြောကြားခဲ့ပါသည်။[176] ဤသို့သော စုံစမ်းစစ်ဆေးမှုများမှာ အစိုးရဘက်မှ အပစ်အခတ်ရပ်စဲရန် ကြိုးပမ်းနေသည့် ယခုအချိန်တွင် ပြုလုပ်ရန်မသင့်တော်ကြောင်း ဦးဝင်းမရမှ ပြောပါသည်။

---

171 "Myanmar National Human Rights Commission Issues Statement," *The New Light of Myanmar*, ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်၊ စာမျက်နှာ ၉။.

172 အထက်ပါအတိုင်း။

173 အထက်ပါအတိုင်း။

174 Soe Than Lynn, "Govt Pledges to Investigate Kachin HR Abuses," *Myanmar Times*, ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၁၉-၂၅။ http://www.mmtimes.com/2011/news/606/news3160605.html (၂၀၀၄ ခုနှစ် မတ်လ ၄ ရက်တွင် ကြည့်ခဲ့သည်)။

175 အထက်ပါအတိုင်း။

176 "'No Probe Into Ethnic Abuse:' Rights Body" *Agence France-Presse*, ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်။ http://www.dvb.no/news/no-probe-into-ethnic-abuse-burma-rights-body/20255 (၂၀၀၄ ခုနှစ် မတ်လ ၄ ရက်တွင် ကြည့်ခဲ့သည်)။

# ၅။ နိုင်ငံတကာ လူသားချင်းစာနာမှုနှင့် လူ့အခွင့်အရေးဥပဒေ

စစ်ဥပဒေဟု အများကခေါ်ကြသည့် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာဥပဒေသည် မလိုအပ်သည့် ဆင်းရဲဒုက္ခ လျော့နည်းစေရန်၊ အရပ်သားများနှင့် တိုက်ပွဲတွင် မပါဝင်သူများအား ကာကွယ်ရန် လက်နက်ကိုင် ပဋိပက္ခတွင်ပါဝင်သူများအပေါ် ဥပဒေဆိုင်ရာ ဝတ္တရားများ ချမှတ်ထားပါသည်။[177] KIA ကဲ့သို့ အစိုးရနှင့် မသက်ဆိုင်သည့် လက်နက်ကိုင်အုပ်စုများအပါအဝင် လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်သည့် လက်နက်ကိုင် အင်အားစုအားလုံးတွင် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေကို လိုက်နာရန် တာဝန်ရှိပါသည်။[178] နိုင်ငံတကာ လူသားချင်းစာနာမှုဥပဒေကို တမင်သက်သက်ဖြစ်စေ မဆင်မခြင် ဖြစ်စေ ကြီးလေးစွာ ချိုးဖောက်သူ များကို ပြည်တွင်း သို့မဟုတ် နိုင်ငံတကာတရားရုံးများတွင် စစ်ရာဇဝတ်မှုများအတွက် အရေးယူနိုင်ပါသည်။[179]

လက်နက်ကိုင် ပဋိပက္ခတွင် ပါဝင်နေသူများအပေါ် ခွင့်ပြုနိုင်သည့် စစ်ရေးနည်းလမ်းများကို နိုင်ငံတကာ လူသားချင်း စာနာမှု ဥပဒေမှ ကန့်သတ်ထားကာ အရပ်သားများနှင့် ဖမ်းဆီးထားသည့် တိုက်ပွဲဝင်မဟုတ်သည့် ဖမ်းဆီးခံရသည့် စစ်သည်များအား လေးစားပြီး၊ ကာကွယ်မှုပေးရန် သတ်မှတ်ထားပါသည်။ ဤဥပဒေပါ အခြေခံ စည်းမျဉ်းများမှာ "အရပ်သားများကင်းလွတ်ခွင့်" နှင့် "ခွဲခြားမှု" တို့ ဖြစ်ပါသည်။[180] ပဋိပက္ခဖြစ်နေချိန်တွင် တိုက်ပွဲဝင်သူများနှင့် အရပ်သားများအကြား အမြဲတမ်း ခွဲခြားထားပြီး တိုက်ပွဲဝင်သူများကိုသာ ပစ်မှတ်ထားရန် စည်းမျဉ်းရှိသည်။[181]စစ်ဘက်ဆိုင်ရာပစ္စည်းဟု မယူဆသည့် အရပ်သားပိုင်အရာဝတ္ထု၊ ပစ္စည်းများကိုလည်း အကာ အကွယ် ပေးထားပါသည်။[182] အိုးအိမ်များ၊ ဝတ်ပြုရာနေရာများ၊ ဆေးရုံများ၊ ကျောင်းများစသည့် အရပ်သားပိုင်

---

[177]နိုင်ငံတကာမဟုတ်သည့် လက်နက်ကိုင်ပဋိပက္ခ (ပြည်တွင်းစစ်များ) ကာလတွင် အရပ်သားများနှင့် တိုက်ပွဲဝင်မဟုတ်သည့် စစ်သည်များအားဆက်ဆံမှုနှင့်ပတ်သက်ပြီး နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာဥပဒေကို မြန်မာနိုင်ငံအပါအဝင် ၁၉၄၉ ခုနှစ် ဂျနီဗာ သဘောတူညီချက်လေးရပ်လုံးပါ အပိုဒ် ၃ (ဘုံ အပိုဒ်၃) တွင်တွေ့နိုင်ပါသည်။ ဘုံအပိုဒ် ၃ မှာ "သဘောတူလက်မှတ်ရေးထိုးထားသူများ၏ နယ်နမိတ်တွင် ပေါ်ပေါက်နေသည့် လက်နက်ကိုင်မဟုတ်သည့် ပဋိပက္ခ" နှင့် သက်ဆိုင်ပါသည်။ တိုက်ပွဲကျင့်ဝတ်များဆိုင်ရာ နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေကို ၁၉၀၇ ခုနှစ် ဟေ့ဂ်စည်းမျဉ်းစည်းကမ်းများနှင့် ၁၉၄၉ ခုနှစ် ဩဂုတ်လ ၁၂ ရက် ဂျနီဗာ သဘောတူညီချက် အပြင် လုပ်ထုံးလုပ်နည်းများနှင့် ၁၉၇၇ ခုနှစ် ဇွန်လ ၈ ရက် တွင် လက်ခံကျင့်သုံးသည့် နိုင်ငံတကာ လက်နက်ကိုင် ပဋိပက္ခများကြောင့် ဒုက္ခခံရသူများအား အကာအကွယ်ပေးခြင်းနှင့် ပတ်သက်သည့် (လုပ်ထုံးလုပ်နည်း ၁) နှင့် ၁၉၇၈ ခုနှစ် ဒီဇင်ဘာလ ၇ ရက်တွင် စတင်သက်ရောက်သည့် 1125 U.N.T.S. ၃တွင် ရေးထားပါသည်။ နိုင်ငံတကာလက်နက်ကိုင်ပဋိပက္ခကာလတွင် တိုက်ပွဲ အပြုအမူကို အသေးစိတ်အကျဆုံးနှင့် နောက်ဆုံး စနစ်တကျရေးထားသည့် လုပ်ထုံးလုပ်နည်း ၁ သည် ဤပဋိပက္ခနှင့် တိုက်ရိုက် သက်ရောက်မှုမရှိပါ။ နိုင်ငံတကာမဟုတ်သည့် လက်နက်ကိုင် ပဋိပက္ခအပေါ် ဂျနီဗာသဘောတူညီချက်၏ ၁၉၇၇ ခုနှစ် ဒုတိယနောက်ဆက်တွဲ လုပ်ထုံးလုပ်နည်း (လုပ်ထုံးလုပ်နည်း ၂) သည်လည်း မြန်မာနိုင်ငံမှ သဘောတူလက်မှတ်ထိုးထားခြင်း မရှိ၍ တိုက်ရိုက်သက်ဆိုင်မှု မရှိပါ။ ဤအစီရင်ခံစာတွင် အသုံးပြုထားသည့် ဥပဒေသုံးသပ်ချက်မှာ များသောအားဖြင့် လုပ်ထုံးလုပ်နည်း ၁ နှင့် ၂ တို့ပါ အဆင့်အတန်းများကို ရည်ညွှန်းထားလေ့ရှိသော်လည်း အရေးပါသည့် ထုံးတမ်းအစဉ်အလာဥပဒေတစ်ရပ်အနေနှင့်သာ ဖြစ်ပြီး ပဋိဉာဉ်ပါ ဝတ္တရားတစ်ရပ် အနေနှင့် မဟုတ်ပါ။ တိုက်ပွဲအပြုအမူဆိုင်ရာ အခြေခံစည်းမျဉ်းများနှင့်ပတ်သက်သည့် လူသားချင်းစာနာမှုဆိုင်ရာ ထုံးတမ်းစဉ်လာ ဥပဒေအား ယခုအချိန်တွင် နိုင်ငံတကာ လက်နက်ကိုင်ပဋိပက္ခဖြစ်စေ၊ နိုင်ငံတကာမဟုတ်သည့် လက်နက်ကိုင်ပဋိပက္ခဖြစ်စေ သက်ရောက်မှုချင်းမှာ အများအားဖြင့် အတူတူဟု ယူဆထားပါသည်။

[178]အစိုးရနှင့်မသက်ဆိုင်သည့် လက်နက်ကိုင်အုပ်စုများအပေါ် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာဥပဒေ၏ သက်ရောက်မှုအကြောင်း အထွေထွေဆွေးနွေးချက်ကို International Committee of the Red Cross (ICRC), Henckaerts & Doswald-Beck, eds., *Customary International Humanitarian Law* (Cambridge: Cambridge Univ. Press ၂၀၀၅ ခုနှစ်), စာမျက်နှာ ၄၉၇-၉၈ တွင်ကြည့်ပါ။

[179] အထက်ပါအတိုင်း။ စည်းမျဉ်း ၁၅၈၊ ၁၉၄၈ ခုနှစ် ဂျနီဗာသဘောတူညီချက်များနှင့် အခြားသောနိုင်ငံတကာ ပဋိညာဉ်များ။

[180] FIX FONTSICRC, *Customary International Humanitarian Law,* အခန်း ၁ နှင့် ၂၊ လုပ်ထုံးလုပ်နည်းများ ၁၊ အပိုင်း ၄၈၊ ၅၁ (၂) နှင့် ၅၂(၂ ) ကို ကိုးကားထားသည်။

[181] ICRC, *Customary International Humanitarian Law,* စည်းမျဉ်း ၁ နှင့် ၇၊ လုပ်ထုံးလုပ်နည်း ၁၊ အပိုင်း ၄၈ ("ပဋိပက္ခတွင် ပါဝင်နေသူများမှ အရပ်သားများနှင့် တိုက်ပွဲဝင်သူမျာ၊ အရပ်သားအရာဝတ္ထုများနှင့် စစ်ဖက်ဆိုင်ရာ အရာဝတ္ထုများအကြား အမြဲခွဲခြားနေပြီး ဤခွဲခြားမှုအရ စစ်ဖက်ဆိုင်ရာအရာဝတ္ထုများအပေါ်သာ စစ်ဆင်ရေးဆင်းရမည်ဖြစ်သည်။") ကို ကိုးကားထားသည်။

[182] ICRC, *Customary International Humanitarian Law,* စည်းမျဉ်း ၈၊ လုပ်ထုံးလုပ်နည်း ၁၊ အပိုင်း ၅၂(၂) အား ကိုးကားထားသည်။ (စစ်ဖက်ဆိုင်ရာ အရာဝတ္ထုများမှာ တိုက်ပွဲဝင်သူများနှင့် "သဘာဝအရ၊ တည်နေရာ အရ၊ ရည်ရွယ်ချက်အရ သို့မဟုတ် အသုံးပြုချက်အရ

ဥစ္စာပစ္စည်းများအား စစ်ရေးအရ အသုံးပြုထားခြင်းမရှိပါက တိုက်ရိုက် တိုက်ခိုက်ခြင်းမပြုရန် တားမြစ်ထားပါသည်။[183]

အရပ်သားများအပေါ် ရည်ရွယ်ချက်ဖြင့် တိုက်ခိုက်မှုများ၊ ခွဲခြားခြင်းမရှိဘဲတိုက်ခိုက်မှုများကို လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေအရ တားမြစ်ထားပါသည်။ စစ်ဖက်ဆိုင်ရာအရာဝတ္ထုများနှင့် အရပ်သားများ သို့မဟုတ် အရပ်သားပိုင် အရပ်ဝတ္ထုများအား ခွဲခြားခြင်းမရှိဘဲ၊ ပစ်ခတ်သည့်အခါ ခွဲခြားမှုမရှိဘဲတိုက်ခိုက်သည်ဟု ယူဆပါသည်။ ခွဲခြားမှုမရှိဘဲ တိုက်ခိုက်ခြင်းတွင် တစ်နေရာရာအား ဖုံးကြဲတိုက်ခိုက်ခြင်းလည်း ပါဝင်သည်။ တစ်နေရာရာအား စီးနင်းတိုက်ခိုက်သည်ဆိုရာတွင် အရပ်သားများနှင့် အရပ်သားပိုင်အရာဝတ္ထုများ စုဝေးနေသည့် နေရာတစ်ခုရှိ ထင်ရှားသော သီးခြားစစ်ဖက်ဆိုင်ရာ အရာဝတ္ထုများအား စစ်ဖက်ဆိုင်ရာအရာဝတ္ထုကဲ့သို့ ယူဆပြီး၊ လက်နက်ကြီးများဖြင့် သို့မဟုတ် အခြားနည်းအားဖြင့် တိုက်ခိုက်ခြင်းကို ဆိုလိုပါသည်။[184] အရပ်သားများနှင့် တိုက်ပွဲဝင်သူများအကြား ခွဲခြားခြင်းမရှိဘဲ၊ လူသေစေသည့် မြေမြှုပ်မိုင်းများ အသုံးပြုခြင်းကိုလည်း ခွဲခြားမှုမရှိဘဲ တိုက်ခိုက်ခြင်းဟု ယူဆပါသည်။ စစ်တပ်မှမျှော်လင့်ထားသည့် လက်ဆုပ်လက်ကိုင် ပြနိုင်သည့်တိုက်ရိုက် အားသာမှု နှင့် နှိုင်းစာပါက တိုက်ခိုက်မှုကြောင့် မရည်ရွယ်ဘဲ အရပ်သားများ အသက်ဆုံးရှုံးရခြင်း သို့မဟုတ် အရပ်သားပိုင် ပစ္စည်းများအပေါ် ထိခိုက်မှုက အလွန်အမင်း များပြားမည်ဆိုသည့် အချိုးအစားစည်းမျဉ်းအား ချိုးဖောက်သည့် တိုက်ခိုက်မှုများကိုလည်း တားမြစ်ထားပါသည်။[185]

လူသားချင်းစာနာမှုဆိုင်ရာဥပဒေအရ စစ်ဆင်ရေးကာလတွင် မတော်တဆ အရပ်သားအသက်ဆုံးရှုံးမှုများ၊ အရပ်သားပိုင် အရာဝတ္ထုများ ထိခိုက်မှုများကို ရှောင်ရှားရန် သို့မဟုတ် နည်းပါးစေရန် ပဋိပက္ခတွင်ပါဝင်သူများမှ အရပ်သားများ ထိခိုက်မှုမရှိစေရန် အမြဲသတိထားပြီး "တတ်နိုင်သမျှ ကြိုတင်ကာကွယ်မှုများလုပ်ရန်" သတ်မှတ်ထားပါသည်။[186] ဤကြိုတင်ကာကွယ်မှုများတွင် တိုက်ခိုက်သည့်အရာဝတ္ထုများမှာ စစ်ဖက်ဆိုင်ရာ အရာဝတ္ထုများဖြစ်ပြီး အရပ်သားများ၊ အရပ်သားပိုင်အရာဝတ္ထုများ မဟုတ်ကြောင်း အတည်ပြုရန် တတ်နိုင်သမျှ အားလုံးလုပ်ခြင်းနှင့် အခြေအနေအရ ခွင့်ပြုပါက တိုက်ခိုက်မှုမစခင် အရပ်သားများအား "ထိရောက်သည့် ကြိုတင်သတိပေးခြင်း" တို့ပါဝင်သည်။[187] လူဦးရေထူထပ်သည့်အရပ်များတွင် စစ်ဖက်ဆိုင်ရာအရာဝတ္ထုများကို

---

စစ်ဖက်ဆိုင်ရာလှုပ်ရှားမှုတွင် ထိရောက်သည့်ပါဝင်မှုရှိပြီး ၎င်းအချိန်ရှိအခြေအနေတွင် လုံးဝ သို့မဟုတ် တစိတ်တဒေသ ပျက်စီးမှု၊ ဖမ်းဆီးမှု၊ စွမ်းအားလျော့ပါးစေမှုကြောင့် စစ်ဖက်ဆိုင်ရာအားသာမှုဖြစ်စေပါသည်။)

[183] ICRC, *Customary International Humanitarian Law,* စည်းမျဉ်း ၈၊ စစ်ဖက်ဆိုင်ရာ လက်စွဲစာအုပ်များနှင့် တရားဝင်ထွက်ဆိုချက်များကို ကိုးကားထားပါသည်။

[184] ICRC, *Customary International Humanitarian Law,* စည်းမျဉ်း ၁၁-၁၃၊ လုပ်ထုံးလုပ်နည်း ၁၊ အပိုင်း ၅၁(၄-၅) ကို ကိုးကားပါသည်။

[185] ICRC, *Customary International Humanitarian Law,* စည်းမျဉ်း၁၊ လုပ်ထုံးလုပ်နည်း ၁၊ အပိုင်း ၅၁(၅)(ခ) ကို ကိုးကားပါသည်။ အရပ်သားလူဦးရေနှင့် အရပ်သားပိုင်အရာဝတ္ထုများအတွက် မျှော်လင့်ထားသည့်အန္တရာယ်မှာ ၎င်းတို့၏တည်နေရာ (စစ်ဖက်ဆိုင်ရာ အရာဝတ္ထုအနီးတွင်ရှိခြင်း)၊ အသုံးပြုသည့်လက်နက်များ၏ တိကျမှု (ကျည်ဆံလမ်းကြောင်း၊ အကွာအဝေး၊ ပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များ၊ သုံးသည့်လက်နက်စသည်တို့အပေါ် မူတည်ပြီး) နှင့် တိုက်ပွဲဝင်သူများ၏နည်းပညာကျွမ်းကျင်မှု (တိုက်ပွဲဝင်သူများက ရည်ရွယ်ထားသည့် ပစ်မှတ်အား ထိထိရောက်ရောက် မချိန်နိုင်လျှင် လက်နက်များအား ပရမ်းပတာပစ်ခတ်ခြင်းများဖြစ်နိုင်သည်) အပါအဝင် အချက်အမျိုးမျိုးပေါ်တွင် မူတည်ပါသည်။ ICRC, *Commentary on the Additional Protocols of 8 June 1977 to the Geneva Conventions of 12 August 1949*, (Geneva: Martinus Nijhoff Publishers, 1987), စာမျက်နှာ ၆၈၄ ကိုလည်းကြည့်ပါ။

[186] ICRC, *Customary International Humanitarian Law,* စည်းမျဉ်း ၁၅၊ လုပ်ထုံးလုပ်နည်း ၁၊ အပိုင်း ၅၇ ကို ကိုးကားသည်။ လုပ်ထုံးလုပ်နည်း ၁ အပေါ် မှတ်ချက်ပေးရာတွင် ICRC က states that the requirement to take "တတ်နိုင်သမျှကြိုတင်ကာကွယ်မှုအားလုံး" လုပ်ရန်သတ်မှတ်ချက်မှာ"အခြေအနေကောင်းတစ်ရပ်တွင် တတ်နိုင်သမျှ ဤလူဦးရေအား ဒုက္ခမရောက်စေရန်" ပစ်မှတ်သည် တရားဝင် စစ်ဖက်ဆိုင်ရာ အရာဝတ္ထုဖြစ်ကြောင်း သေချာအောင်လုပ်ရန်လိုသည့် အဆင့်များကိုလုပ်ရမည်ဟု ဆိုလိုသည်ဟုပါသည်။ ICRC, *Commentary on the Additional Protocols*, စာမျက်နှာ ၆၈၂။

[187] ICRC, *Customary International Humanitarian Law,* စည်းမျဉ်း ၂၀၊ လုပ်ထုံးလုပ်နည်း ၅၇(၂) ကို ကိုးကားသည်။ ပစ်မှတ် အလားအလာတစ်ခုသည် အရပ်သား သို့မဟုတ် စစ်ဖက်ဆိုင်ရာဆိုသည်ကို သံသယရှိလျှင် အရပ်သားဟု "ယူဆရမည်"။ လုပ်ထုံးလုပ်နည်း ၁။ အပိုင်း

ရှာဖွေခြင်းကိုလည်း ရှောင်ရှားရမည်ဖြစ်ပြီး၊ စစ်ဖက်ဆိုင်ရာအရာဝတ္ထုများအနီးမှ အရပ်သားများအား ဖယ်ရှားရန် ကြိုးပမ်းရမည်ဖြစ်ပါသည်။ [188] "စစ်ဖက်ဆိုင်ရာ အရာဝတ္ထုများကို လူဦးရေထူထပ်သည့် နေရာများမှ ခွဲခြားရန် မဖြစ်နိုင်သည့်နေရာများတွင်" ဤဝတ္တရားမှာ အထူးသက်ဆိုင်မှု ရှိသည်ဟု ယူဆပါသည်။ [189]

တိုက်ပွဲအနီးတွင် အရပ်သားများရှိနေပါက အရပ်သားများအပေါ် ထိခိုက်မှုနည်းပါးစေရန် အဆင့်များကို တိုက်ပွဲဝင်နေသူများက လုပ်ဆောင်ရန်တာဝန်ရှိပါသည်။ တိုက်ခိုက်နေသူများမှ အရပ်သားများအား စစ်ဖက်ဆိုင်ရာ အရာဝတ္ထုများမှ သို့မဟုတ် စစ်ဆင်ရေးများမှ အကာအကွယ်အဖြစ် မသုံးရန် တားမြစ်ထားသည်။ "အကာ" ဆိုသည်မှာ အရပ်သားများရှိနေခြင်းဖြင့် စစ်အင်အားစုများ သို့မဟုတ် စစ်စခန်းများ အတိုက်အခိုက် မခံရအောင် လုပ်ခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။[190]

လူသားချင်း စာနာမှုဆိုင်ရာဥပဒေမှ အရပ်သားများနှင့် ဖမ်းဆီးခံရသည့် တိုက်ပွဲဝင်သူများအား လူသားဆန်စွာ ဆက်ဆံရန်လည်း သတ်မှတ်ထားပါသည်။ လူနှင့် အသက်အပေါ်အကြမ်းဖက်မှု၊ အထူးသဖြင့် လူသတ်မှု၊ ခြေလက် ဖြတ်တောက်မှု၊ ရက်စက်စွာဆက်ဆံမှုနှင့် ညှဉ်းပန်းနှိပ်စက်မှုတို့ကို တားမြစ်ထားပါသည်။[191] မုဒိန်းမှုနှင့် အခြားသော လိင်အရအကြမ်းဖက်မှုများကျူးလွန်ခြင်း၊ လက်နက်ကိုင် ပဋိပက္ခတွင် တိုက်ရိုက်မပါဝင်သူ အရပ်သားများကို ပစ်မှတ်ထားသတ်ဖြတ်ခြင်း၊ သို့မဟုတ် လုယူဖျက်ဆီးခြင်းများပြုလုပ်ခြင်းတို့သည်လည်း ဥပဒေနှင့် ဆန့်ကျင်နေပါသည်။

ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားသော ရက်စက်ပြီး လူမဆန်သည့် သို့မဟုတ် ဂုဏ်သိက္ခာကျဆင်းစေသည့် ပြုမူဆက်ဆံခြင်း သို့မဟုတ် အပြစ်ပေးခြင်းများကိုလည်း နိုင်ငံတကာဥပဒေအရ တားမြစ်ထားပါသည်။ နိုင်ငံတကာ ဥပဒေအရ လူတစ်ဦးထံမှ "အချက်အလက် သို့မဟုတ် ဖြောင့်ချက်" ရယူရန်၊ အပြစ်ပေးရန်၊ သို့မဟုတ် ကြောက်လန့်စေရန် သို့မဟုတ် တစ်ခုခုပြုလုပ်စေရန် ရည်ရွယ်ချက်ဖြင့် "ကိုယ်ခန္ဓာပိုင်း သို့မဟုတ် စိတ်ပိုင်း ဆိုင်ရာ ပြင်းထန်သည့်နာကျင်မှု သို့မဟုတ် ဒုက္ခခံစားမှု" ပေးသည်ကို ညှဉ်းပမ်းနှိပ်စက်သည်ဟု ခေါ်ပါသည်။ [192] နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာဥပဒေ [193] အရရော နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေအရပါ [194] ညှဉ်းပမ်းနှိပ်စက်မှုနှင့် အခြားမတော်မတရားဆက်ဆံခြင်းကို ဥပဒေချိုးဖောက်မှုအဖြစ် တားမြစ်ထားပါသည်။

---

၅၂ (၃)။ ပစ်မှတ်သည် စစ်ဖက်ဆိုင်ရာ အရာဝတ္ထုမဟုတ်မှန်း ထင်ရှားလာပါက တိုက်ပွဲတွင်ပါဝင်နေသူများက တိုက်ခိုက်မှုကို ဖျက်သိမ်းရန် သို့မဟုတ် ရပ်ဆိုင်းရန် တတ်နိုင်သမျှ လုပ်ရပါမည်။ ICRC, *Customary International Humanitarian Law*, စည်းမျဉ်း ၁၉၊ လုပ်ထုံးလုပ်နည်း ၁၊ အပိုင်း ၅၇(၂)။

188 ICRC, *Customary International Humanitarian Law*, စည်းမျဉ်း ၂၂-၂၃။ လုပ်ထုံးလုပ်နည်း ၁၊ အပိုင်း ၅၈(ခ) နှင့် ၅၈ (က)။

189 ICRC, *Customary International Humanitarian Law*, စာမျက်နှာ ၇၆။

190 အထက်ပါအတိုင်း။ စည်းမျဉ်း ၉၇၊ အပိုဒ် ၅၁ (၅)။

191 ၁၉၄၉ ဂျနီဗာ သဘောတူညီချက် ဘုံ အပိုင်း ၃။

192 ညှဉ်းပမ်းနှိပ်စက်မှုနှင့် အခြားရက်စက်ပြီး လူမဆန်သည့် သို့မဟုတ် ဂုဏ်သိက္ခာကျဆင်းစေသည့် ဆက်ဆံမှု သို့မဟုတ် အပြစ်ပေးမှုအား ဆန့်ကျင်သည့် သဘောတူညီချက်၊ G.A. res. 39/46, annex, 39 U.N. GAOR Supp. (No. 51) at 197, U.N. Doc. A/39/51 (1984), *entered into force* ၁၉၈၇ ခုနှစ် ဇွန်လ ၂၆ ရက်၊ အပိုင်း ၁။

193 ဥပမာ၊ ၁၉၄၉ ခုနှစ် ဂျနီဗာသဘောတူညီချက် ဘုံအပိုင်း ၃။ လုပ်ထုံးလုပ်နည်း ၂၊ အပိုင်း ၄(၂) ကို ကြည့်ပါ။

194 ဥပမာ၊ နိုင်ငံတကာ လူ့အခွင့်အရေးကြေငြာချက်၊ အပိုင်း ၅။ ညှဉ်းပမ်းနှိပ်စက်မှုဆန့်ကျင်သည့် သဘောတူညီချက်။ ကလေးများ ရပိုင်ခွင့် သဘောတူညီချက်၊ အပိုင်း ၃၇(က) ("မည်သည့်ကလေးမှ ညှဉ်းပမ်းနှိပ်စက်မှု သို့မဟုတ် အခြားသော ရက်စက်ပြီး လူမဆန်သည့် သို့မဟုတ် ဂုဏ်သိက္ခာကျဆင်းစေသည့် ဆက်ဆံမှု သို့မဟုတ် အပြစ်ပေးမှု မခံစေရ") ကို ကြည့်ပါ။

ကမ္ဘာတဝှမ်းလုံးတွင် အရေးယူနိုင်သည့် နိုင်ငံတကာနယ်မြေပိုင်နက်ရှိသည့် ပြစ်မှုဖြစ်သည့် ထုံးတမ်းစဉ်လာ နိုင်ငံတကာဥပဒေ[195] ဟုလည်း ယူဆပါသည်။[196]

မုဒိန်းမှုအပါအဝင် လိင်အရအကြမ်းဖက်မှုသည် လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်ပါသည်။ မုဒိန်းမှုအပါအဝင် လိင်အရအကြမ်းဖက်မှုသည် လူ့အခွင့်အရေးချိုးဖောက်မှု တစ်ရပ်ဖြစ်ပြီး နိုင်ငံတော်နှင့်သက်ဆိုင်သူတစ်ဦးမှ "ပုံစံအမျိုးမျိုးနှင့် လိင်အရ ခြိမ်းခြောက်ခြင်း၊ တိုက်ခိုက်ခြင်း၊ နှောက်ယှက်ခြင်းနှင့် ခေါင်းပုံဖြတ်ခြင်း" အပါအဝင် နှစ်ဦးသဘောတူ မဟုတ်သည့် သို့မဟုတ် အတင်းအကြပ်ပြုလုပ်သည့် လိင်အပြုအမူကို ခေါ်ပါသည်။ [197] လိင်အကြမ်းဖက်မှုကို မြန်မာနိုင်ငံမှ သဘောတူလက်မှတ်ရေးထိုးထားသည့် အမျိုးသမီးများအပေါ် ပုံစံအမျိုးမျိုးဖြင့် ခွဲခြားဆက်ဆံမှုများ ပပျောက်စေရေးသဘောတူညီချက်အပါအဝင် ထုံးတမ်းစဉ်လာ နိုင်ငံတကာဥပဒေ၊ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေတို့အရ တားမြစ်ထားပါသည်။ [198] နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေအရလည်း လိင်အရအကြမ်းဖက်မှုကို တားမြစ်ထားပါသည်။[199]

ပဋိပက္ခဒေသများတွင် မြန်မာစစ်တပ်မှ အဓမ္မစေခိုင်းမှုများပြုလုပ်ခြင်းသည် နိုင်ငံတကာ လူသားချင်း စာနာမှုဆိုင်ရာ ဥပဒေ၊ လူ့အခွင့်အရေး ဥပဒေနှင့် မြန်မာနိုင်ငံပြည်တွင်းဥပဒေကိုပါ ချိုးဖောက်ရာ ရောက်ပါသည်။ ၁၉၄၉ ခုနှစ် ဂျီနီဗာ ဘုံ သဘောတူညီချက် အပိုင်း ၃ အရ လက်နက်ကိုင် အင်အားစုတစ်ခု၏ လက်အောက်တွင်ရှိနေသူများအား လူသားဆန်စွာဆက်ဆံရန် သတ်မှတ်ထားပါသည်။ [200] စစ်ဆင်ရေးများနှင့် တိုက်ရိုက်ပတ်သက်သည့်အလုပ် သို့မဟုတ် စစ်ဆင်ရေးများတွင် ပါဝင်စေရန်တာဝန်ရှိစေသည့် အလုပ် အပါအဝင် ငွေကြေးမပေးသည့် သို့မဟုတ် မတော်မတရား အဓမ္မစေခိုင်းမှုများကို စစ်ဥပဒေများမှ တားမြစ်ထား ပါသည်။[201] နိုင်ငံတကာ အလုပ်သမားအဖွဲ့အစည်း (ILO) အဖွဲ့ဝင်အနေနှင့် အဓမ္မစေခိုင်းမှုကို တားမြစ်ထားသည့် ILO ၏အဓိက သဘောတူညီချက်များကို မြန်မာနိုင်ငံမှ လိုက်နာထိန်းသိမ်းရန် တာဝန်ရှိပါသည်။[202] အလားတူပင် မြန်မာနိုင်ငံ၏ ပြည်တွင်းဥပဒေမှလည်း အဓမ္မစေခိုင်းခြင်းများကို တားမြစ်ထား ပြီး ဤသို့ပြုလုပ်ခြင်းကို ရာဇဝတ်မှု အဖြစ် သတ်မှတ်ထားပါသည်။[203]

---

[195] ICRC, *Customary International Humanitarian Law*, စည်းမျဉ်း ၉၀။

[196] အထက်ပါအတိုင်း။ စည်းမျဉ်း ၁၅၆။

[197] Radhika Coomaraswamy, Special Rapporteur on Violence Against Women, "Sexual Violence Against Refugees: Guidelines on Prevention and Response," (၁၉၉၅); Rome Statute of the International Criminal Court, 2187 U.N.T.S. 90, ၂၀၀၂ ခုနှစ် ဇူလိုင်လ ၁ ရက် သက်ရောက်သည့် အပိုင်း ၈ (၂)(င)(၆) ကိုလည်းကြည့်ပါ။

[198] Convention on the Elimination of All Forms of Discrimination against Women, G.A. res. 34/180, 34 U.N. GAOR Supp. (No. 46) at 193, U.N. Doc. A/34/46, ၁၉၈၁ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် သက်ရောက်ပါသည်။ မြန်မာနိုင်ငံမှ ၁၉၉၇ ခုနှစ်တွင် အတည်ပြု လက်မှတ်ထိုးခဲ့ပါသည်။

[199] ICRC, *Customary International Humanitarian Law*, စည်းမျဉ်း ၉၃၊ လုပ်ထုံးလုပ်နည်း ၁၊ အပိုင်း ၇၅(၂)၊ လုပ်ထုံးလုပ်နည်း ၂၊ အပိုင်း ၄(၂)။

[200] ၁၉၄၉ ခုနှစ် ဂျနီဗာသဘောတူညီချက် ဘုံ အပိုင်း ၃။

[201] ICRC, *Customary International Humanitarian Law*, စည်းမျဉ်း ၉၅ ကို ကြည့်ပါ။ စတုတ္ထ ဂျနီဘာသဘောတူညီချက်၊ အပိုင်း ၄၀နှင့် ၉၅ ကို ကိုးကားသည်။

[202] ILO အခြေခံစည်းမျဉ်းများနှင့် လုပ်ငန်းခွင်ရပိုင်ခွင့်များ ကြေငြာစာတမ်း၊ ၈၆ ကြိမ်မြောက် အစည်းအဝေး၊ ဂျနီဗာ၊ ၁၉၉၈ ဇွန်လ ("ဤသဘောတူညီချက်များအား အတည်မပြုရသေးလျှင်တောင် ဤအဖွဲ့တွင်ပါဝင်သည်ဟူသည့်အချက်ကြောင့် မွန်မြတ်စွာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အဓမ္မ သို့မဟုတ် မလုပ်မနေရ ခိုင်းစေမှုများအားလုံးအား ဖျောက်ဖျက်ခြင်း...ဖြစ်သည့် ၄င်းသဘောတူညီချက်များ၏အကြောင်းအရာများဖြစ်သည့် အခြေခံရပိုင်ခွင့်များနှင့်ပတ်သက်သည့် စည်းမျဉ်းများ၊ ဖွဲ့စည်းပုံများအား လေးစား၊ မြှင့်တင်ပြီး အကောင်ထည်ဖော်ရန် အဖွဲ့ဝင်အားလုံးတွင် တာဝန်ရှိပါသည်။")

[203] ပြည်ထောင်စု မြန်မာနိုင်ငံ၊ နိုင်ငံတော်ငြိမ်းချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ စာအမှတ် ၀၄/နရက (ပ)/ မညၤ၊ ၂၀၀၀ ခုနှစ် နိုဝင်ဘာလ ၁ ရက်။ "အကြောင်းအရာ။ ။ အဓမ္မစေခိုင်းမှု တားမြစ်ခြင်း" http://www.mol.gov.mm/8.Home/Home_link/spdc(Eng).pdf တွင်တွေ့နိုင်သည်

မြန်မာနိုင်ငံတွင်သက်ရောက်မှုရှိသည့် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာဥပဒေနှင့် လူ့အခွင့်အရေး ဥပဒေများအရ ကလေးများအား စစ်သားအဖြစ် စုဆောင်းအသုံးပြုခြင်းကို တားမြစ်ထားပါသည်။ ထုံးတမ်းစဉ်လာ နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေအရ ပဋိပက္ခတွင် ပါဝင်နေသူများမှ အသက် ၁၅ နှစ်အောက် ကလေးများအားလုံးအား စုဆောင်းအသုံးပြုခြင်း တားမြစ်ထားသည်။ [204] ဤအဆင့်အတန်းကို ကလေးများ အခွင့်အရေး သဘောတူညီချက်တွင်လည်း တွေ့ရသည်။ [205] မြန်မာနိုင်ငံတွင် ၄င်းနှင့်ဆက်စပ်မှုရှိသည့် အမျိုးသားဥပဒေ ဖြစ်သည့် ကာကွယ်ရေးဝန်ထမ်းများ အက်ဥပဒေ သက်ရောက်မှု ရှိသူများအတွက် စည်းမျဉ်းဥပဒေ အရ အသက် ၁၈ နှစ်အောက် ကလေးများအား စစ်သားဖြစ်ရန်စုဆောင်းခြင်းမှ တားမြစ်ထားပါသည်။ [206] ထို့အပြင် KIA အတွင်း စည်းမျဉ်း ဥပဒေအရလည်း အသက် ၁၈ နှစ်အောက် ကလေးများအား စစ်သားဖြစ်ရန်စုဆောင်းခြင်းမှ တားမြစ်ထား ပါသည်။ [207]

ပဋိပက္ခတွင်ပါဝင်နေသူများမှ စစ်ဒဏ်ခံရသည့် လူများ၏ လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းပေး ရန် တာဝန်ရှိသည်ဟု နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေအရ ဆိုထားပါသည်။ အရပ်သား လူဦးရေ များ အား တိုက်ပွဲနည်းတစ်ရပ်အနေဖြင့် အစာအငတ်ထားခြင်းကို တားမြစ်ပြီး [208] ဤလူဦးရေ အသက်ရှင် နေထိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် အရာဝတ္ထုများကို ဖျက်ဆီးခြင်းကိုလည်း တားမြစ်ထားပါသည်။ [209] အစာ၊ ဆေးနှင့် အရပ်သားများ အသက်ရှင်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် အခြားအရာများအား လူသားချင်း စာနာမှုဆိုင်ရာ ကယ်ဆယ်ရေးမှ ၄င်းတို့ထံ သွားရောက်ပေးနိုင်ရမည်။ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခဖြစ်နေစဉ် အစိုးရမှ ဤတာဝန်ကို အပြည့်အဝ မထမ်းဆောင်နိုင်ပါက၊ ၄င်း၏ကိုယ်စား ဘက်လိုက်ခြင်းမရှိသည့် လူသားချင်း စာနာမှုဆိုင်ရာ အဖွဲ့အစည်းများကို တာဝန်ထမ်းဆောင်ခွင့်ပြုရမည်။ ပဋိပက္ခတွင်ပါဝင်နေသူများက လိုအပ်ချက်များ ရှိနေသည့် အရပ်သားများအတွက် ဘက်လိုက်ခြင်းမရှိသည့် လူသားချင်းစာနာမှုဆိုင်ရာ ကယ်ဆယ်မှုများကို အရပ်သားများထံ ပို့ခွင့်ပြု ပေးပြီး အလျင်အမြန်၊ အတားအဆီးမရှိဘဲ ပို့ရန် ကူညီရပါမည်။ [210] လူသားချင်းစာနာမှု

(၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်တွင် ကြည့်ခဲ့သည်)။ သက္ကရာဇ် ၂၀၀၀ အောက်တိုဘာလ ၂၇ ရက်တွင် နိုင်ငံတော်ငြိမ်းချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနမှအမိန့်အမှတ် ၁/၉၉ အားဖြည့်စွက်သည့်အမိန့်ထုတ်ပြီး အဓမ္မစေခိုင်းမှုများအား ဥပဒေနှင့်ဆန့်ကျင်ပြီး အဓမ္မစေခိုင်းမှုမှာ ရာဇဝတ်ဖြစ်ကြောင်း ကြေငြာပါသည်။

204 ICRC, *Customary International Humanitarian Law*, စည်းမျဉ်း ၁၃၆၊ လုပ်ထုံးလုပ်နည်း ၂၊ အပိုင်း ၄(၃)(ဂ) ("အသက် ၁၅ နှစ် မပြည့်သေးသူကလေးများအား လက်နက်ကိုင် အင်အားစုများအတွင်းသို့စုဆောင်းခွင့် သို့မဟုတ် တိုက်ပွဲများတွင် ပါဝင်စေခွင့်မပြုပါ။")။

205 ကလေးများရပိုင်ခွင့်ဆိုင်ရာ သဘောတူညီချက်၊ G.A. res. 44/25, U.N. Doc. A/RES/44/25, ၁၉၈၉ ခုနှစ် နိုဝင်ဘာလတွင် ကျင့်သုံးသည်။ ၁၉၉၀ စက်တင်ဘာလ ၂ ရက်တွင် ဥပဒေအရ သက်ရောက်မှုရှိသည်။ အပိုင်း ၃၈။ ၁၉၉၁ ခုနှစ်တါင် မြန်မာနိုင်ငံမှ အဖွဲ့ဝင် ဖြစ်သွားသည်။

206 ၂၀၀၂ ခုနှစ် ဇူလိုင်လတွင် မြန်မာနိုင်ငံ နိုင်ငံတော်အေးချမ်းသာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ လူ့အခွင့်အရေးစောင့်ကြည့်ရေးအား ကာကွယ်ရေးဝန်ဆောင်မှုအက်ဥပဒေ အပိုဒ် ၆၅ အရ ကလေးများအား စုဆောင်းခြင်းကို စစ်ခုံရုံးတင်နိုင်ပြီး ထောင်ဒဏ် ခုနစ်နှစ် ကျခံရနိုင်ကြောင်း စာရေးအသိပေးခဲ့ပါသည်။ နယူးယောက်မြို့ ပြည်ထောင်စု မြန်မာနိုင်ငံ ကမ္ဘာ့ကုလသမဂ္ဂ အမြဲတမ်းကိုယ်စားလှယ်မှ လူ့အခွင့်အရေးစောင့်ကြည့်ရေးအား ရေးသည့်စာ၊ ၂၀၀၂ ခုနှစ် မေလ ၈ ရက်။

207 လူ့အခွင့်အရေးစောင့်ကြည့်ရေး တွေ့ဆုံမေးမြန်းပွဲ F.Z., မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်။

208 ICRC, *Customary International Humanitarian Law*, စည်းမျဉ်း ၅၃။ လုပ်ထုံးလုပ်နည်း ၂၊ အပိုင်း ၁၄ ကို ကိုးကားသည်။

209 အထက်ပါအတိုင်း။ စည်းမျဉ်း ၅၄၊ စည်းမျဉ်း ၂။ အပိုင်း ၁၄ ကိုးကားထားသည်။

210 အထက်ပါအတိုင်း။ စည်းမျဉ်း ၅၅၊ စည်းမျဉ်း ၂။ အပိုင်း ၁၈ (၂) ကိုးကားထားသည်။ UN Guiding Principles on Internal Displacement, U.N. Doc. E/CN.4/1998/53/Add.2 (1998), noted in Comm. Hum. Rts. res. 1998/50, စည်းမျဉ်း ၂၅ ကို လည်း ကြည့်ပါ။ (သက်ဆိုင်ရာအာဏာပိုင်များမှ လူသားချင်းစာနာမှုဆိုင်ရာအထောက်အကူများကို လွတ်လပ်စွာ သွားခွင့်ပေး၍ အကူအညီပေးပြီး ဤသို့ အထောက်အကူပေးရာတွင် ပါဝင်သူများအား ပြည်တွင်း အိုးအိမ်မဲ့သူများထံ လျင်မြန်စွာ အတားအဆီးမရှိသွားရောက်နိုင်ခွင့် ပေးရမည်။")။

ဆိုင်ရာ ကယ်ဆယ်ရေးဝန်ထမ်းများ လွတ်လပ်စွာသွားလာနိုင်စေဖို့လိုပြီး စစ်ရေးအရ လိုအပ်မှသာလျှင် ၎င်းတို့၏ သွားလာလှုပ်ရှားမှုများကို ယာယီ ကန့်သတ်ထားရပါမည်။ [211]

နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေကို တမင်ချိုးဖောက်သူများ သို့မဟုတ် မဆင်မခြင် ကြီးလေးစွာ ချိုးဖောက်သူများတွင် စစ်တွင်းရာဇဝတ်မှုများအတွက် တာဝန်ရှိပါသည်။ [212] ၎င်းတို့အထဲတွင် အရပ်သားများအား ခွဲခြားခြင်းမရှိဘဲ တမင်တိုက်ခိုက်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လိင်အရ အကြမ်းဖက်ခြင်း၊ ကလေးစစ်သားများ သုံးခြင်းနှင့် ပဋိပက္ခဒေသများတွင် မတော်မတရားပြုကျင့်ပြီး အဓမ္မစေခိုင်းခြင်းများ ပါဝင်သည်။ စစ်ရာဇဝတ် ကျူးလွန်ရန် ကြိုးပမ်းမှု၊ စစ်ရာဇဝတ်မှုတွင် အထောက်အကူပေးခြင်း၊ ပါဝင်ကူညီခြင်းတို့ကြောင့်လည်း လူပုဂ္ဂိုလ်များတွင် ရာဇဝတ်ဒဏ်ခံရနိုင်ပါသည်။ တပ်ရင်းမှူးများနှင့် အရပ်သားခေါင်းဆောင်များသည်လည်း စစ်ရာဇဝတ်မှုများကို သိပြီး သို့မဟုတ် သိသင့်ပြီး တားဆီးရန် သို့မဟုတ် တာဝန်ရှိသူများအား တာဝန်ယူစေရာတွင် လုံလောက်သည့် အတိုင်းအတာအထိဆောင်ရွက်ခြင်းမရှိလျှင် တပ်ရင်း၏တာဝန်အဖြစ် စစ်ရာဇဝတ်များအတွက် အရေးယူခံရနိုင်ပါသည်။ [213]

ပြည်တွင်းအိုးအိမ်မဲ့ဖြစ်ခြင်းအပေါ် ကုလသမဂ္ဂ လမ်းညွှန်စည်းမျဉ်းများတွင် ပြည်တွင်းအိုးအိမ်မဲ့သူများအတွက် အစိုးရများ၏တာဝန်ဆိုင်ရာ လိုက်နာရမည့် အဆင့်အတန်းများ သတ်မတ် ပေးထားသည်။ ၎င်းစည်းမျဉ်းများအရ အာဏာပိုင်များမှ အိုးအိမ်မဲ့သူများအား "အနည်းဆုံးအနေနှင့်" မရှိမဖြစ်လိုအပ်သည့် အစာနှင့် အန္တရာယ်ကင်းသည့် ရေ၊ အခြေခံအိုးအိမ်၊ သင့်တော်သည့် အဝတ်အစားနှင့် မရှိမဖြစ်လိုအပ်သည့် ဆေးဖက်ဆိုင်ရာ ဝန်ဆောင်မှုများနှင့် သန့်ရှင်းမှုများ ပေးရမည်ဖြစ်ပါသည်။ [214]

[211] ICRC, *Customary International Humanitarian Law*, စည်းမျဉ်း ၅၆၊ လုပ်ထုံးလုပ်နည်း ၁၊ အပိုင်း ၇၁(၃)။

[212] အထက်ပါအတိုင်း။ စာမျက်နှာ ၅၅၄။

[213] အထက်ပါအတိုင်း။ စည်းမျဉ်း ၁၅၃။

[214] ပြည်တွင်းအိုးအိမ်မဲ့မှုအပေါ် ကုလသမဂ္ဂ လမ်းညွှန်စည်းကမ်းများ၊ စည်းမျဉ်း ၁၈။

# ၆။ အကြံပြုချက်များ

## မြန်မာအစိုးရထံသို့

- မြန်မာစစ်အင်အားစုများ နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာဥပဒေနှင့်အညီ ဆောင်ရွက်မှုရှိစေရန် လိုအပ်သည့်အဆင့်များအားလုံးကို လုပ်ဆောင်ရန်၊ အထူးသဖြင့် အရပ်သားများနှင့် အရပ်သား ပိုင်ဆိုင်မှုများအား ထိခိုက်မှု နည်းပါးအောင် ဆောင်ရွက်ရန်။
- အရပ်သားများအပေါ် တမင် သို့မဟုတ် ခွဲခြားခြင်းမရှိဘဲ တိုက်ခိုက်ခြင်းများ၊ ဥပဒေပြင်ပမှ သတ်ဖြတ်ခြင်းများ၊ မုဒိန်းမှုနှင့် အခြားသော လိင်အရအကြမ်းဖက်မှုများ၊ ညှဉ်းပမ်းနှိပ်စက်မှု၊ ပေါ်တာများ တရားမဝင် အသုံးပြုခြင်း၊ ကလေးစစ်သားများ အသုံးပြုခြင်းနှင့် လုယက်ဖျက်ဆီးခြင်းများအပါအဝင် - စစ်ဥပဒေချိုးဖောက်မှုများအကြောင်း အယုံကြည်စိတ်ချရသည့်စွပ်စွဲချက်များရှိပါက စုံစမ်းစစ်ဆေးရန်နှင့် တာဝန်ရှိသူများအား ရာထူးအဆင့်တို့အား ငဲ့ညှာခြင်းမရှိဘဲ သင့်တော်စွာ အရေးယူရန်။
- ကချင်ပြည်နယ်နှင့် နိုင်ငံ၏အခြားသောနေရာများတွင် လက်နက်ကိုင် ပဋိပက္ခများတွင် ပါဝင်နေသူ အားလုံးမှ နိုင်ငံတကာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေများ ချိုးဖောက်သည်ဟု စွပ်စွဲခံရမှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးရန် သီးခြားနိုင်ငံတကာ ယန္တရားတစ်ခု ပေါ်ပေါက်ရေးအတွက် ထောက်ခံရန်။
- စံချိန်မီ အကာအကွယ်ပေးမှု မြှင့်တင်မှုနှင့် နည်းပညာထောက်ပံ့မှု ရပိုင်ခွင့်ရှိသည့် ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးရုံး (OHCHR) မြန်မာနိုင်ငံတွင် တည်ထောင်မှုကို တောင်းခံရန်။
- ကမ္ဘာ့ကုလသမဂ္ဂ၊ ပြည်တွင်းနှင့် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများအား ပြည်တွင်းအိုးအိမ်မဲ့ဖြစ်နေသူများရှိရာဒေသများ အားလုံးသို့ အန္တရာယ်ကင်းစွာ အတားအဆီးမဲ့ ရေရှည် သွားရောက်ခွင့်ပေးရန်နှင့် ဆင်းရဲသည့်အရပ်သားများကို ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် အဆုံးတွင် တိုးတက်ဖွံ့ဖြိုးရေးအထောက်အပံ့များ ပေးခွင့်ပြုရန် လူသားချင်းစာနာမှုအဖွဲ့အစည်းများနှင့် ရေရှည် ဂတိခံဝန်ချက်ပြုရန်။
- အိုးအိမ်မဲ့သူများနှင့် ဒုက္ခသည်များအား နေရပ်ပြန်ပို့ရာတွင် နိုင်ငံတကာအဆင့်အတန်းနှင့်အညီ မိမိဆန္ဒအလျောက် ပြန်ပို့ပြီး ပြန်လာကြသူများ၏ လုံခြုံရေးနှင့် ဂုဏ်သိက္ခာကို ဂရုပြုပြီး ပြန်ပို့ရန်။ မိုင်းအန္တရာယ်ပညာပေး၊ မိုင်းများရှိနေသည့်နေရာများအား စည်းခြားသတ်မှတ်ခြင်းနှင့် မိုင်းများအား လူသားခြင်းစာနာမှုဆိုင်ရာ အလျင်အမြန်ဖြုတ်ခြင်းစသည့် လူသေစေသည့် မိုင်းများဆိုင်ရာ လုပ်ရှားမှုကိစ္စများအတွက် အထူးဂရုပြုမှုပေးရန်။ ရွာပုန်းရွာရှောင်လူထုနှင့် တိုင်ပင်ပြီး ပြန်ပို့ရန်နှင့် ပြန်လည်းပူးပေါင်းရန် တာရှည်ခံသည့် အဖြေများရှာရန်နှင့် မူရင်းရွာများအပြင် အခြား နေရာများတွင် နေရာချပေးသင့်ပါသည်။
- လုံခြုံရေးတပ်များမှ မတော်မတရားပြုကျင့်မှုကို ခံရသူများအား လုံလောက်သည့် လျော်ကြေး အလျင်အမြန်ပေးရန် ယန္တရားတစ်ခုထူထောင်ရန်။
- ကချင်ပြည်နယ်နှင့် အခြားသောဒေသများတွင် တိုင်းရင်းသား လက်နက်ကိုင် ပဋိပက္ခများနှင့် ပတ်သက်သော ရာဇဝတ်မှုများအပေါ် တရားစွဲခံရသူများအားလုံး သီးခြားရပ်တည်ကာ ကျွမ်းကျင်ပြီး ဘက်မလိုက်သည့် တရားရုံးများတွင် အမှုရင်ဆိုင်စေရန်။ အရပ်သားများအား အရပ်သားတရားရုံးတွင်သာ အရေးယူရန်။

- မြန်မာနိုင်ငံဥပဒေနှင့်အညီ အသက် ၁၈ နှစ်အောက် ကလေးများအား အသုံးပြုခြင်း လက်နက်ကိုင် အင်အားစုများမှ ချက်ချင်း ရပ်စဲရန်။
- လူသားချင်းစာနာမှုဆိုင်ရာ မိုင်းရှင်းသည့် အစီအစဉ်များ စတင်လုပ်ဆောင်ပြီး မြေမြုပ်မိုင်းဒဏ် ခံရသူများ အား ထောက်အကူများ တိုးမြှင့်ပေးရန်။
- လက်နက်ကိုင်ပဋိပက္ခဒေသများတွင် အဓမ္မအထမ်းသမားသုံးသည့်အလေ့အထကို အဆုံးသတ်ရန် လိုအပ် သည့် အဆင့်အားလုံးလုပ်ဆောင်ရန်။ တပ်မတော်မှ လုပ်ခမဲ့ သို့မဟုတ် ပဋိပက္ခဒေသများတွင် အထမ်းသမားများအဖြစ် အဓမ္မစေခိုင်းထားသည့် အရပ်သားများအား ချက်ချင်းလွှတ်ပေးရန်။ အထမ်းသမား အဖြစ် အဓမ္မစေခိုင်းခံရသူများအားလုံး၏ ကံကြမ္မာ သို့မဟုတ် လက်ရှိတည်နေရာတို့ အပါအဝင် သတင်း အချက်အလက်များ ကိုစုဆောင်းရန် နိုင်ငံတကာ အလုပ်သမား (ILO) အဖွဲ့အစည်း နှင့် ပူးပေါင်း ဆောင်ရွက်ပြီး ဤ သတင်းအချက်အလက်များကို ၎င်းတို့၏ မိသားစုများအား ပေးရန်။
- ကလေးစစ်သားများ အသုံးပြုခြင်းနှင့်ပတ်သက်ပြီး သိရှိရန်၊ ကြားဖြတ်ဝင်ရောက်ဆောင်ရွက်ရန်၊ ပြန်လည် ပူးပေါင်းရန်၊ စောင့်ကြည့်ရန်နှင့် အတည်ပြုရန် ခွင့်ပြုသည့် ပူးတွဲဆောင်ရွက်မှုအစီအစဉ် တစ်ရပ်အတွက် ညှိနှိုင်းဆောင်ရွက်ရန် KIA အပါအဝင် အစိုးရနှင့် မသက်ဆိုင်သည့် အခြားသော လက်နက်ကိုင် အုပ်စုများ ထိန်းချုပ်ထားသည့် ဒေသများသို့ သွားရောက်ခွင့်ကို ILO နှင့် လက်နက်ကိုင် ပဋိပက္ခတွင် ပါဝင်နေသော ကလေးများဆိုင်ရာ ကုလသမဂ္ဂ နိုင်ငံ ဆောင်ရွက်ချက် အင်အားစု (United Nations Country Task Force on Children in Armed Conflict) တို့အား ပေးရန်။
- စစ်ရုံး၏ ဒေသခံစစ်တပ်များအတွက် ၁၉၉၈ ခုနှစ် စီးပွားရေး ကိုယ်ထူကိုယ်ထမူဝါဒကို ဖျက်သိမ်းရန် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးတစ်ရပ် ခေါ်ရန်။
- ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားသော ရက်စက်ပြီး လူသားမဆန်သည့် သို့မဟုတ် ဂုဏ်သိက္ခာ ကျဆင်းစေသည့် ဆက်ဆံရေး သို့မဟုတ် အပြစ်ဒဏ်ကိုဆန့်ကျင်သည့် ပဋိညာဉ်၊ ကလေးများ လက်နက်ကိုင် ပဋိပက္ခတွင် ပါဝင်မှုဆိုင်ရာ စိတ်ကြိုက် လုပ်ထုံးလုပ်နည်း၊ အဓမ္မခိုင်းစေမှု ဖျက်သိမ်းရေးနှင့် ပတ်သက်ပြီး ILO သဘောတူညီချက် အမှတ် ၁၀၅၊ အဆိုးဆုံးပုံစံဖြင့်ကလေးလုပ်အား ရယူခြင်းအား တားမြစ်ခြင်းနှင့် ပပျောက်ရေးအတွက် ချက်ချင်းဆောင်ရွက်ခြင်းဆိုင်ရာ ILO သဘောတူညီချက် အမှတ် ၁၈၂ နှင့် နိုင်ငံတကာ ရာဇဝတ်မှုတရားရုံးဆိုင်ရာ ရောမ ပြဋ္ဌာန်းချက်တို့ကို အတည်ပြုရန်။
- နိုင်ငံတကာဥပဒေကိုချိုးဖောက်ပြီး ကလေးများအား စုဆောင်းခြင်းနှင့် အသုံးပြုခြင်းအတွက် ရာဇဝတ်မှု ဆိုင်ရာ ပိတ်ပင်တားဆီးချက်များပြုလုပ်ရန်။

# မြန်မာလွှတ်တော်ထံသို့

- နိုင်ငံရှိ တိုင်းရင်းသား လက်နက်ကိုင် ပဋိပက္ခများတွင် ပါဝင်သူအားလုံးမှ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲထား သည့် နိုင်ငံတကာလူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာဥပဒေ ချိုးဖောက်မှုများအား စုံစမ်းစစ်ဆေး ရန် သီးခြား နိုင်ငံတကာ ယန္တရားတစ်ရပ် ထောက်ပံ့ရန် ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ရန် အစိုးရအား တောင်းဆိုရန်။
- လက်နက်ကိုင်အင်အားစုများ၏ ရသုံးငွေများကို သီးခြားတည်ရှိကာ ပွင့်လင်းသည့် အများသိ စရင်းစစ်မှုများ ပြုလုပ်ရန်။
- လူသတ်မိုင်းဗုံးများ အသုံးပြုခြင်း၊ စုဆောင်းခြင်း၊ ထုတ်လုပ်ခြင်းနှင့် လွှဲပြောင်းခြင်းအား တားမြစ်မှုနှင့် ဖျက်ဆီးခြင်းဆိုင်ရာ သဘောတူညီချက်အား အလျင်အမြန် လက်မှတ်ထိုးရန် နိုင်ငံတော်သမ္မတအား တိုက်တွန်းသည့် ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ရန်။

- အမျိုးသားလူ့အခွင့်အရေးကော်မရှင်အား သီးခြားရပ်တည်ပြီး ထိရောက်သည့် အဖွဲ့အစည်းတစ်ရပ် ဖြစ်စေရန်အတွက် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများအတွက် ပဲရစ် စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီစေရန် ဥပဒေချမှတ်ရန်။

## မြန်မာစစ်ဦးစီးချုပ်ထံသို့

- မြန်မာစစ်အင်အားစုများမှ စစ်ဥပဒေချိုးဖောက်မှုများ ရပ်စဲစေရန် လိုအပ်သည့် ဆောင်ရွက်ချက်အားလုံး လုပ်ဆောင်ရန်၊ အထူးသဖြင့် အရပ်သားများအပေါ် တမင် သို့မဟုတ် ခွဲခြားခြင်းမရှိဘဲ တိုက်ခိုက်ခြင်းများ၊ ဥပဒေပြင်ပမှ သတ်ဖြတ်ခြင်းများ၊ မုဒိန်းမှုနှင့် အခြားသော လိင်အရအကြမ်းဖက်မှုများ၊ ညှဉ်းပမ်းနှိပ်စက်မှု၊ ပေါ်တာများ တရားမဝင် အသုံးပြုခြင်း၊ ကလေးစစ်သားများ အသုံးပြုခြင်းနှင့် လုယက်ဖျက်စီးခြင်းများအား ရပ်စဲရန်။
- စစ်ဥပဒေချိုးဖောက်မှုများနှင့်ပတ်သက်ပြီး ခိုင်လုံသည့် စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးရန် ပူးပေါင်းဆောင် ရွက်ပြီး တာဝန်ရှိသူများအား ရာထူး၊ အဆင့်အတန်းခွဲခြားခြင်းမရှိဘဲ အရေးယူရာတွင် ပူးပေါင်း ဆောင်ရွက်ရန်။
- မြန်မာနိုင်ငံ လက်နက်ကိုင်ပဋိပက္ခများတွင်ပါဝင်နေသူများအားလုံးက ကျူးလွန်ခဲ့သည်ဟု စွပ်စွဲထားသည့် နိုင်ငံတကာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးရန် သီးခြား နိုင်ငံတကာ ယန္တရားတစ်ခု ထောက်ပံ့ရန်။
- တိုက်ပွဲဖြစ်ရာ ဒေသများတွင် အရပ်သားပေါ်တာများအသုံးပြုသည့်အလေ့အထကို ချက်ချင်းရပ်စဲပြီး ဤလုပ်ရပ်များ ရှိမရှိကို သီးခြားအတည်ပြုခြင်း လုပ်ဆောင်နိုင်ရန်ကို အခွင့်ပေးရန်။
- ၁၉၉၉ ခုနှစ်နှင့် သက္ကရာဇ် ၂၀၀၀ တွင် ထုတ်ပြန်ခဲ့သည့် အမိန့်များ - အမိန့် အမှတ် ၁/၉၉ နှင့် ၁/၉၉ အား ဖြည့်စွက်သည့် အမိန့်တို့နှင့်အညီ အရပ်သားများအား အဓမ္မလုပ်အားပေးစေသည့် အလေ့အထကို ချက်ချင်း ရပ်စဲရန်။
- လူသားချင်းစာနာမှုဆိုင်ရာ မိုင်းရှင်းလင်းရေး အစီအစဉ် စတင်ပြီး မြေမြှုပ်မိုင်းဒဏ် ခံရသူများအား အထောက်အပံ့များ တိုးမြင့်ပေးရန်။
- တပ်ရင်းမှူးများမှ လက်အောက်ခံယော်သားများအား လုပ်ခများ မပေးဘဲ၊ စစ်ဖက်ဆိုင်ရာ ဝန်ထမ်းများအား အရပ်သားများ၏ ပိုင်ဆိုင်မှုများအား လုယက်ဖျက်ဆီးပြီး မိမိတို့ အသက်ရှင်နေထိုင်ရေးအတွက် သုံးနေသည်ဟူသည့် စွပ်စွဲချက်များအား ချက်ချင်း စုံစမ်းစစ်ဆေးရန်။
- စစ်တပ်၏ ရသုံးငွေစာရင်းများကို ပွင့်ပွင့်လင်းလင်း ပါလီမန်သို့ ပေးရန်။

## အမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံသို့

- ကချင်ပြည်နယ်နှင့် နိုင်ငံ၏အခြားသောဒေသများတွင် လက်နက်ကိုင် ပဋိပက္ခများတွင် ပါဝင်နေသူ အားလုံးမှ နိုင်ငံတကာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေများ ချိုးဖောက်သည်ဟု စွပ်စွဲခံရမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးရန် သီးခြားနိုင်ငံတကာ ယန္တရားတစ်ခု ပေါ်ပေါက်ရေးအတွက် ထောက်ခံပြီး အတူလုပ်ကိုင်ရန်။
- နိုင်ငံတစ်ဝှမ်းနှင့် အထူးသဖြင့် တိုင်းရင်းသား ပဋိပက္ခနေရာများတွင် ကြီးလေးသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများရှိကြောင်း ခိုင်လုံသည့်စွပ်စွဲချက်များအတွက် ဘက်မလိုက်သည့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန်။

- ကော်မရှင်အား သီးခြားရပ်တည်ပြီး ထိရောက်သည့် အဖွဲ့အစည်းတစ်ရပ် ဖြစ်စေရန်အတွက် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများအတွက် ပဲရစ် စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီစေရန် ဥပဒေချမှတ်ရေးထောက်ပံ့ရန်။

## ကချင်လွတ်မြောက်ရေးအဖွဲ့အစည်းထံ

- ကချင်ပြည်နယ် လက်နက်ကိုင် ပဋိပက္ခများတွင် ပါဝင်နေသူ အားလုံးမှ နိုင်ငံတကာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေများ ချိုးဖောက်သည်ဟု စွပ်စွဲခံရမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးရန် သီးခြားနိုင်ငံတကာ ယန္တရားတစ်ခုနှင့်အတူပူးပေါင်းလုပ်ကိုင်ရန်။
- KIA အင်အားစုများမှ နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေကို လိုက်နာစေရန် လိုအပ်သည့် အဆင့်များ အားလုံးလုပ်ဆောင်ရန်၊ အထူးသဖြင့် အရပ်သားများနှင့် အရပ်သားပိုင်ဆိုင်မှုများအား နည်းပါးအောင်ပြုလုပ်ပြီး ဖမ်းဆီးမိသည့် ရန်သူတိုက်ပွဲဝင်စစ်သားများအား လူသားဆန်ဆန် ဆက်ဆံရန်။
- လူသေစေသည့် မြေမြှုပ်မိုင်းများ နှင့် ကလေးစစ်သားများအသုံးပြုခြင်း အပါအဝင် - စစ်ဥပဒေ ချိုးဖောက်မှုများအကြောင်း ယုံကြည်စိတ်ချရသည့်စွပ်စွဲချက်များရှိပါက စုံစမ်းစစ်ဆေးရန်နှင့် တာဝန်ရှိသူများအား ရာထူးအဆင့်တို့အား ငဲ့ညှာခြင်းမရှိဘဲ သင့်တော်စွာ အရေးယူရန်။ KIA အင်အားစုများ၏ မတော်မတရားပြုကျင့်ခံရသူများအားလုံးအား လုံလောက်သည့် လျော်ကြေး အလျင်အမြန်ပေးရန်။
- ကမ္ဘာ့ကုလသမဂ္ဂနှင့် လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများအား KIO ထိန်းချုပ်မှု အောက်ရှိ ပြည်တွင်းအိုးအိမ်မဲ့ဖြစ်နေသူများရှိရာဒေသများ အားလုံးသို့ အန္တရာယ်ကင်းစွာ အတား အဆီးမဲ့ ရေရှည် သွားရောက်ခွင့်ပေးရန်နှင့် ဆင်းရဲသည့်အရပ်သားများကို ကယ်ဆယ်ရေး၊ ပြန်လည် ထူထောင်ရေးနှင့် အဆုံးတွင် တိုးတက်ဖွံ့ဖြိုးရေးအထောက်အပံ့များ ပေးခွင့်ပြုရန် လူသားချင်းစာနာမှု အဖွဲ့အစည်းများနှင့် ရေရှည် ဂတိခံဝန်ချက်ပြုရန်။
- မြန်မာနိုင်ငံဥပဒေနှင့် KIO စည်းမျဉ်းစည်းကမ်းများအရ အသက် ၁၈ နှစ်အောက် ကလေးများအား KIA တိုက်ပွဲများတွင် ပါဝင်မှုရပ်စဲရန်။
- လူသားချင်းစာနာမှုဆိုင်ရာ မိုင်းရှင်းလင်းရေး အစီအစဉ် စတင်ပြီး မြေမြှုပ်မိုင်းဒဏ်ခံရသူများအား အထောက်အပံ့များ တိုးမြှင့်ပေးရန်။
- အိုးအိမ်မဲ့သူများနှင့် ဒုက္ခသည်များအား နေရပ်ပြန်ပို့ရာတွင် နိုင်ငံတကာအဆင့်အတန်းနှင့်အညီ မိမိဆန္ဒအလျောက် ပြန်ပို့ပြီး ပြန်လာကြသူများ၏ လုံခြုံရေးနှင့် ဂုဏ်သိက္ခာကို ဂရုပြုပြီး ပြန်ပို့ရန်။ မိုင်းအန္တရာယ်ပညာပေး၊ မိုင်းများရှိနေသည့်နေရာများအား စည်းခြားသတ်မှတ်ခြင်းနှင့် မိုင်းများအား လူသားခြင်းစာနာမှုဆိုင်ရာ အလျင်အမြန်ဖြုတ်ခြင်းစသည့် လူသေစေသည့် မိုင်းများဆိုင်ရာ လုပ်ရှားမှုကိစ္စများအတွက် အထူးဂရုပြုမှုပေးရန်။ အိုးအိမ်မဲ့လူထုနှင့် တိုင်ပင်ပြီး ပြန်ပို့ရန်နှင့် ပြန်လည်ပူးပေါင်းရန် ရေရှည်ခံသည့် အဖြေများရှာရန်နှင့် မူရင်းရွာများအပြင် အခြား နေရာများတွင် နေရာချပေးသင့်ပါသည်။

## နိုင်ငံတကာ လူသားချင်းစာနာမှုအဖွဲ့အစည်းများနှင့် အလှူရှင်အသိုင်းအဝိုင်းထံ

- ဒေသခံ လူမှုအသိုင်းအဝိုင်းအခြေပြုအဖွဲ့အစည်းများ - အထူးသဖြင့် တိုင်းရင်းသား ပဋိပက္ခဒေသများနှင့် တိုက်ရိုက် အဆက်အသွယ်ရှိသူများ၏ အထောက်အပံ့နှင့် ပူးပေါင်းဆောင်ရွက်မှုအား တိုးချဲ့ရန်။

- မြန်မာအစိုးရနှင့် တိုင်းရင်းသား ဆန့်ကျင်ရေးအုပ်စုများထံမှ တိုင်းရင်းသားပဋိပက္ခဒေသများအားလုံးသို့ လူသားချင်းစာနာမှုဆိုင်ရာလုပ်ငန်းများ ပိုမိုသွားလာနိုင်ရေးကို ဆက်လက်ပြီး တောင်းဆိုရန်။
- အထူးသဖြင့် စစ်ဥပဒေများနှင့် လူသားချင်းစာနာမှုဆိုင်ရာဆိုင်ရာအရာ လွတ်လပ်စွာ သွားလာနိုင်ရေး နှင့်ပတ်သက်ပြီး မြန်မာအစိုးရနှင့် KIO တို့အား နိုင်ငံတကာ ဥပဒေဆိုင်ရာ ဝတ္တရားများနှင့်အညီ ဆောင်ရွက်ဖို့ ဖိအားပေးရန်။
- အထူးသဖြင့် မြန်မာနိုင်ငံတိုင်းရင်းသားပဋိပက္ခဒေသများတွင် လိင်အရမတော်မတရားပြုကျင့်မှု ခံရသူများအား မျိုးပွားမှုနှင့် လိင်ရေးရာဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုများပေးရန်။
- လူသားချင်းစာနာမှုဆိုင်ရာ မိုင်းရှင်းလင်းရေး အစီအစဉ် စတင်ပြီး မြေမြှုပ်မိုင်းဒဏ်ခံရသူများအား အထောက်အပံ့များ တိုးမြင့်ပေးရန်။

## နိုင်ငံတကာဆိုင်ရာ ကုလသမဂ္ဂအဖွဲ့နှင့် မြန်မာနိုင်ငံအခြေစိုက် ကုလသမဂ္ဂ အဖွဲ့အစည်းများထံသို့

- ဒေသခံ လူထုအခြေပြုအဖွဲ့အစည်းများ - အထူးသဖြင့် တိုင်းရင်းသား ပဋိပက္ခဒေသများနှင့် တိုက်ရိုက် အဆက်အသွယ်ရှိသူများ၏ အထောက်အပံ့နှင့် ပူးပေါင်းဆောင်ရွက်မှု မြင့်တင်ရန်။
- မြန်မာအစိုးရနှင့် တိုင်းရင်းသား ဆန့်ကျင်ရေးအုပ်စုများထံမှ တိုင်းရင်းသားပဋိပက္ခဒေသများအားလုံးသို့ လူသားချင်းစာနာမှုဆိုင်ရာအရ ပိုမိုသွားရောက်နိုင်ရေးကို ဆက်လက်ပြီး တောင်းဆိုရန်။
- အထူးသဖြင့် စစ်ဥပဒေများနှင့် လူသားချင်းစာနာမှုဆိုင်ရာအရ သွားရောက်နိုင်ရေးနှင့်ပတ်သက်ပြီး မြန်မာ အစိုးရနှင့် KIO တို့အား နိုင်ငံတကာ ဥပဒေဆိုင်ရာ ဝတ္တရားများနှင့်အညီ ဆောင်ရွက်ဖို့ ဖိအားပေးရန်။
- တိုင်းရင်းသား ပဋိပက္ခဒေသများအပါအဝင် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေများအား ပုံမှန် စနစ်တကျ စောင့်ကြည့်ပြီး အစီရင်ခံမှု စတင်ရန်။
- အရပ်သားများအား ပေါ်တာအဖြစ် ဥပဒေမဲ့အသုံးပြုခြင်း အပါအဝင် အတင်းအကြပ်စေခိုင်းမှုများဆိုင်ရာ အဖြစ်အပျက်များ သို့မဟုတ် သတင်းအချက်အလက်များအား ILO ထံ အစီရင်ခံရန်။

## နိုင်ငံတကာအလုပ်သမားအဖွဲ့အစည်းထံသို့

- ပဋိပက္ခဒေသများတွင် အတင်းအကြပ်စေခိုင်းမှုနှင့် ကလေးစစ်သားများ စုဆောင်း အသုံးပြုခြင်းကို စောင့်ကြည့်ရန် ရန်ကုန်ပြင်ပရှိ လုပ်ရှားမှုများအား တိုးမြင့် ဆောင်ရွက်ရန်။
- တိုင်ကြားသူများအတွက် ဥပဒေအရ အလျော်ပေးမှုအပါအဝင် (၂၀၀၇) ခုနှစ် အဓမ္မစေခိုင်းမှု တိုင်ကြားချက်များအားနားလည်မှု ဖြည့်စွက်ချက် (Supplementary Understanding Forced Labour Complaints Mechanism) အား ထိရောက်စွာ အသုံးပြုခြင်းနှင့် အဓမ္မစေခိုင်းမှု အမျိုးမျိုးအား စောင့်ကြည့်ပြီး အစီရင်ခံသည့် ယန္တရားအား ပိုမိုကောင်းမွန်စေရေးအတွက် မြန်မာနိုင်ငံတွင် ILO လုပ်ငန်းလည်ပတ်မှု ခိုင်မာစေရန်။
- အန္တရာယ်ကင်းစွာ ပြန်ရောက်ရှိရေး၊ ဥပဒေအရ လျော်ကြေးရရေးနှင့် လက်စားချေခြင်းမှ အကာအကွယ်ပေးခြင်း အပါအဝင် အဓမ္မစေခိုင်းခံရသူပေါ်တာများနှင့် ကလေးစစ်သားများအား လူထုအခြေပြုအဖွဲ့အစည်း အုပ်စုများနှင့် မိသားစုများမှ အကူအညီပေးရာတွင် ပံ့ပိုးရန်။
- ပဋိညာဉ် အမှတ် ၁၀၅ နှင့် အမှတ် ၁၈၂ တို့အား ချက်ချင်း အတည်ပြုရေးအတွက် အစိုးရအား ဖိအား ပေးရန်။

## ဩစတြေးလျ၊ တရုတ်၊ ရုရှ၊ အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂနှင့် ဂျပန်နှင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ အစိုးရများထံသို့

- စစ်ဆင်ရေးကာလများတွင် နိုင်ငံတကာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေ ချိုးဖောက်မှုများကို အဆုံးသတ်ရန်၊ မြန်မာအစိုးရနှင့် လက်နက်ကိုင်အင်အားစုများအား လူသိရှင်ကြားရော လျှို့ဝှက်နည်းများဖြင့်ပါ တောင်းဆိုရန်။
- မြန်မာနိုင်ငံ လက်နက်ကိုင်ပဋိပက္ခများတွင် ပါဝင်နေသူ အားလုံးမှ နိုင်ငံတကာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေများ ချိုးဖောက်သည်ဟု စွပ်စွဲခံရမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးရန် သီးခြားနိုင်ငံတကာ ယန္တရားတစ်ခု ပေါ်ပေါက်ရေးအတွက် ထောက်ခံရန်။
- စံချိန်မီ ကာကွယ်မှု၊ မြှင့်တင်မှုနှင့် နည်းပညာထောက်ပံ့မှု ရပိုင်ခွင့်ရှိသည့် ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးရုံး မြန်မာနိုင်ငံတွင် တည်ထောင်မှုကို ထောက်ခံရန်။
- လုံခြုံရေးတပ်များမှ မတော်မတရားပြုကျင့်မှုကို ခံရသူများအား လုံလောက်သည့် လျော်ကြေး အလျင်အမြန်ပေးရန် ပြည်တွင်းယန္တရားတစ်ခုထူထောင်ရေး မြန်မာအစိုးရအား ဖိအားပေးရန်။
- အစိုးရနှင့် ကချင်ပြည်နယ်၊ ရှမ်းပြည် မြောက်ပိုင်း KIA ထိန်းချုပ်ထားသည့် ဒေသများနှင့် ပြည်သူများအပေါ် အန္တရာယ်ကျရောက်နေသည့် နိုင်ငံ၏အခြားဒေသများသို့ ပြည်တွင်းနှင့် နိုင်ငံတကာ လူသားချင်းစာနာမှု အဖွဲ့အစည်းများမှ သွားရောက်ရန်အကူအညီပေးရေးအတွက် လူသိရှင်ကြား တောင်းဆိုရန်။
- တိုင်းရင်းသား ပဋိပက္ခဒေသများတွင် ဘက်မလိုက်ဘဲ အထောက်အကူပေးနေသည့် ဒေသခံနှင့် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် နယ်စပ်ကျော်ပြီး အထောက်အကူ ပေးနေသူများအား ၎င်းတို့လိုအပ်သည့် ထောက်ပံ့မှုပေးရန်။ ဒုက္ခသည်လူထုထံ သွားရောက်ခွင့် အပြည့်အဝပေးရန် မြန်မာအစိုးရနှင့် KIO အား ဖိအားပေးရန်။

# ကျေးဇူးတင်လွှာ

လူ့အခွင့်အရေးစောင့်ကြည့်ရေးအတွက် တိုင်ပင်ခံ Matthew F. Smith မှ ဤအစီရင်ခံစာအတွက် သုတေသနပြုပြီး ရေးသားခဲ့ပါသည်။

လူ့အခွင့်အရေးစောင့်ကြည့်ရေး အာရှဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူး Elaine Pearson၊ အဆင့်မြင့် အာရှဆိုင်ရာ သုတေသီ David Mathieson၊ တရုပ်နိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး Sophie Richardson၊ ဥပဒေရေးရာနှင့် မူဝါဒ ညွှန်ကြားရေးမှူး James Ross နှင့် အစီအစဉ် ဒုတိယညွှန်ကြားရေးမှူး Joseph Saunders တို့မှ တည်းဖြတ်ပါသည်။ စစ်ဆေးသည့်ကျွမ်းကျင်သူများမှာ လက်နက်ဆိုင်ရာဌာနခွဲ ညွှန်ကြားရေးမှူး Steve Goose၊ လက်နက်ဆိုင်ရာဌာနခွဲ အဆင့်မြင့်အကြံပေးအရာရှိ Mary Wareham၊ လက်နက်ဆိုင်ရာဌာနခွဲ အဆင့်မြင့်သုတေသီ Mark Hiznay၊ ကလေးများရပိုင်ခွင့် ဌာနခွဲ အဆင့်မြင့် သုတေသီ Bede Sheppard၊ ကလေးများရပိုင်ခွင့် ဌာနခွဲ ထောက်ခံပြောဆိုမှု ညွှန်ကြားရေးမှူး Jo Becker ၊ အမျိုးသမီးများ ရပိုင်ခွင့် ဌာနခွဲ အာရှသုတေသီ Aruna Kashyapနှင့် စီးပွားရေးနှင့် လူ့အခွင့်အရေးဌာနခွဲ အဆင့်မြင့် သုတေသီ Lisa Misol တို့ ဖြစ်ပါသည်။ အာရှဌာနခွဲတွဲဖက်အရာရှိ Jake Scobey-Thal နှင့် ပုံနှိပ်ထုတ်ဝေရေး ကျွမ်းကျင်သူ Kathy Mills တို့မှ စာစီနှင့် ထုတ်လုပ်မှုပိုင်းဆိုင်ရာ အထောက်အကူများ ပေးပါသည်။

ကျွန်ုပ်တို့ သုတေသနလုပ်ရာတွင် ကူညီသူများနှင့် လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့အား ရက်ရောစွာ အချိန်၊ အင်အားနှင့် အတွေ့အကြုံများ မျှဝေပေးသည့် ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအား အထူးကျေးဇူးတင်ပါသည်။